# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)


၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၄ ရက် | ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ် ၂ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၅၉)၊ အမှတ် (၃၀၄)


# အစိုးရနှင့် NCA-S EAO အလုပ်အဖွဲ့ ညှိနှိုင်းအစည်းအဝေးကျင်းပ


**နေပြည်တော် ဩဂုတ် ၁**

အစိုးရနှင့် NCA-S EAO အလုပ်အဖွဲ့ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ၌ ကျင်းပသည်။

အစည်းအဝေးသို့ အစိုးရကိုယ်စားလှယ်များအဖြစ် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်နှင့် ဒုတိယဗိုလ်ချုပ်ကြီး တင်မောင်ဝင်း၊ ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးလှမောင်ရွှေနှင့် ဦးမိုးဇော်ဦး၊ နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးတို့ တက်ရောက်ကြပြီး NCA-S EAO ကိုယ်စားလှယ်များအဖြစ် NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင် ညှိနှိုင်းရေးအဖွဲ့ခေါင်းဆောင် စဝ်စိုင်းငင်း၊ ညှိနှိုင်းရေးမှူး ဦးမျိုးဝင်း၊ ညှိနှိုင်းရေးအဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးလှဌေး၊ ဒေါက်တာ လျန်မှုန်းဆာခေါင်း၊ ဆလိုင်းထလာဟေး၊ စောစိန်ဝင်း၊ ပဒိုစောတာဒိုမူး၊ ပဒိုစောအယ်ကလူစေး၊ ကြာဆော်လမွန်၊ နိုင်အောင်မငေးနှင့် ခွန်မြင့်ထွန်းတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ– UPDJC နှင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ – JMC အစည်းအဝေးများကို ပြန်လည်ကျင်းပရန် (၈) ကြိမ်မြောက် JICM အစည်းအဝေးတွင် ဆုံးဖြတ်ခဲ့သည့်အတိုင်း

*စာမျက်နှာ ၅ ကော်လံ ၁* ❁



အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး အစိုးရနှင့် NCA-S EAO အလုပ်အဖွဲ့ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

- **(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးကို ဩဂုတ်လ ၁၂၊ ၁၃၊ ၁၄ ရက်တွေမှာ ကျင်းပမယ်လို့ လျာထားခဲ့ပါတယ်။ ပြီးခဲ့တဲ့ ဇူလိုင် ၂၆၊ ၂၇၊ ၂၈၊ ၂၉ ရန်ကုန်မှာ လေးရက်တာကျင်းပပြုလုပ်ခဲ့တဲ့ အလုပ်အဖွဲ့အစည်းအဝေးမှာ ညီလာခံကျင်းပမယ့်ရက်ကို လာမယ့်ဩဂုတ်လ ၁၉၊ ၂၀၊ ၂၁ ရက်တွေမှာ ကျင်းပဖို့ သတ်မှတ်လျာထားခဲ့တယ်။**
- **တစ်ဖက်မှာလည်း နိုင်ငံရေးပါတီတွေအနေနဲ့ ရွေးကောက်ပွဲကျင်းပမယ့်ကာလရှိတဲ့အတွက် ဒီ့ထက်တော့ နောက်ဆုတ်လို့မရဘူး။ နိုင်ငံရေးပါတီတွေအနေနဲ့လည်း ရွေးကောက်ပွဲနဲ့ပတ်သက်တဲ့ စည်းရုံးလှုပ်ရှားမှုတွေ ဆောင်ရွက်ရတဲ့ အနေအထားရှိတဲ့အတွက် ညီလာခံကို ဩဂုတ်လ ၁၉၊ ၂၀ ၊ ၂၁ ရက်တွေမှာ ကျင်းပဖို့ ရှိပါတယ်။ အဲဒါကိုတော့ ပြီးခဲ့တဲ့အစည်းအဝေးမှာ သဘောတူထားတယ်။**

---


အလုပ်အကိုင်အခွင့်အလမ်းသစ်များစွာကို ဖန်တီးဖော်ဆောင်ပေးနိုင်မည့် မြန်မာ–ဂျပန် ရင်းနှီးမြှုပ်နှံမှုဖိုရမ်

*ဆောင်းပါး* စာ ➤ ၆

မြောက်ကိုရီးယားမှာ ပထမဆုံး ကိုဗစ်–၁၉ စတင်တွေ့ရှိမှုနဲ့အတူ ကမ္ဘာတစ်ဝန်း ကိုဗစ်–၁၉ ကူးစက်မှု ၁၇ သန်းကျော်ရှိလာပြီ

*နိုင်ငံတကာရေးရာ* စာ ➤ ၁၄

COVID – 19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁-၈-၂၀၂၀) ရက်နေ့၊ ည(၈:၀၀) နာရီ စာ ➤ ၁၆

မြန်မာ့အလင်း

# ပြည်တွင်းခရီးသွားလုပ်ငန်းမှအစပြု

တစ်ဆက်တစ်စပ်တည်း ရုံးပိတ်ရက် လေးရက်တာ ကာလအတွင်း ပြည်တွင်းခရီးသွားလာမှုများ လှုပ်လှုပ်ရှားရှား ပြန်လည်ဖြစ်ပေါ်လာသည်။ ကိုဗစ် – ၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု တားဆီးကာကွယ်ထိန်းချုပ်ရေးအတွက် အကန့်အသတ်တချို့ ရှိနေသေးသည့်တိုင်အောင် ရောဂါကူးစက်မခံရအောင် နေနည်းထိုင်နည်းများကို ကျွမ်းဝင်လာသည်နှင့်အမျှ အသွားအလာတို့ ပုံမှန်နီးနီးဖြစ်လာသည်။ ဟိုဟိုသည်သည် အလည်အပတ်ခရီးများလည်း ထွက်လာသည်။

ကိုဗစ် – ၁၉ ကပ်ရောဂါ ကျရောက်လာသောအခါ လက်ခံစားစနစ်ဖြင့် ဆောင်ရွက်နေကြသည့် အထည်ချုပ်လုပ်ငန်းများ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများနှင့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ အထိနာကြသည်။ လက်ရှိအခြေအနေတွင်မူ ကူးစက်ရောဂါကာကွယ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်စေပြီး စက်ရုံ အလုပ်ရုံများ ပြန်လည်လည်ပတ်နေကြပြီ။ ပြည်တွင်းခရီးသွားများအတွက် ရည်ရွယ်၍ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရန် တာဆူနေကြပြီဖြစ်သည်။

ပြီးခဲ့သည့်နှစ်က မြန်မာနိုင်ငံသို့ ပြည်ပခရီးသွား လေးသန်းသုံးသိန်းကျော် ဝင်ရောက်ခဲ့ရာ ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါသာ မဖြစ်ခဲ့ပါက ယခုနှစ်တွင်လည်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း အလားအလာကောင်းကို မျှော်လင့်နိုင်သည်။ ကူးစက်ရောဂါကို အကြောင်းပြု၍ နိုင်ငံတကာ ကူးသန်းသွားလာမှုများ ရပ်ဆိုင်းလိုက်ရသည့်အခါ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ အားလုံး မီးခိုးတိတ်ဖြစ်ခဲ့ရသလို ဝန်ထမ်းများ ဆက်လက်ခန့်ထားရေး၊ အခွန်အခနှင့် စရိတ်စကများ ပေးဆောင်နိုင်ရေး စသည်တို့အတွက် လုပ်ငန်းရှင်များ ခေါင်းခဲကြရပြီး နိုင်ငံတော်၏ ကူပံ့မှုနှင့် ဖြေလျှော့ပေးမှုတို့ကြောင့် များစွာသက်သာရာရခဲ့ကြသည်။

ယခုအခါ မိမိတို့နိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါကို အတိုင်းအတာတစ်ရပ်အထိ ထိန်းချုပ်ထားနိုင်ပြီဖြစ်သည့်အလျောက် ပြည်တွင်းစီးပွားရေးလုပ်ငန်းများလည်း ပြန်လည်နိုးထလျက်ရှိနေပြီဖြစ်သည်။ “အခုလို ပြည်ဝင်ခွင့်တွေရပ်ဆိုင်းထားပြီး အကူအညီပေးရေး ခရီးစဉ်များမှအပ နိုင်ငံတကာလေယာဉ်များ ဆိုက်ကပ်ခွင့်ပြန်မပေးသေးတဲ့အချိန်မှာ ဟိုတယ်နဲ့ ခရီးသွားလာရေးလုပ်ငန်းတွေအနေနဲ့ ပြည်တွင်းခရီးသွားလုပ်ငန်းကိုသာ ဦးစွာလုပ်ဆောင်ရမှာဖြစ်ပါတယ်။ ဒီလိုလုပ်ဆောင်ရာမှာ ခရီးသွားရော၊ ဝန်ဆောင်မှုပေးတဲ့ဝန်ထမ်းရော ဘေးကင်းလုံခြုံမှုကို ပထမဦးစားပေးအနေနဲ့ ဆောင်ရွက်ရပါမယ်” ဟူ၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဇူလိုင် ၇ ရက်တွင်ကျင်းပသည့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီအစည်းအဝေး၌ အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည့်အပြင် ပြည်တွင်းခရီးသွားတို့၏ သဘာဝများ၊ မျှော်လင့်ချက်များ၊ သုံးစွဲနိုင်စွမ်းများ စသည်တို့ကို ထည့်သွင်းစဉ်းစားပြီး ပြည်တွင်းခရီးသွားများကို ဆွဲဆောင်နိုင်သည့် ခရီးစဉ်များ စတင်ဆောင်ရွက်ရန် မှာကြားခဲ့သည်။

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် တစ်မူ ထူးခြားသည့် သဘာဝအလှတရားကိုယ်စီနှင့် ယဉ်ကျေးမှုထုံးဓလေ့ကိုယ်စီတို့ရှိကြသည်။ ဒေသအလိုက် ထွက်ကုန်များ၊ အစားအသောက်၊ အဝတ်အထည်၊ အမှတ်တရ ပစ္စည်းများလည်း တစ်မျိုးတစ်ဘာသာစီရှိကြရာ လမ်းပန်းဆက်သွယ်မှုများ တိုးတက်ကောင်းမွန်လာသည်နှင့်အမျှ ပြည်တွင်းခရီးသွားလာမှုတို့ ပိုမိုများပြားအားကောင်းလျက်ရှိသည်။ ထို့အပြင် လူမှုကွန်ရက်များမှတစ်ဆင့် ဖော်ပြမှု၊ မျှဝေမှုများကြောင့် ဒေသအလိုက် ခရီးစဉ်အသစ်များထွက်ပေါ်လာပြီး ခရီးသွားများ၏ စိတ်ဝင်စားမှုများကိုလည်း တွေ့ရှိရသည်။

ပြည်တွင်းခရီးသွားလုပ်ငန်းများမှစတင်၍ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကို ပြန်လည်စတင်လည်ပတ်ခြင်းနှင့်အတူ ကိုဗစ်–၁၉ အလွန်တွင် ဖြစ်ပေါ်လာမည့် ပြည်ပခရီးသွားလုပ်ငန်းများအတွက် ကြိုတင်ပြင်ဆင်နိုင်ကြပါစေကြောင်း။ ။

## ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲဖိတ်ခေါ်

ရန်ကုန် ဩဂုတ် ၁

ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲအား “ရာပြည့်တက္ကသိုလ်မြကျွန်းညို” ဟူသော ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သွားပါမည်။ အဆိုပါပြိုင်ပွဲသို့ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ရန်ကုန်တက္ကသိုလ်၏ ခမ်းနားတင့်တယ်မှု၊ သမိုင်းအစဉ်အလာကြီးမြတ်မှုများ၊ ခေတ်အဆက်ဆက်ပြုပြင်ပြောင်းလဲခဲ့မှုများ၊ ဖွံ့ဖြိုးတိုးတက်မှုများ၊ နိုင်ငံနှင့်လူမျိုးအတွက် အကျိုးပြုပုံရိပ်များ၊ အောင်မြင်ထူးချွန်ထင်ရှားသည့် လူပုဂ္ဂိုလ်များ၊ ထင်ရှားသည့်သင်္ကေတ၊ နေရာဒေသနှင့် အဆောက်အဦများ၊ ရန်ကုန်တက္ကသိုလ် နှစ်ပေါင်း(၁၀၀)အတွင်း ဆောင်ရွက်ခဲ့သည့် လှုပ်ရှားမှုများနှင့် ပွဲတော်ပုံရိပ်များ စသည့်ရန်ကုန်တက္ကသိုလ်၏ အနှစ်သာရကို ဖော်ညွှန်းရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ပါသည်။

ပြိုင်ပွဲစည်းကမ်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) ပြိုင်ပွဲတွင် မြန်မာနိုင်ငံသားမည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်သည်။
(ခ) ဓာတ်ပုံမှာ မြန်မာနိုင်ငံအတွင်း ရိုက်ကူးထားသော ရောင်စုံဓာတ်ပုံဖြစ်ရမည်။
(ဂ) ပြိုင်ပွဲဓာတ်ပုံအရွယ်အစားမှာ (၁၀ လက်မ x ၁၅ လက်မ) အရွယ်အစားတစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်နိုင်ရန်နှင့် ပုံအရေအတွက် အကန့်အသတ်မရှိ ယှဉ်ပြိုင်နိုင်သည်။
(ဃ) မည်သည့်ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်သည်။
(င) ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပြုပြင်ဖန်တီးထားသော ဓာတ်ပုံများနှင့် ပြည်တွင်း ပြည်ပဓာတ်ပုံပြိုင်ပွဲများတွင် ဆုရခဲ့ဖူးသည့် ဓာတ်ပုံများအား ပြိုင်ပွဲသို့ယှဉ်ပြိုင်ခြင်း မပြုရ။
(စ) ပြိုင်ပွဲဝင်ဓာတ်ပုံများသည် ပုံနှိပ်ထုတ်ဝေပြီးသောဓာတ်ပုံများ၊ Website များတွင် အသုံးပြုပြီးသော ဓာတ်ပုံများ မဖြစ်စေရ။
(ဆ) ပြိုင်ပွဲဝင်ဓာတ်ပုံများကို ပေးပို့ရာတွင် ဓာတ်ပုံအရွယ်အစား၊ ၁၀ လက်မ x ၁၅ လက်မ ဓာတ်ပုံ Hard Copy နှင့် Soft Copy (CD) ကို ပူးတွဲပေးပို့ရမည်။
(ဇ) ပြိုင်ပွဲဝင်ဓာတ်ပုံများအား အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုမှတ်တမ်းများ၌ အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်။
(ဈ) ပြိုင်ပွဲဝင်ဓာတ်ပုံတိုင်းတွင် အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဓာတ်ပုံ၏ အကြောင်းအရာ၊ ရိုက်ကူးသည့် နေရာဒေသတို့ကို ဓာတ်ပုံတိုင်း၏ နောက်ကျော၌ သီးခြားစက္ကူဖြင့်ကပ်ပြီး တစ်ပါတည်း ပူးတွဲပေးပို့ရမည်။

ပြိုင်ပွဲတွင် ဆုရရှိသူများအား ပထမဆု ငါးသိန်းကျပ်၊ ဒုတိယဆု သုံးသိန်းငါးသောင်းကျပ်၊ တတိယဆု နှစ်သိန်းကျပ်နှင့် အထူးဆု တစ်သိန်းကျပ်စီ ချီးမြှင့်သွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့၊ ညနေ ၄ နာရီနောက်ဆုံးထား၍ ဦးကျော်ဇင်စိုး၊ ညွှန်ကြားရေးမှူး(ထုတ်လုပ်)၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အမှတ်(၂၂၈)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင် မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁–၈၃၇၁၃၄၂၊ ၀၁–၈၂၀၁၉၃၆ သို့ ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ၎င်းနေ့ထက်ကျော်လွန်၍ ပေးပို့လာသော ဓာတ်ပုံများအား ပြိုင်ပွဲဝင်ဓာတ်ပုံအဖြစ် လက်ခံမည်မဟုတ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်ပဈေးကွက်ဖော်ဆောင်ရန် မြန်မာ့ထွက်ကုန် အွန်လိုင်းအရောင်းပြပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၁

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ မြန်မာအပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာနက ကြီးမှူး၍ Myanmar Online Expo Park ကို ဩဂုတ် ၂၄ ရက်မှ ၃၀ ရက်အထိ ခုနစ်ရက်ကြာ အွန်လိုင်းမှတစ်ဆင့် မြန်မာ့လယ်ယာ ထွက်ကုန်နှင့် စားသောက်ကုန်များကို Visual display hall အနေဖြင့် အရောင်းစင်တာကြီးတစ်ခုကို ဖန်တီးကာ ပထမဆုံးအကြိမ် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

“Myanmar Online Expo Park ကို အွန်လိုင်းမှာ MyanTrade ကနေပြီး myanmarexpopark ဆိုပြီး ဝက်ဘ်ဆိုက်ထောင်ထားတယ်။ ပြပွဲနေ့မှာ live လွှင့်ထားပြီး တကယ့် အပြင်မှာလုပ်တဲ့ပွဲလို လုပ်မှာပါ။ နေပြည်တော်ကနေပြီး ဝန်ကြီးတွေကလည်း Hall ထဲကို ရောက်ပြီးမှ တကယ့်အပြင်မှာလိုပဲ Convention Center ကို အွန်လိုင်းမှာ ဖန်တီးထားတာ။ အပြင်မှာ မရှိသေးဘူး။ www.myanmarexpopark.com မှာ ဝင်ကြည့်နိုင်ပါတယ်။ ဒါကို နိုင်ငံတကာက ဝယ်လက်တွေက တော်တော်လေး စိတ်ဝင်စားနေပြီ။ အဲဒီ Convention Center ကို ဝင်ပြီးမှ Booths တွေ ကြည့်မယ်။ ဟောပြောပွဲနားထောင်မယ်။ ဝင်ပြမယ့်နိုင်ငံ လေးခု ပါမယ်။ တရုတ်၊ မလေးရှား၊ ထိုင်း၊ ဗီယက်နမ်တို့ကို သံရုံးတွေမှ တစ်ဆင့်ဖိတ်ကြားပြီး တစ်နိုင်ငံကို booth နှစ်ခုစီ အလကားပေးတယ်။ China–ASEAN Expo ဆိုတာ နန်နင်းမှာ နှစ်စဉ်ကျင်းပတဲ့ ဘရန်းကြီးတွေ ကုမ္ပဏီတွေကတောင် သဘောကျလို့ သူတို့လည်း ဝင်ပါမယ်ဆိုပြီး စိတ်ဝင်စားတယ်။ သူတို့တောင် မလုပ်ဖူးသေးဘူး။ ပြည်ပမှာရှိတဲ့ မြန်မာသံရုံးတွေကို ဖိတ်ကြားထားတယ်။ တစ်ကမ္ဘာလုံးက ဝင်ကြည့်မှာပါ။ သူတို့နိုင်ငံက ထွက်ကုန်တွေပါ International Exhibitor အနေနဲ့ ပြမယ်။ တစ်ကမ္ဘာလုံးက မည်သူမဆို အခမဲ့ Register လုပ်ပြီး ဝင်ကြည့်လို့ရပါတယ်။ ပြတဲ့ပစ္စည်းကို သေချာကြည့်လို့ရတယ်။ ရောင်းသူနဲ့ စကားပြောလို့ရတယ်။ ကြားလူတွေ သူတို့အရောင်းအဝယ်ပြောတာကို ကြည့်လို့မရဘူး။ Privacy ရှိတယ်။ ကျွန်တော်တို့ စင်တာကနေ ဘယ်ကုမ္ပဏီက ပစ္စည်းကို အပေါ်ယံကြည့်လား၊ စိတ်ဝင်တစားကြည့်လား ဆိုတာသိရလို့ မှတ်တမ်းတင်ထားပေးတယ်။ သူတို့အတွက် အဆက်အသွယ်တွေရတယ်။ ဂျပန်၊ ဩစတြေးလျ၊ တရုတ်နိုင်ငံတွေကနေ အခု ကြည့်မယ့်ကုမ္ပဏီ buyer ၃၀ ကျော်က register လုပ်ထားပြီ။ အရင်က လာမယ်ဆို နိုင်ငံခြားက ဗီဇာဖိုး၊ လမ်းစရိတ်ဖိုးကုန်မယ်။ အခု မကုန်ဘဲ အိမ်ကနေ ကြည့်လို့ရနေပြီ။ နယ်စပ်ကုန်သွယ် လမ်းကြောင်းပဲ အားကိုးနေလို့ မဖြစ်ဘူး။ ဒီကနေ ဈေးကွက်ချဲ့လို့ရပြီ။ ဝယ်လက်ရရင် သဘော်တင်ပြီး ပို့လိုက်လို့ရပြီ။ ကိုဗစ်ပြီးရင် မြန်မာနိုင်ငံဟာ စားနပ်ရိက္ခာတင်ပို့တဲ့နိုင်ငံ ဖြစ်ရမယ်လို့ ပြောထားတာရှိတယ်။ ဥပမာ အခု သရက်သီးရာသီကုန်ပြီဆို အခု အွန်လိုင်းမှာ ပြပြီး ယူမယ်ဆို လာမယ့်နှစ်အတွက် ဈေးကွက်ခိုင်ခိုင်မာမာ ရှိသွားတာပေါ့။ အရည်အသွေးမီအောင် ပြင်ဆင်ဖို့ အချိန်ရတယ်” ဟု မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ဒုတိယ ညွှန်ကြားရေးမှူး ဒေါက်တာသက်လွင်ဦးက ပြောသည်။

Myanmar Online Expo Park တွင် ပါဝင်ပြသမည့် မြန်မာပို့ကုန်လုပ်ငန်း ကုမ္ပဏီများအနေဖြင့် ၇ ရက်အတွက် ပြခန်းငှားစရိတ် ငွေကျပ်သုံးသိန်း သတ်မှတ်ထားပြီး ဇူလိုင် ၃၀ ရက်အထိ ၃၀ ရာခိုင်နှုန်း Discount ဖြင့် ငွေကျပ် ၂၁၀၀၀၀ ဖြင့် ပါဝင်ပြသနိုင်ကြောင်း၊ ယနေ့အထိ မြန်မာကုမ္ပဏီပေါင်း ၃၀ ကျော်က ပါဝင်ပြသရန် ပြခန်းများ ဝယ်ယူထားပြီး ပြည်ပမှ ပါဝင်ပြသမည့် ကုမ္ပဏီ ၁၀ ခုက ဆွေးနွေးညှိနှိုင်းနေကြောင်း မြန်မာအပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာနမှ သိရသည်။

**သန့်ဇင်ဝင်း**

## မိုးနဲမြို့၌ မဲဆန္ဒရှင်စာရင်းများ သွားရောက်ကြည့်ရှုရေး အသိပေးလက်ကမ်းစာစောင်များနှင့် နှာခေါင်းစည်းများ ဖြန့်ဝေ

မိုးနဲ ဩဂုတ် ၁

ရှမ်းပြည်နယ်တောင်ပိုင်း မိုးနဲမြို့နယ်တွင် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းများ ကြေညာကပ်ထားစဉ် မိမိတို့၏အမည် ပါ/မပါ မဲစာရင်းများ လာရောက်ကြည့်ရှုရေး အသိပေးလက်ကမ်းစာစောင်နှင့် နှာခေါင်းစည်းများ ဖြန့်ဝေပေးခြင်းကို ယနေ့နံနက် ၇ နာရီက မြို့မဈေးနှင့် မောက်မယ်သွားလမ်းတို့တွင် ဆောင်ရွက်ကြောင်း သိရသည်။ **(ယာပုံ)**



ယင်းသို့ဆောင်ရွက်ရာတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးငွေးညွန့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးကျော်မျိုးထက်နှင့် ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးခင်ဇော်ဦး၊ မြို့နယ်ရွေးကောက်ပွဲအရာရှိ ဦးအောင်ကိုကိုဝင်းနှင့် ဝန်ထမ်းများ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးညွန့်ရွှေ တို့က မြို့မဈေးနှင့် မိုးနဲ–မောက်မယ်လမ်းတွင် သွားလာလျက်ရှိသော ပြည်သူများအား လက်ကမ်းစာစောင်များနှင့် နှာခေါင်းစည်းများ ဖြန့်ဝေပေးခြင်းဖြင့် အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေး ဆောင်ရွက်သည်။

မဲစာရင်းတွင် မိမိအမည်ပါရှိမှသာ မဲပေးပိုင်ခွင့်ရရှိမည်ဖြစ်ရာ မြို့နယ်အတွင်း ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရေးအတွက် ဖြန့်ဝေပေးခဲ့ခြင်းဖြစ်ပြီး လက်ကမ်းစာစောင်တွင် ကိုဗစ်–၁၉ ကာလအတွင်း မိမိ၏မဲပေးပိုင်ခွင့် မဆုံးရှုံးစေရေး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ အကြံပြုချက်များ လိုက်နာစေရေး၊ မိမိနှင့်အခြားသူများ၏ ကျန်းမာရေးကိုရှေးရှု၍ လုံခြုံစွာနေထိုင်ပြီး မိမိအမည် ပါ / မပါ သက်ဆိုင်ရာ ရပ်ကွက် / ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးသို့ သွားရောက်စစ်ဆေးရေး စသည့်အချက်အလက်များပါဝင်ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ (ပြန်/ဆက်)**

# ပြည်သူ့သာလျှင် အဓိက

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ရန်ကုန်မြို့ရှိ ဖိုတိုလစ်သိုပုံနှိပ်စက်ရုံ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၁

**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့ နံနက်ပိုင်းတွင် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၏ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်း အမှတ်(၁၅၀)ရှိ ဖိုတိုလစ်သို ပုံနှိပ်စက်ရုံကို ကြည့်ရှုစစ်ဆေးသည်။**

**ဆွေးနွေးမှာကြား**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးအား ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်က စက်ရုံ၏ သမိုင်းကြောင်းနှင့် ဖွဲ့စည်းပုံ၊ ပုံနှိပ်စက်များ အခြေအနေနှင့် လုပ်ငန်းများ ဆောင်ရွက်မှုတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက အရေးကြီးသည့် ပုံနှိပ်လုပ်ငန်းများအတွက် လုံခြုံရေးစီမံချက် သီးခြားရေးဆွဲထားရှိရန်၊ စီမံချက်ပါအတိုင်း ဂရုပြုလိုက်နာဆောင်ရွက်ကြရန်၊ တာဝန်ရှိသူ အဆင့်ဆင့်ကလည်း စစ်ဆေးကြပ်မတ်ရန်နှင့် အခြားလုပ်ငန်းဆိုင်ရာများကို ဆွေးနွေး မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စက်ရုံအတွင်းရှိ ပုံနှိပ်စက်များ၊ ကုန်ကြမ်းပစ္စည်းများ သိုလှောင်ထားရှိမှုနှင့် ပုံနှိပ်စီစဉ်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေကို လိုက်လံကြည့်ရှုစစ်ဆေးရာ လုပ်ငန်းခွင်အလိုက် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

**အဓိကဆောင်ရွက်လျက်ရှိ**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနရှိ ဖိုတိုလစ်သိုစက်ရုံကို ဓာတ်ပုံပညာ (Photography)နှင့် ကျောက်ပုံနှိပ်ပညာ (Lithography) တို့ကို ပေါင်းစပ်ပုံနှိပ်ခြင်း (Photolithography)အရ အမည်ခေါ်တွင်ခဲ့ခြင်း ဖြစ်ကြောင်း၊ အဆိုပါ စက်ရုံတွင် ပညာရေးဝန်ကြီးဌာနမှ အပ်နှံသော ကျောင်းသုံးဖတ်စာအုပ်များ၊ စာပေဗိမာန်မှ ထုတ်ဝေသော စာအုပ်များ၊ အပတ်စဉ်ထုတ် ရွှေသွေးဂျာနယ်၊ လစဉ်ထုတ် သုတပဒေသာစာအုပ်၊ ဝန်ကြီးဌာနနှင့် ပြင်ပမှ အပ်နှံသော အထွေထွေပုံနှိပ်လုပ်ငန်းများကို အဓိကဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဖိုတိုလစ်သိုပုံနှိပ်စက်ရုံအတွင်းရှိ ကုန်ကြမ်းပစ္စည်းများ သိုလှောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၏ အမှတ် ၂၂/၃၂၊ ဖ ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ကမ်းနားလမ်းရှိ ကြေးမုံသတင်းစာ ပုံနှိပ်စက်ရုံနှင့် Myanmar Digital News Online Media လုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် ပြင်ဆင်ဆောင်ရွက်မည့် အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် လက်လီလက်ကားရောင်းချမှုဆိုင်ရာ ဖိုရမ်သို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် ဩဂုတ် ၁**

လက်လီလက်ကား ရောင်းချမှုဆိုင်ရာဖိုရမ်ကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် မင်္ဂလာခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

ရှေးဦးစွာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် က လက်ရှိဖြစ်ပေါ်နေသည့် ကိုဗစ်-၁၉ ကာလအတွင်း လက်လီလက်ကားရောင်းချဖြန့်ဖြူးမှု Supply Chain ကဏ္ဍတစ်ခုလုံးတွင် ပါဝင်နေသည့် လုပ်ငန်းရှင်များအနေဖြင့် အခက်အခဲများနှင့် ကြုံတွေ့နေရသကဲ့သို့ တစ်ဖက်တွင်လည်း ပြည်သူများ၏ ဝယ်လိုအား လျော့နည်းလာသည့် အခြေအနေကြောင့် ကိုဗစ်-၁၉ ကာလအလွန် လက်လီလက်ကားရောင်းချမှု အလားအလာကောင်းမွန်လာစေရန် ရည်ရွယ်၍ လက်လီလက်ကား ရောင်းချဖြန့်ဖြူးမှုကဏ္ဍတွင် ပါဝင်ဆောင်ရွက်နေသူများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရေးအတွက် ဖိုရမ်ကို ကျင်းပရခြင်းဖြစ်ကြောင်း။




နိုင်ငံတော်အနေဖြင့်လည်း လုပ်ငန်းရှင်များ ကြုံတွေ့နေရသည့် အခက်အခဲများ လျော့ပါးစေရေးအတွက် တတ်စွမ်းသမျှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နိုင်ငံတော်က ချမှတ်ဆောင်ရွက်လျက်ရှိသည့် ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ် (CERP) ၏ ပန်းတိုင်များတွင် ဆန်းသစ်ထုတ်ကုန်များနှင့် ပုံစံများကို တိုးမြှင့်မိတ်ဆက်ခြင်းဆိုသည့် စီမံချက်သည် ပန်းတိုင်တစ်ခုအနေဖြင့် ပါဝင်ပါကြောင်း၊ ဆက်လက်အကောင်အထည်ဖော်ရမည့် လုပ်ငန်းစဉ်များကိုလည်း ဆက်စပ်ဌာနများနှင့် အသင်းအဖွဲ့များအကြား ညှိနှိုင်းပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ယနေ့ကျင်းပသည့် ဖိုရမ်တွင် လက်လီလက်ကား ဖြန့်ဖြူးရောင်းချသူများအနေဖြင့် ကြုံတွေ့နေရသည့် အခက်အခဲများနှင့် ပတ်သက်၍ ဖြေရှင်းနိုင်မည့် နည်းလမ်းများ၊ အစီအစဉ်များနှင့် အကြံပြုချက်များကို ဆွေးနွေးဖော်ထုတ်သွားရန် ဖြစ်ပါကြောင်း၊ လက်လီလက်ကား ရောင်းချမှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့် အကြံပြုချက်များကိုလည်း ဆွေးနွေးရရှိမည်ဟု မိမိအနေဖြင့် ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းတို့က လက်လီလက်ကားရောင်းချမှုဆိုင်ရာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားကြသည်။

ဆက်လက်၍ အခမ်းအနားကို ခေတ်မီဆန်းသစ်သော လက်လီ/လက်ကားရောင်းချမှု လုပ်ငန်းဆောင်ရွက်ရာတွင် ရရှိသောအခွင့်အလမ်းနှင့် ကြုံတွေ့ရသော စိန်ခေါ်မှုများ၊ လက်လီ/ လက်ကားရောင်းချမှုလုပ်ငန်း ဆောင်ရွက်ရာတွင် နိုင်ငံခြားသားလုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသားပေါင်းစည်းဆောင်ရွက်သည့် လုပ်ငန်းရှင်များ ကြုံတွေ့နေရသည့် အခွင့်အလမ်းနှင့် စိန်ခေါ်မှုများ၊ အကြံပြုချက်များ၊ လက်လီ/လက်ကား ရောင်းချမှုလုပ်ငန်းများ ဖွံ့ဖြိုးရေး အထောက်အကူပြုလုပ်ငန်းစဉ်များနှင့် လက်လီ/ လက်ကားရောင်းချမှုဆိုင်ရာမူဝါဒ၊ လုပ်ထုံးလုပ်နည်းများအရ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အားနည်းချက်၊ အားသာချက်များနှင့် အကြံပြုချက်များဟူ၍ အပိုင်း (၄) ပိုင်းခွဲ၍ ဆွေးနွေးခဲ့ရာ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၊ ပညာရှင်များ၊ အသင်းအဖွဲ့များမှ ပုဂ္ဂိုလ်များ၊ လက်လီလက်ကားရောင်းချသည့် လုပ်ငန်းရှင်များက ဆွေးနွေးကြသည်။

အဆိုပါ ဖိုရမ်သို့ ဆက်စပ်ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ပုဂ္ဂလိကကဏ္ဍ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ လက်လီလက်ကား ရောင်းချသူလုပ်ငန်းရှင်များ ပါဝင်တက်ရောက်ကြပြီး Online မှ ပါဝင်တက်ရောက်ဆွေးနွေးသူ ဦးရေ ၂၀၀ ကျော်ခန့်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## လောက်ကိုင်မြို့နယ်တွင် အခြေခံပညာကျောင်းများသို့ အပူချိန်တိုင်းစက်၊ နှာခေါင်းစည်းနှင့် လက်ဆေးရည်များ ပေးအပ်လှူဒါန်း

လောက်ကိုင် ဩဂုတ် ၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ်တွင် အခြေခံပညာကျောင်းများသို့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဦးစီးအဖွဲ့က အပူချိန်တိုင်းစက်၊ နှာခေါင်းစည်းနှင့် လက်ဆေးရည်များ ပေးအပ်လှူဒါန်းခြင်းကို ဇူလိုင် ၃၁ ရက်က ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ရုံးတွင် ပေးအပ်သည်။

ထိုသို့ပေးအပ်ရာတွင် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဦးစီးအဖွဲ့ အလုပ်အမှုဆောင်ကော်မတီဝင် ဦးဝေဆန်းနှင့် ဒေသဦးစီးအဖွဲ့ အဖွဲ့ဝင်များက ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေး ကာလ၌ ကာကွယ်ရေးပစ္စည်းများဖြစ်သည့် နှာခေါင်းစည်း အခု ၂၀၀၀၀၊ အပူချိန်တိုင်းစက် ၅၀၊ လက်ဆေးရည်ဘူး ၈၀ တို့အား ပေးအပ်ရာ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပညာရေးမှူး ဦးကျန့်ကျိရန်က လက်ခံယူကြောင်း သိရသည်။

**ဇော်ဇော်အောင်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း မြေပေါ်မြေအောက် သယံဇာတများ ရေရှည်တည်တံ့စေရေးနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်အပေါ် လိုက်နာဆောင်ရွက်မှုကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ဇူလိုင် ၃၁ ရက်တွင် ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးရုံး ရတနာသစ်ခန်းမ၌ ကျင်းပသည့် သတ္တုသယံဇာတ တူးဖော်ထုတ်လုပ်နေမှုများနှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။



**ဆွေးနွေးမှာကြား**

အစည်းအဝေးတွင် ပြည်နယ်အဆင့် လုပ်ကွက်နေရာချထားပေးရေးအဖွဲ့ဝင်များက မိမိတို့ သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်မှုများကို ဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက ရှမ်းပြည်နယ်သည် မြန်မာနိုင်ငံအလယ်ပိုင်း မြေပြန့်လွင်ပြင်များနှင့် ဆက်စပ်နေသည့် ကုန်းမြင့်ဒေသတစ်ခု ဖြစ်သည့်အတွက် ရေ၊ မြေ သဘာဝဖြစ်တည်မှု အထူးအလေးထားဂရုစိုက်ထိန်းသိမ်းရန် လိုအပ်ကြောင်း၊ ရှေ့အချိန်ကာလက လူဦးရေလည်း နည်းပါးပြီး သယံဇာတမှာလည်း ပေါများလှသည့်အတွက် စနစ်တကျထုတ်လုပ်ဆောင်ရွက်မှုတစ်ခုတည်းနှင့် လုံလောက်ပါကြောင်း၊ ယခုအချိန်ကာလ၌ လူဦးရေမှာလည်း တိုးပွားများပြားလာသည့်အလျောက် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စနစ်တကျထုတ်လုပ် ဆောင်ရွက်မှုသာမက နောင်သားစဉ်မြေးဆက်တိုင် သယံဇာတများ ရေရှည်တည်တံ့စေရေး ထိန်းသိမ်းမှုအပိုင်းကို အလေးထား၍ ထိန်းညှိဆောင်ရွက်နေပါကြောင်း၊ ယခင်က အင်းလေးကန်သည် စတုရန်းမိုင် ၁၀၀ ခန့်ကျယ်ဝန်းခဲ့သော်လည်း ယခုအချိန်တွင် ထက်ဝက်ခန့်သာ ကန်ရေပြင်ဧရိယာ ကျန်ရှိတော့ပါကြောင်း၊ အင်းလေးကန် ရေဝေရေလဲဒေသသည် ရှမ်းပြည်နယ်အတွက်သာမက မြန်မာနိုင်ငံအဝန်း တစ်နှစ်ပတ်လုံး လျှပ်စစ်ဓာတ်အားပေးနိုင်သည့် လောပိတ ရေအားလျှပ်စစ်စက်ရုံအတွက် အရေးပါလှသည့် ဧရိယာတစ်ခုဖြစ်ပါကြောင်း၊ အင်းလေးကန် တိမ်ကောမှုမရှိစေရေး အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ထိန်းသိမ်းရန် လိုအပ်ပါကြောင်း၊ ယခုတက်ရောက်လာကြသူများအနေဖြင့်လည်း မိမိဌာန၏ ရည်မှန်းချက်တာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရင်း အခြားဆက်စပ်ဌာနများ၏ လုပ်ငန်းတာဝန်များ ပြီးမြောက်အောင်မြင်စေရေးအတွက် ပူးပေါင်းသယ်ပိုးဆောင်ရွက်ကြစေလိုကြောင်း၊ မိမိဌာန၏ လုပ်ငန်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သကဲ့သို့ ဆက်စပ်ဌာနအသီးသီး၏ နည်းဥပဒေ၊ စည်းကမ်းသတ်မှတ်ချက်များကို လေးစားကြရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းများကို ထိထိရောက်ရောက် မြန်မြန်ဆန်ဆန်ဖြစ်အောင်ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

**အကောင်အထည်ဖော်ဆောင်ရွက်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တောင်ကြီးမြို့ မြန်မာ့သစ်လုပ်ငန်းသို့ ရောက်ရှိရာ ပြည်နယ်တာဝန်ခံ ဒုတိယအထွေထွေမန်နေဂျာ ဦးအောင်မြင့်ဌေးက လုပ်ငန်းဆောင်ရွက်ချက်များအား ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက ၂၀၂၀–၂၀၂၁ ခုနှစ် သစ်ထုတ်လုပ်ရာ၌ မိုင်းကန် ကြိုးဝိုင်းအတွင်း ကျွန်းပင်ထောင်များ ထပ်မံကျန်ရှိ၍ လေလွင့်ဆုံးရှုံးမှုမရှိစေရေးအတွက် သစ်တောဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်းတို့ ပူးပေါင်းကွင်းဆင်းစစ်ဆေးတင်ပြရန်၊ ကျွန်း၊ သစ်မာ သစ်လုံးများ ရောင်းချရာ၌ ကြွေးကျန်မဖြစ်ပေါ်စေရေးအတွက် တွန်းအားပေးဆောင်ရွက်ရန်၊ တိုင်းဒေသကြီး၊ ပြည်နယ်များ၌ ပြည်သူများ၏ သစ်ခွဲသား လိုအပ်ချက်ဖြည့်ဆည်းပေးနိုင်ရေး ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ရန်တို့ကို ဆွေးနွေးမှာကြားသည်။

**စနစ်တကျအသုံးပြု**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တောင်ကြီးမြို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံး သုတေသနဓာတ်ခွဲခန်းအား ကြည့်ရှုစစ်ဆေးကာ သုတေသနလုပ်ငန်းများအား မှတ်တမ်းထားရှိဆောင်ရွက်ရန်၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများအား စနစ်တကျအသုံးပြုရန်တို့ကို မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တောင်ကြီးမြို့နယ် တောင်ကြီးငှက် ဘေးမဲ့တော သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်း သစ်စေ့မြေလုံး (Seed Ball) စူးထိုးစိုက်ပျိုးခြင်း ဆောင်ရွက်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ယာယီရှင်းလင်းဆောင်တွင် စူးထိုးစိုက်ပျိုးဆောင်ရွက်မှုနှင့် ရှင်သန်မှုအခြေအနေတို့ကို တောင်ကြီးမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိက ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက သစ်စေ့မြေလုံးစူးထိုးစိုက်ပျိုးသည့်နေရာအား တစ်နေရာတည်း၌ (၃)နှစ်ဆက်တိုက် ဆောင်ရွက်ရန်၊ စူးထိုးစိုက်ပျိုးသည့်အကွာအဝေးကို တတ်နိုင်သမျှ စိပ်စိပ်စိုက်ပျိုးရန်၊ ဒေသသစ်မျိုးများကို ဦးစားပေးစူးထိုးစိုက်ပျိုးရန်၊ တစ်နေရာလျှင် သစ်စေ့မြေလုံး သုံးလုံးမှ ငါးလုံးအထိ စိုက်ပျိုးရန်၊ သစ်စေ့မြေလုံးတစ်လုံးလျှင် အနည်းဆုံးသစ်စေ့သုံးစေ့ထည့်ရန်၊ လာမည့်နှစ် စူးထိုးစိုက်ပျိုးရန်အတွက် ဒေသသစ် မျိုးများကို ကြိုတင်စုဆောင်းထားရှိရန်၊ စူးထိုးစိုက်ပျိုးသည့်နေရာအား မီးဘေးအန္တရာယ်ကာကွယ်ခြင်း ဆောင်ရွက်ရန်၊ သစ်စေ့မြေလုံးစူးထိုးစိုက်ပျိုးသည့် အလေ့အကျင့်များကို ဒေသခံများအား သင်ကြားပေးရန်တို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပွင့်ဖြူမြို့နယ်၌ မိုးစပါးစိုက်ပျိုးတောင်သူများ အဆင်ပြေစွာစိုက်ပျိုးနိုင်ရေး မဲဇလီရေလှောင်တမံဆည်မှ ဖြန့်ဝေသော တောင်မုန်းမြောင်းမကြီးအား အလှည့်ကျစနစ်ဖြင့် ဖြန့်ဝေပေး

ပွင့်ဖြူ ဩဂုတ် ၁

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ၂၀၂၀ – ၂၀၂၁ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ မိုးစပါးသီးနှံ အဆင်ပြေစွာ စိုက်ပျိုးနိုင်ရေးအတွက် မဲဇလီရေလှောင်ဆည်မှ ဆည်ရေဖြန့်ဝေပေးသည့် တောင်မုန်းမြောင်းမကြီးအား အလှည့်ကျစနစ်ဖြင့် စိုက်ပျိုးရေများ ဖြန့်ဝေပေးနေကြောင်း ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရုံးမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ၂၀၂၀ – ၂၀၂၁ မိုးစပါးစိုက်ပျိုးရာသီတွင် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာနမှ မဲဇလီရေလှောင်ဆည်ရေသောက် ဧရိယာအတွင်းရှိ ဒေသခံတောင်သူများ မိုးစပါးသီးနှံ အဆင်ပြေစွာ စိုက်ပျိုးနိုင်ရေး ဖြန့်ဝေပေးလျက်ရှိရာ ယခုနှစ်တွင် မိုးရွာသွန်းမှု လျော့နည်းခဲ့သည့်အတွက် လက်တံမြောင်းများအားလုံး မြောင်းဆုံးမြောင်းဖျားအထိ တစ်ပြိုင်တည်း ဆည်ရေ ဖြန့်ဝေပေးရန် ခက်ခဲလာသဖြင့် ဆည်ရေပို့လွှတ်ပေးနေသော တောင်မုန်းမြောင်းမကြီးအား ဇူလိုင် ၃၀ ရက်က စတင်၍ အလှည့်ကျစနစ်ဖြင့် ဖြန့်ဝေပေးနေရကြောင်း၊ ယင်းသို့ ဆည်ရေ ပို့လွှတ်သော တောင်မုန်းမြောင်းမကြီးအား အလှည့်ကျစနစ်ဖြင့် ဖြန့်ဝေပေးရာတွင် တောင်မုန်းမြောင်းမကြီး ဆည်ရေသောက်ဧရိယာအတွင်းရှိ လက်တံ (၃၊၄ – က၊ ၅၊ ၇၊ ၈၊ ၉၊ ၁၃၊ ၁၅) ရေလက်တံမြောင်းများကို အပတ်စဉ် ကြာသပတေးနေ့ နံနက် ၆ နာရီမှ တနင်္ဂနွေနေ့ နံနက် ၆ နာရီအထိ ဖြန့်ဝေပေးသွားမည်ဖြစ်သည်။ တောင်မုန်းမြောင်းမကြီး ဆည်ရေသောက်ဧရိယာအတွင်းရှိ လက်တံ (၂၊ ၄၊ ၆၊ ၁၁၊ ၁၄) ရေလက်တံမြောင်းများကို အပတ်စဉ် တနင်္ဂနွေနေ့ နံနက် ၆ နာရီမှ ကြာသပတေးနေ့ နံနက် ၆ နာရီအထိ ရေပေးဝေနည်းစနစ်ဖြင့် အလှည့်ကျ ဖြန့်ဝေပေးနေကြောင်း သိရသည်။

**ရဲဝင်းနိုင်(ပြန်/ဆက်)**





## တောင်သာမြို့နယ် မင်းတည်းရွာ၌ တောင်သူအခြေပြု သုတေသနစခန်းထူထောင်နိုင်ရေး ကွင်းဆင်းစစ်ဆေး

နေပြည်တော် ဩဂုတ် ၁

**စိုက်ပျိုးရေးသုတေသနဦးစီးဌာနအနေဖြင့် မတူကွဲပြားသည့် ရေ၊ မြေ၊ ဒေသ၊ ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေသည့် သီးနှံမျိုးများ ရှာဖွေဖော်ထုတ်ခြင်း အဆင့်မြင့်သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ တောင်သူများကိုယ်တိုင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မည့် တောင်သူအခြေပြုသုတေသနစခန်း ထူထောင်နိုင်ရေးအတွက် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနိုင်ကြည်ဝင်း၊ ဒေသသုတေသနဌာနစု တာဝန်ခံ ဦးဇော်ဝင်း၊ မြင်းခြံစိုက်ပျိုးရေးသုတေသနခြံ တာဝန်ခံ ဒေါ်ထွေးထွေးနှင့် သုတေသနပညာရှင်များသည် တောင်သာမြို့နယ် မင်းတည်းရွာသို့ ယမန်နေ့က လက်တွေ့ကွင်းဆင်းစစ်ဆေးသည်။**

မင်းတည်းရွာရှိ တောင်သူစုရပ်တွင် ဒေသခံတောင်သူအဖွဲ့နှင့် တွေ့ဆုံစဉ် ညွှန်ကြားရေးမှူးချုပ်က တောင်သူများ ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲပြဿနာများကို လက်တွေ့ကွင်းဆင်းလေ့လာ၍ စစ်တမ်းများ ကောက်ယူမှတ်သားကာ တောင်သူများကိုယ်တိုင် ပူးပေါင်းပါဝင်ဆောင်ရွက်မည့် ဒေသကိုယ်စားပြု သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန်အတွက် တောင်သူအခြေပြု ဒေသကိုယ်စားပြု သုတေသနစခန်းများ ထူထောင်သွားမည်ဖြစ်ကြောင်း၊ အဆိုပါသုတေသနစခန်းတွင် တောင်သူခေါင်းဆောင်က သုတေသနပညာရှင်များနှင့် တိုက်ရိုက်ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် ရလဒ်ကောင်းများရရှိကာ ဈေးကွက်စံချိန်၊ စံညွှန်းပြည့်မီသည့် အရည်အသွေးနှင့် အထွက်နှုန်းကောင်းသီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်မည် ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် တောင်သူများက မင်းတည်းရွာ၏ အဓိက စိုက်ပျိုးသီးနှံဖြစ်သည့် ကြက်သွန်နှင့် နှမ်းသီးနှံ စိုက်ပျိုးထုတ်လုပ်မှုတွင် ကြုံတွေ့နေရသည့် မြေဆီလွှာနှင့် စိုက်ပျိုးရေ အခက်အခဲများအား တင်ပြရာ ညွှန်ကြားရေးမှူးချုပ်က မြေနမူနာနှင့် စိုက်ပျိုးရေနမူနာများအား စစ်ဆေးစမ်းသပ်၍ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေ ချွေတာသုံးစွဲနည်းလမ်းဖြစ်သော အစက်ချရေပေးသွင်းခြင်းနှင့် ရေမွှားစနစ် ပေးသွင်းခြင်းတို့ ဆောင်ရွက်နိုင်ရေးအတွက် နည်းပညာများ ပံ့ပိုးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဖြေကြားသည်။

**မေမိုးသဲ**

❀ ရှေ့ဖုံးမှ

(၁၈) ကြိမ်မြောက် UPDJC အစည်းအဝေးကို နေပြည်တော်တွင် ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၂ ရက်နေ့တွင်ကျင်းပခဲ့ပြီး (၁၉) ကြိမ်မြောက် JMC–U အစည်းအဝေးအား ဇူလိုင်လ ၇ ရက်နှင့် ၈ ရက်နေ့တို့တွင် ကျင်းပနိုင်ခဲ့ပါကြောင်း၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်–NCA အရ UPDJC နှင့် JMC သည် နိုင်ငံရေးဆွေးနွေးမှုအပိုင်းနှင့် တပ်ပိုင်းဆိုင်ရာ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ခိုင်မာရေးဆိုင်ရာအပိုင်းများကို တာဝန်ယူထားရသည့် ယန္တရားများဖြစ်သည်နှင့်အညီ ယခုအစည်းအဝေးများသည် ငြိမ်းချမ်းရေးအတွက် အရေးကြီးသည့် အစည်းအဝေးများဖြစ်သည်ကို အားလုံးအသိပင် ဖြစ်ပါကြောင်း။

ကာလရှည်ကြာ ရပ်နားခဲ့ရသည့် UPDJC နှင့် JMC–U အစည်းအဝေးများ ပြန်လည်စတင်နိုင်ခြင်းသည် တွေ့ကြုံခဲ့သည့် အခက်အခဲများ၊ စိန်ခေါ်မှုများကို စိတ်ရှည်သည်းခံပြီး အပေးအယူ အလျှော့အတင်းနှင့် ညှိနှိုင်းမည်ဆိုလျှင် အောင်မြင်မည်ဆိုသည်ကို သက်သေပြခဲ့ကြပြီးဖြစ်ပါကြောင်း။

### သဘောတူညီချက်များ များစွာရရှိထား

(၈) ကြိမ်မြောက် JICM သဘောတူညီချက်များ အကောင်အထည်ဖော်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးများကို မိမိတို့ကျင်းပခဲ့သည်မှာ (၆) ကြိမ် ရှိခဲ့ပြီဖြစ်ပါကြောင်း၊ ယင်း (၆) ကြိမ်အတွင်း သဘောတူညီချက်များ များစွာရရှိထားပြီးဖြစ်ပါကြောင်း၊ လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းရေးကိစ္စနှင့်စပ်လျဉ်းပြီး ဆွေးနွေးမည့်အကြောင်းအရာ ခေါင်းစဉ်များကို နှစ်ဖက်ညှိနှိုင်းနေသလို NCA အခန်း (၃) နှင့် (၄) ပါ တပ်ပိုင်းဆိုင်ရာ ကိစ္စရပ်များကို ၂၀၂၀ အလွန်တွင် မည်သို့မည်ပုံ ဆွေးနွေးမည်ဆိုသည့် လျာထားချက်များကို နှစ်ဖက်သဘောတူထားပြီး ဖြစ်ပါကြောင်း။

ယနေ့တွင် ဒေသအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC–S) အစည်းအဝေးများ Parallel သွားရန်ကိစ္စကို အဓိက ဆွေးနွေးညှိနှိုင်းကြမည်ဖြစ်ကြောင်း၊ မပြေလည်သေးသည့် သဘောထားကွဲလွဲမှုများကို ပြေလည်အောင်ညှိနှိုင်းနိုင်မည့် အလားအလာများ၊ အခြေအနေများ ဖန်တီးပေးရန် လိုအပ်ပါကြောင်း၊ သို့မှသာ ဆွေးနွေးညှိနှိုင်းရင်းနှင့် တူညီသည့် ရပ်တည်ချက် သဘောထားများကို သဘောတူညီချက်အဖြစ် ပြောင်းလဲနိုင်မည်ဖြစ်ပါကြောင်း။

### ရလဒ်ကောင်းများရရှိခဲ့

နိဂုံးချုပ်အနေဖြင့် ယနေ့အစည်းအဝေးတွင် ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြရန်နှင့် မိမိတို့ဆွေးနွေးဖက်များအကြား ကျေကျေလည်လည် ဆွေးနွေးညှိနှိုင်းပြီး သဘောတူညီချက်များအဖြစ် ရယူပေးကြရန် ပြောကြားသည်။

ထို့နောက် NCA–S EAO မှ မူဘောင်ညှိနှိုင်းရေးအဖွဲ့ခေါင်းဆောင် စဝ်စိုင်းငင်းက (၈) ကြိမ်မြောက် JICM ဆုံးဖြတ်ချက်များ အကောင်အထည်ဖော်နိုင်ရေး၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ–(၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေး အနှစ်သာရပြည့်ဝစွာ ကျင်းပနိုင်ရေးနှင့် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၃) ချုပ်ဆိုနိုင်ရေးတို့အတွက် မိမိတို့နှစ်ဖက် ညှိနှိုင်းရေးအဖွဲ့များသည် ၂၀၂၀ ပြည့်နှစ် နှစ်ဆန်းပိုင်းမှ ယနေ့အထိ အပြန်အလှန် ဆွေးနွေးညှိနှိုင်းမှု အစည်းအဝေးများကို (၇) ကြိမ်တိုင်တိုင် ကျင်းပပြုလုပ်ခဲ့ပြီး နှစ်ဖက်လက်ခံသည့်၊ ထိုက်သင့်မျှတသည့် ရလဒ်ကောင်းများကိုလည်း ရရှိခဲ့ပါကြောင်း။

(၈)ကြိမ်မြောက် JICM အစည်းအဝေးတွင် ဆုံးဖြတ်ချက်အားလုံး (၈) ချက်ရှိပါကြောင်း၊ ယင်းဆုံးဖြတ်ချက် (၈) ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် နှစ်ဖက်ညှိနှိုင်းရေးအဖွဲ့များက တာဝန်ယူဆွေးနွေးညှိနှိုင်းနေခြင်း ဖြစ်ပါကြောင်း၊ ဆုံးဖြတ်ချက် (၈) ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်သည့်အခါ အကောင်အထည်ဖော် ဆောင်ရွက်ပြီးသည့် အချက်များရှိသကဲ့သို့ အကောင်အထည်မဖော်နိုင်သေးသည့် အချက်များလည်း ရှိခဲ့ပါကြောင်း၊ အကောင်အထည်မဖော်နိုင်သေးသည့်အချက်များ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်သည့် ကော်မတီအသီးသီးက ကြိုးပမ်းညှိနှိုင်းဆွေးနွေးနေဆဲ ဖြစ်ပါကြောင်း။

### ဆက်လက်ညှိနှိုင်းနေ

(၈) ကြိမ်မြောက် JICM အစည်းအဝေးအပြီး UPDJC နှင့် JMC အစည်းအဝေးများကို (၂) လအတွင်း ခေါ်ယူကျင်းပရန် သဘောတူထားသည့်အတိုင်း UPDJC အစည်းအဝေးကို ကျင်းပနိုင်ခဲ့သော်လည်း JMC–U အစည်းအဝေးကို ပြီးခဲ့သည့် ဇူလိုင်လဆန်းမှသာ ကျင်းပနိုင်ခဲ့ပါကြောင်း၊ JMC–S အစည်းအဝေးများ ကျင်းပနိုင်ရေးကိုလည်း ဆက်လက်ညှိနှိုင်းနေပါကြောင်း။



အစိုးရနှင့် NCA–S EAO အလုပ်အဖွဲ့ ညှိနှိုင်းအစည်းအဝေးတွင် NCA–S EAO မှ မူဘောင်ညှိနှိုင်းရေးအဖွဲ့ခေါင်းဆောင် စဝ်စိုင်းငင်း အမှာစကား ပြောကြားစဉ်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေးကို ၂၀၂၀ ပြည့်နှစ်၊ ပထမ လေးလပတ်အတွင်း ကျင်းပရန် ဆုံးဖြတ်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ကျင်းပနိုင်ခဲ့ခြင်း မရှိခဲ့ပါကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ပိုမိုပါဝင်လာရေးအတွက် ကြိုးပမ်းဆောင်ရွက်သည့်နေရာတွင် မိမိတို့အနေဖြင့် အကောင်အထည်ဖော်နိုင်ခြင်း မရှိသေးပါကြောင်း၊ လိုရာပန်းတိုင်ကို မရောက်ရှိသေးပါကြောင်း။

ယနေ့ညှိနှိုင်းအစည်းအဝေးတွင် (၈) ကြိမ်မြောက် JICM ဆုံးဖြတ်ချက်အမှတ် (၁) ဖြစ်သည့် တစ်ဖွဲ့ချင်းအလိုက် ညှိနှိုင်းအစည်းအဝေး (Bilateral Meeting) နှင့် JMC အစည်းအဝေးများအား အပြိုင်ကျင်းပသွားရန်ဆိုသည့်အပေါ် နှစ်ဦးနှစ်ဖက် အမြင်သဘောထား၊ နားလည်မှုနှင့် ချဉ်းကပ်မှုမတူညီမှုများကို အကျေအလည်၊ ပွင့်ပွင့်လင်းလင်း ညှိနှိုင်းဆွေးနွေးသွားမည် ဖြစ်ပါကြောင်း၊ အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရေးအတွက် ကြိုးပမ်းသွားမည် ဖြစ်ပါကြောင်း။

### လိုအပ်သလို ဆောင်ရွက်ပေး

ဆွေးနွေးညှိနှိုင်းရာတွင် ကိုယ့်မူ သူ့မူ အခိုင်အမာကိုင်စွဲပြီး တစ်ဖက်ကို တစ်ဖက် အကျပ်အတည်းဖြစ်စေနိုင်သည့်၊ ညှိနှိုင်းအဖြေရှာရန် ခက်ခဲစေနိုင်သည့် ဆွေးနွေးညှိနှိုင်းမှုများကို တတ်နိုင်သမျှ နှစ်ဖက်စလုံးက ရှောင်ရှားကြရန် အလေးအနက် တိုက်တွန်းလိုပါကြောင်း၊ ပြည်ထောင်စုအကျိုး၊ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး အကျိုးနှင့် အားလုံးအကျိုးအတွက် နှစ်ဖက်လက်ခံ ကျေနပ်ပြီး မျှမျှတတဖြစ်သည့်၊ ထိုက်သင့်သည့် အပေးအယူ၊ အလျှော့အတင်းများကို လိုအပ်သလို ဆောင်ရွက်ပေးရေး ဝန်မလေးကြရန် တိုက်တွန်းလိုပါကြောင်း။

သတင်းကောင်းများ၊ ရလဒ်ကောင်းများကို မျှော်လင့်စောင့်စား နားစွင့်နေကြသူ အားလုံးအတွက် ယခုညှိနှိုင်းအစည်းအဝေးက လိုလားတောင့်တချက်များကို ဖြည့်ဆည်းပေးနိုင်ကြပါစေဟု ပြောကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသူများက JMC–S Parallel Process ကိစ္စ ဆွေးနွေးညှိနှိုင်းခြင်းနှင့် အထွေထွေဆွေးနွေးခြင်းများ ဆောင်ရွက်ကြသည်။

ယနေ့ဆွေးနွေးပွဲအပြီးတွင် နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက "အစိုးရနဲ့ NCA–S EAO တို့ အလုပ်အဖွဲ့ အစည်းအဝေး နေပြည်တော်မှာ ကျင်းပခြင်းဖြစ်ပါတယ်။ ဒီနေ့ အဓိကဆွေးနွေးတဲ့ အကြောင်းအရာကတော့ (၈) ကြိမ်မြောက် JICM အစည်းအဝေးမှာ ဆုံးဖြတ်ထားတဲ့ ဆုံးဖြတ်ချက်အမှတ် (၁) ဖြစ်တဲ့ တရားဝင်အစည်းအဝေးတွေနဲ့ bilateral အစည်းအဝေးတွေကို အပြိုင်သွားဖို့ဆုံးဖြတ်ထားတဲ့ ဆုံးဖြတ်ချက်နဲ့ ပတ်သက်လို့ ဆွေးနွေးတာဖြစ်တယ်။ အထူးသဖြင့် JMC–U အစည်းအဝေးတွေကို ကျင်းပပြီးသွားပြီ၊ UPDJC ကျင်းပပြီးသွားပြီ၊ ပြီးတော့ JMC–S အစည်းအဝေးတွေ ဆက်လက်ကျင်းပဖို့ ဒီနေ့ဆွေးနွေးတာ ဖြစ်ပါတယ်။

### အကြောင်းကြောင်းကြောင့် ရွှေ့ခဲ့ရ

အထူးသဖြင့်ကတော့ bilateral Concept ပါ။ အပြိုင်သွားတဲ့သဘောတရား၊ တရားဝင်အစည်းအဝေးတွေရှိမယ်။ တစ်ချိန်တည်းမှာ NCA မှာပါတဲ့အတိုင်း အစိုးရနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေအကြား နှစ်ဖက် Bilataral ဆွေးနွေးမှုတွေကိုလည်း ရှိမယ်။ ဒါတွေကို အပြိုင်သွားမယ်ဆိုပြီး JICM က ဆုံးဖြတ်ထားတယ်။ ဒီအတိုင်းသွားဖို့အတွက် တပ်မတော်က တောင်းဆိုထားတယ်။ အဲဒီအပေါ်မှာလည်း အစိုးရအနေနဲ့ ထောက်ခံတယ်။ ထောက်ခံတဲ့အတွက် JICM အစည်းအဝေးဆုံးဖြတ်ချက်အတိုင်း JMC–S အစည်းအဝေးတွေ သွားဖို့ ဒီနေ့ ဆွေးနွေးတဲ့အခါ EAOs ထဲက KNU မှာ တချို့အခက်အခဲလေးတွေ ရှိတယ်။ အခက်အခဲလေးတွေရှိတော့ ဒီနေ့ဆွေးနွေးတာ မပြီးပြတ်ဘူး။ မပြီးပြတ်တော့ မနက်ဖြန် ၁၀ နာရီမှ ဆက်ဆွေးနွေးမယ်။ အစိုးရအနေနဲ့ (၈) ကြိမ် JICM အစည်းအဝေးဆုံးဖြတ်ချက်အတိုင်း KNU အနေနဲ့ သူ့အဖွဲ့အစည်းထဲမှာ ပြန်လည်ဆွေးနွေးပြီးတော့ သဘောတူညီချက်ရနိုင်ဖို့အတွက်လည်း ကျွန်တော်တို့ မျှော်လင့်ထားတယ်။ နောက်ဆုံးအချက်အနေနဲ့ ညီလာခံကျင်းပရေးကိစ္စပေါ့။ ညီလာခံကျင်းပဖို့အတွက် (၈) ကြိမ်မြောက် JICM အစည်းအဝေးမှာ ဆုံးဖြတ်ထားပြီးဖြစ်တာက ၂၀၂၀ ပြည့်နှစ် ပထမ လေးလတာ ကာလအတွင်းမှာ ညီလာခံကျင်းပဖို့ JICM အစည်းအဝေးက ဆုံးဖြတ်ထားတယ်။ ကိုဗစ် –၁၉ ကာလဖြစ်တဲ့အတွက် အကြောင်းကြောင်းကြောင့် နောက်ကို ရွှေ့ခဲ့ရတယ်။ ပြီးရင် (၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေးကို ဩဂုတ်လ ၁၂၊ ၁၃၊ ၁၄ ရက်တွေမှာ ကျင်းပမယ်လို့ လျာထားခဲ့ပါတယ်။ ပြီးခဲ့တဲ့ ဇူလိုင် ၂၆၊ ၂၇၊ ၂၈၊ ၂၉ ရန်ကုန်မှာ လေးရက်တာ ကျင်းပပြုလုပ်ခဲ့တဲ့ အလုပ်အဖွဲ့အစည်းအဝေးမှာ ညီလာခံကျင်းပမယ့်ရက်ကို လာမယ့် ဩဂုတ်လ ၁၉၊ ၂၀၊ ၂၁ ရက်တွေမှာ ကျင်းပဖို့သတ်မှတ် လျာထားခဲ့တယ်။ တစ်ဖက်မှာလည်း နိုင်ငံရေးပါတီတွေအနေနဲ့ ရွေးကောက်ပွဲကျင်းပမယ့် ကာလရှိတဲ့အတွက် ဒီ့ထက်တော့ နောက်ဆုတ်လို့မရဘူး။ နိုင်ငံရေးပါတီတွေအနေနဲ့လည်း ရွေးကောက်ပွဲနဲ့ ပတ်သက်တဲ့ စည်းရုံးလှုပ်ရှားမှုတွေ ဆောင်ရွက်ရတဲ့အနေအထားရှိတဲ့အတွက် ညီလာခံကို ဩဂုတ်လ ၁၉၊ ၂၀၊ ၂၁ ရက်တွေမှာ ကျင်းပဖို့ရှိပါတယ်။ အဲဒါကိုတော့ ပြီးခဲ့တဲ့အစည်းအဝေးမှာ သဘောတူထားတယ်။

နောက်တစ်ချက်ကတော့ လူမှုကွန်ရက်မှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ကျန်းမာရေးနဲ့ပတ်သက်လို့ မဟုတ်မမှန်တဲ့သတင်းတွေ ထွက်ပေါ်နေတာရှိတယ်။ အဲဒါနဲ့ပတ်သက်ပြီးပြောရရင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အနေနဲ့ ကျန်းမာရေးအခြေအနေ အားလုံးကောင်းပါတယ်။ ဘာမှ ဖျားခြင်း၊ နာခြင်း မရှိဘူး။ အဲဒါလေးတော့ အဓိကပြောချင်ပါတယ်" ဟု ပြောသည်။

ယခုအစည်းအဝေးကို ဩဂုတ်လ ၂ ရက်နေ့တွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း–မျိုးမြင့်၊ ဟန်လင်းနိုင်**
**ဓာတ်ပုံ–ကိုထိန်**



# မရမ်းကုန်းအနေးယာဉ်လုပ်သား ၈၀၀ ကျော်အား အလှူရှင်များက ဆန်ရိက္ခာနှင့် အရန်စားသောက်ကုန်များ ဝေငှလှူဒါန်း

**ရန်ကုန် ဩဂုတ် ၁**

ကိုဗစ်–၁၉ ကာလအတွင်း အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်၍ ကောက်ရိုးနွယ် လူမှုအကျိုးပြုအဖွဲ့နှင့် နှလုံးလှ စေတနာရှင်များဖြစ်ကြသည့် (ကိုမိုးဝင်း)+ ဇနီး ဒေါ်ခင်မာဝင်း မိသားစု အလှူရှင်၊ ဦးအောင်နိုင် (King ခုနစ်လွှာပေါက်စီ) မိသားစု အလှူရှင်တို့က အနေးယာဉ်လုပ်သား ၈၀၀ ကျော်ကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက် သမိုင်းဘူတာရုံလမ်းနှင့် အောက်ဗဟိုလမ်းထောင့်၌ ဆန်ရိက္ခာနှင့် စားသောက်ကုန် ကြက်သွန်နီ၊ ဆီ၊ ဆား၊ အချိုမှုန့်၊ ခေါက်ဆွဲခြောက်များ ပေးဝေလှူဒါန်းခဲ့သည်။

အဆိုပါ ကောက်ရိုးနွယ်လူမှုအကျိုးပြုအဖွဲ့ကို ၂၀၁၈ ခုနှစ် စက်တင်ဘာ ၉ ရက်မှစတင်ဖွဲ့စည်း၍ စား၊ ဝတ်၊ နေရေးအတွက် ပြည်သူမှ ပြည်သူသို့ ကူညီပံ့ပိုးပေးရန် ရည်ရွယ်ချက်ဖြင့် ကိုဗစ်ကာလ မတိုင်မီ အပတ်စဉ် တနင်္ဂနွေ နေ့တိုင်း ဆန်နှင့်ဆီ ပေါက်စျေးထက်ဝက်လျှော့ချပြီး ရောင်းချပေးခဲ့သည်မှာ အကြိမ်ပေါင်း ၇၅ ကြိမ်၊ လပေါင်း ၁၈ လတိုင်တိုင် ဒေသခံပြည်သူသို့ ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း၊ ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ်ရေးကာလမှာ ပြည်သူအချင်းချင်း ပိုသူကပေး လိုသူယူ အစီအစဉ်ဖြင့် အခြေခံပြည်သူများကို ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန် (အခမဲ့) ပေးဝေလျက်ရှိရာ ယနေ့လှူဒါန်းသည်မှာ လေးကြိမ်မြောက်ဖြစ်ကြောင်း၊ မရမ်းကုန်းမြို့နယ် ရပ်ကွက် ၁၀ ရပ်ကွက်အတွင်းရှိ သက်ကြီးရွယ်အို၊ အနေးယာဉ်လုပ်သားများနှင့် ကျန်းမာရေးချို့တဲ့သော အနေးယာဉ်လုပ်သားများကိုလည်း စာရင်းကောက်ယူ၍ ယခုလို ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန် စားသောက်ကုန်များ ဆက်လက် လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ – မျိုးမင်းသိန်း(မရမ်းကုန်း)**

# အလုပ်အကိုင် အခွင့်အလမ်းသစ်များစွာကို ဖန်တီးဖော်ဆောင်ပေးနိုင်မည့် မြန်မာ-ဂျပန် ရင်းနှီးမြှုပ်နှံမှုဖိုရမ်

မြန်မာသူဇာ

**COVID-19 ကပ်ရောဂါအလွန်ကာလတွင် စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်နိုင်ရန်၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းသစ်များ ဖော်ဆောင်နိုင်ရန်၊ မြန်မာ-ဂျပန် နှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှုများ ပိုမိုခိုင်မာစေရန် ရည်ရွယ်၍ Video Conferencing စနစ်ဖြင့် ကျင်းပခဲ့တဲ့ မြန်မာ့အကြီးဆုံး ရင်းနှီးမြှုပ်နှံမှုဖိုရမ်ကို ကျွန်မအနေနဲ့ အွန်လိုင်းမှတစ်ဆင့် ပါဝင်တက်ရောက်ခွင့်ရခဲ့ပါတယ်။**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဇူလိုင် ၂၉ ရက်က ကျင်းပသည့် မြန်မာ-ဂျပန် ရင်းနှီးမြှုပ်နှံမှုဖိုရမ်တွင် ဗီဒီယိုမိန့်ခွန်းပြောကြားစဉ်။

အဆိုပါ ရင်းနှီးမြှုပ်နှံမှုဖိုရမ်ကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးနှင့် Japan External Trade Organization (JETRO) တို့က ပူးပေါင်းကျင်းပတယ်လို့လည်း သိရပါတယ်။ ယခုလို Covid-19 ကပ်ရောဂါနဲ့ ရင်ဆိုင်ကြုံတွေ့နေရချိန်မှာတောင် ဒီလို မြန်မာ့ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းတွေကို ဖော်ဆောင်နိုင်ဖို့၊ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဆွဲဆောင်နိုင်ဖို့ ကြိုးပမ်းလျက်ရှိတဲ့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာနရဲ့ ဦးဆောင်မှုကိုတော့ ကျွန်မတို့အားလုံး အသိအမှတ်ပြုရမှာ ဖြစ်ပါတယ်။

### စဉ်ဆက်မပြတ် စီးဝင်

ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနရဲ့ အစဉ်တစိုက် ကြိုးပမ်းမှုကြောင့်ပဲ ဒီလိုကပ်ရောဂါ ကာလမှာတောင် ရင်းနှီးမြှုပ်နှံမှုများ စဉ်ဆက်မပြတ်စီးဝင်လျက်ရှိပြီး ယခုနှစ် မျှော်မှန်းချက်ဖြစ်တဲ့ အမေရိကန်ဒေါ်လာ ၅ ဒသမ ၈ ဘီလီယံ ရရှိဖို့ အလားအလာကောင်းများရှိတယ်လို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မိန့်ခွန်းပြောကြားရာမှာ ထည့်သွင်းပြောကြားခဲ့ပါတယ်။ World Investment Report 2020 အရ Global Foreign Direct Investment က ၂၀၂၀ ပြည့်နှစ်မှာ ၄၀ ရာခိုင်နှုန်းအထိ ကျဆင်းနိုင်ကြောင်း ခန့်မှန်းထားလို့ မြန်မာနိုင်ငံအနေနဲ့လည်း ဒီ COVID-19 ကပ်ရောဂါရဲ့ ဂယက်ကို မလွဲမသွေ ခံစားရနိုင်ပြီး ရင်းနှီးမြှုပ်နှံမှုများ ကျဆင်းနိုင်တယ်လို့ ထင်မြင်ခဲ့မိပေမယ့် ယခုလို ရင်းနှီးမြှုပ်နှံမှုများ စဉ်ဆက်မပြတ်စီးဝင်လျက်ရှိတာကို သိရှိရတဲ့အတွက် မြန်မာနိုင်ငံသားတစ်ယောက်အနေနဲ့ အားတက်ဂုဏ်ယူမိပါတယ်။

### ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်ဖို့

ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်းဟာ ကမ္ဘာ့နိုင်ငံများမှာ အရေးပါတဲ့ ဖွံ့ဖြိုးမှုမူဝါဒတစ်ရပ်ဖြစ်တဲ့အတွက်လည်း နိုင်ငံတော်အစိုးရအနေနဲ့ တာဝန်ယူမှုရှိပြီး အရည်အသွေးပြည့်ဝရုံသာမက စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေတဲ့ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်ဖို့ ကြိုးပမ်းနေတာကိုလည်း တွေ့မြင်နေရပါတယ်။

ဒီလိုဆွဲဆောင်မှုတွေရဲ့ ရလဒ်ကောင်းတစ်ခုအနေနဲ့ အရှေ့တောင်အာရှနိုင်ငံများမှာ ဂျပန်ကုမ္ပဏီများရဲ့ အကြီးဆုံးရင်းနှီးမြှုပ်နှံမှုဖြစ်တဲ့ Liquefied Natural Gas (LNG) အသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်မည့် စီမံကိန်းကို များမကြာမီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်တော့မှာ ဖြစ်ပါတယ်။ အဆိုပါ စီမံကိန်းကို ဂျပန်ကုမ္ပဏီ သုံးခုဖြစ်သည့် Marubeni, Sumitomo Corporation နှင့် Mitsui & Co တို့က မြန်မာနိုင်ငံ ဒေင်လုပ်ငန်းစုနဲ့ ပူးပေါင်းပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံမှ ၂ ဘီလီယံ ရင်းနှီးမြှုပ်နှံသွားမယ်လို့ သတင်းမီဒီယာများမှတစ်ဆင့် ဖတ်ရှုသိရှိရပါတယ်။ ဒီလို အရည်အသွေးပြည့်ဝတဲ့ နိုင်ငံစုံ ကော်ပိုရေးရှင်းကြီးများ (Multinational Corporations-MNCs) ဝင်ရောက်လာခြင်းဟာ မြန်မာနိုင်ငံမှာ ပွင့်လင်းမြင်သာမှုရှိသော၊ ရိုးရှင်းလွယ်ကူမှုရှိသော၊ ကြိုတင်ခန့်မှန်းနိုင်သော၊ ယှဉ်ပြိုင်နိုင်စွမ်းရှိသော ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်ကောင်းတစ်ရပ် ဖော်ဆောင်ပေးနိုင်ကြောင်း သက်သေပြလျက် ရှိနေပါတယ်။

### ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ပေး

နိုင်ငံတော်အစိုးရအနေနဲ့လည်း အခြေခံအဆောက်အဦကောင်းများ ပိုမိုဖော်ဆောင်ပေးပြီး၊ အဆင့်အတန်းမြင့်မားသည့် စီးပွားရေးဝန်ဆောင်မှုကောင်းများ၊ အရည်အသွေးပြည့်ဝပြီး သင်လွယ်တတ်လွယ်သော လုပ်သားအင်အားနှင့် ဥဒဏပစ္စည်းဆိုင်ရာ အခွင့်အရေးများ ကာကွယ်ပေးနိုင်မှုတို့ ပိုမိုအားကောင်းစေခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုလွယ်ကူချောမွေ့လာအောင် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

### စီမံကိန်းသစ်နှစ်ခု ဆောင်ရွက်သွားမည်

COVID-19 ကပ်ရောဂါကူးစက်မှုက နိုင်ငံများရဲ့ ကျန်းမာရေးကဏ္ဍကိုသာမက စီးပွားရေးနဲ့ လူမှုရေးကဏ္ဍတို့ကိုပါ ပြင်းထန်စွာ ရိုက်ခတ်လျက်ရှိရာ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများအနေနဲ့ အကြီးမားဆုံး ရင်ဆိုင်နေရတဲ့ ပြဿနာတစ်ရပ်ကတော့ အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာ ပြဿနာပဲဖြစ်ပါတယ်။ ဒီလို အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ဖော်ဆောင်ပေးနိုင်ရန်နှင့် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုစီးဝင်လာစေရန်အတွက် နိုင်ငံတော်အစိုးရအနေနဲ့ အခြေခံအဆောက်အဦဆိုင်ရာ စီမံကိန်းသစ် နှစ်ခုဖြစ်တဲ့ မွန်ပြည်နယ်တွင် ဆောင်ရွက်မည့် အထူးစီးပွားရေးဇုန်နှင့် ရန်ကုန်မြို့အနောက်ဘက်တွင် ဆောင်ရွက်မည့် စက်မှုဇုန်စီမံကိန်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာ-ဂျပန် ရင်းနှီးမြှုပ်နှံမှုဖိုရမ်တွင် ကြေညာခဲ့ပါတယ်။

### လုံခြုံမှုကိုလည်း ပေးစွမ်းနိုင်ရမှာဖြစ်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် အနေနဲ့လည်း "အလုပ်အကိုင် အခွင့်အလမ်းကောင်းများ ဖန်တီးဖော်ဆောင်ပေးနိုင်ရေးသည် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP)၏ အနှစ်သာရလည်း ဖြစ်ပါကြောင်း၊ ရေရှည်တည်တံ့ပြီး အရည်အသွေး ပြည့်ဝသော ရင်းနှီးမြှုပ်နှံမှုများကို ဖော်ဆောင်နိုင်ခြင်းမရှိပါက ကောင်းမွန်သည့် အလုပ်အကိုင်များ ဖန်တီးနိုင်ရေးနှင့် စစ်မှန်သော တိုးတက်မှုများ ရရှိနိုင်ရေးတို့သည် အလှမ်းကွာဝေးနေမည်ဖြစ်ပါကြောင်း၊ အရည်အသွေးပြည့်ဝသော ရင်းနှီးမြှုပ်နှံမှုဖြစ်စေဖို့ လုပ်ခလစာများပြားရုံသာမက ဝန်ထမ်းများအတွက် လုံခြုံမှုကိုလည်း ပေးစွမ်းနိုင်ရမှာ ဖြစ်ပါကြောင်း" ဗီဒီယိုမိန့်ခွန်းမှာ ထည့်သွင်းပြောကြားခဲ့ပါတယ်။

### မကြာမီ အကောင်အထည်ဖော်မည်

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းကလည်း "သီလဝါအထူးစီးပွားရေးဇုန်၏ အောင်မြင်မှုကို နမူနာယူ၍ မြန်မာနိုင်ငံတွင် လက်ရှိလည်ပတ်ဆောင်ရွက်လျက်ရှိသော အထူးစီးပွားရေးဇုန်များထက် သာလွန်ကောင်းမွန်ပြီး ပိုမိုကြီးမားရုံသာမက အိန္ဒိယသမုဒ္ဒရာနှင့် ပစိဖိတ်သမုဒ္ဒရာတို့ကို ချိတ်ဆက်နိုင်ပြီး မဟာမဲခေါင်ဒေသခွဲ အရှေ့-အနောက် စီးပွားရေးစင်္ကြံမှ တစ်ဆင့် သီလဝါအထူးစီးပွားရေးဇုန်နှင့် ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့တို့ ချိတ်ဆက်နိုင်မည့် အထူးစီးပွားရေးဇုန် အသစ်တစ်ခုကို ထူထောင်သွားမည်ဖြစ်ကြောင်း"၊ မွန်ပြည်နယ်တွင် ဆောင်ရွက်မည့် အထူးစီးပွားရေးဇုန်နှင့်စပ်လျဉ်း၍ ပြောကြားခဲ့ပြီး၊ ရန်ကုန်မြို့ အနောက်ဘက်တွင် အကောင်အထည်ဖော် ဆောင်ရွက်မည့် စီမံကိန်းနှင့်စပ်လျဉ်း၍ "ရန်ကုန်မြို့တော်ကို အာရှ၏ ထိပ်တန်းမြို့တော်အဖြစ် ပြန်လည်ရပ်တည်နိုင်စေရန် ရည်ရွယ်၍ စက်မှုဇုန်နှင့် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အဦများကို ရန်ကုန်မြို့၏ အနောက်ဘက်တွင် တည်ဆောက်နိုင်ရေး နိုင်ငံတော်အစိုးရအနေဖြင့် ဆွစ်ယှဉ်ပြိုင်တင်ဒါစနစ် (Swiss Challenge) ကို မကြာမီ အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ နိုင်ငံတကာအကြံပေးအဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပွင့်လင်းမြင်သာမှုရှိသော၊ ယှဉ်ပြိုင်နိုင်စွမ်းရှိသော တင်ဒါဖြစ်စေရန် နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း" ပြောကြားခဲ့ပါတယ်။

မဟာမဲခေါင်ဒေသခွဲ အရှေ့-အနောက် စီးပွားရေးစင်္ကြံ၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် ၆၂ ကီလိုမီတာ အရှည်ရှိ ပဲခူး-ကျိုက်ထို အမြန်လမ်းစီမံကိန်းအတွက် အာရှဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေအမေရိကန်ဒေါ်လာ ၄၈၃ ဒသမ ၈ သန်းရယူရန် ပြည်ထောင်စုလွှတ်တော်ကလည်း အတည်ပြုထားပြီးဖြစ်ရာ သီလဝါ အထူးစီးပွားရေးဇုန်နှင့် မွန်ပြည်နယ်တွင် ဆောင်ရွက်မည့် အထူးစီးပွားရေးဇုန်တို့ သန်လျင်-ပဲခူးလမ်းနှင့် ပဲခူး-ကျိုက်ထို အမြန်လမ်းတို့မှတစ်ဆင့် အပြန်အလှန်ချိတ်ဆက်ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရုံသာမက မြန်မာနိုင်ငံအနေဖြင့် ဗီယက်နမ်နိုင်ငံ ဒါနန်းမှတစ်ဆင့် လာအိုနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သို့ပါ ချိတ်ဆက်ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုပွင့်လင်းလာမှာ ဖြစ်ပါတယ်။

> **"အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ဖော်ဆောင်ပေးနိုင်ရန်နှင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ ပိုမိုစီးဝင်လာစေရန်အတွက် နိုင်ငံတော်အစိုးရအနေနဲ့ အခြေခံအဆောက်အဦဆိုင်ရာ စီမံကိန်းသစ်နှစ်ခုဖြစ်တဲ့ မွန်ပြည်နယ်တွင် ဆောင်ရွက်မည့် အထူးစီးပွားရေးဇုန်နှင့် ရန်ကုန်မြို့အနောက်ဘက်တွင် ဆောင်ရွက်မည့် စက်မှုဇုန်စီမံကိန်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာ-ဂျပန် ရင်းနှီးမြှုပ်နှံမှုဖိုရမ်တွင် ကြေညာခဲ့"**

*စာမျက်နှာ ၇ သို့*

# ဖားကန့်မြို့နယ် မက်လင်ချောင်ကျေးရွာ မူလတန်းကျောင်းဝင်း၌ ပေ ၁၇၀ ခန့်ရှိ မြေသားအက်ကွဲကြောင်းများဖြစ်ပေါ်နေမှု စစ်ဆေး

ဖားကန့် ဩဂုတ် ၁

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု မက်လင်ချောင်ကျေးရွာ မူလတန်းကျောင်းဝင်းအတွင်း၌ ပေ ၁၇၀ ခန့်ရှိ မြေသားအက်ကွဲကြောင်းကြီးနှစ်ခု ဖြစ်ပေါ်နေမှုအခြေအနေကို **(အောက်ယာပုံ)** မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၏ အဖွဲ့(၆)အဖွဲ့ခေါင်းဆောင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထွေးဦးဆောင်သည့် စစ်ဆေးရေးအဖွဲ့က ယမန်နေ့ နံနက်ပိုင်းက သွားရောက်စစ်ဆေးကြောင်း သိရသည်။

### နှစ်စဉ်ဖြစ်ပေါ်လေ့ရှိ

စစ်ဆေးတွေ့ရှိမှုအရ ကျေးရွာမူလတန်းကျောင်းသည် စတင်ဆောက်လုပ်ခဲ့စဉ်ကတည်းက မြေသားအက်ကြောင်းများ နှစ်စဉ်ဖြစ်ပေါ်လေ့ရှိပြီး ယခု မြေသားအက်ကွဲကြောင်းကြီးဖြစ်ပေါ်မှုသည် ကျောင်း၏အရှေ့ဘက် YTT တောင်ကုန်း ကျောက်စိမ်းတူးဖော်မှုလုပ်ကွက်များရှိရာဘက်သို့ ပြိုဆင်းကျသွားနိုင်သည့် အနေအထားတွေ့ရသည့်အတွက် ကျောင်းဆောင်အား နေရာပြောင်းရွှေ့ရန် စီစဉ်ထားကြောင်း သိရသည်။

ကျေးရွာ မူလတန်းကျောင်းကို ၂၀၁၅–၂၀၁၆ ပညာသင်နှစ်က မြေမှန်ကျောက်ဖာခုံအပေါ်၌ ဖို့မြေ ပေ ၅၀ ခန့်ဖို့ပြီး အလျားပေ ၁၈၀၊ အနံပေ ၁၇၀၊ ၁ ဒသမ ၈ ဧကခန့် ကျယ်ဝန်းသည့် မြေပေါ်တွင် အခန်းငါးခန်းပါ အုတ်ခင်း၊ သွပ်မိုး၊ သွပ်ကာ၊ အလျားပေ ၁၀၀၊ အနံ ၂၆ ပေရှိ တစ်ထပ်ကျောင်းဆောင် ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မက်လင်ချောင်ကျေးရွာမှ ဒေသခံများကလည်း မိုးများပါက ကျောင်းဆောင်တစ်ခုလုံး ပြိုကျသွားနိုင်သည့်အတွက် စိုးရိမ်မှုများရှိနေပြီး ကျောင်းဆောင်ကို အမြန်ဆုံးပြောင်းရွှေ့ပေးရန် လိုလားနေကြသည်။

ပြောင်းရွှေ့ရပါက ကျေးရွာမူလတန်းကျောင်းအပြင် နှစ်ထပ် ဝန်ထမ်းအိမ်ရာနှစ်ဆောင်နှင့် ကျောင်းအိမ်သာလေးလုံးတို့ပါဝင်ပြီး ဖြစ်စဉ်အခြေအနေကို ပညာရေးဌာနအဆင့်ဆင့်သို့ တင်ပြထားပြီးဖြစ်ကြောင်း အဆိုပါကျောင်းမှ ကျောင်းသားမိဘတစ်ဦးထံက သိရသည်။

**တာလင်းမောင် (ပြန်/ဆက်)**





# ရန်ကုန်အရိုးအထူးကုဆေးရုံကြီး တိုးချဲ့ငါးထပ်ဆောင် တည်ဆောက်ရေးလုပ်ငန်းများ ၇၀ ရာခိုင်နှုန်းခန့် ပြီးစီး

ရန်ကုန် ဩဂုတ် ၁

ရန်ကုန်မြို့ အရိုးအထူးကုဆေးရုံကြီး တိုးချဲ့ငါးထပ်ဆောင် တည်ဆောက်ရေးလုပ်ငန်းများ ယခုအခါ ၇၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း ဆေးရုံတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန တည်ဆောက်ရေး(၁)၊ အဆောက်အဦ အထူးအဖွဲ့ (၁) မှ သိရသည်။

လက်ရှိအချိန်တွင် အုတ်စီအချောသပ်ခြင်းလုပ်ငန်းများ၊ အတွင်းပိုင်းကြွေပြားကပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေပြီး ဆေးရုံသစ်ကြီးအတွင်းအခန်းများ၊ လူနာခန်းများကိုလည်း ထည့်သွင်းတည်ဆောက်လျက်ရှိ ကြောင်း သိရသည်။

အရိုးအထူးကုဆေးရုံကြီး တိုးချဲ့ငါးထပ်ဆောင်ကို ၂၀၁၈ ခုနှစ် ဩဂုတ်လတွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၂၂ ခုနှစ်ခန့်တွင် အပြီးတည်ဆောက်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ အဆောက်အဦမှာ အလျား ၁၅၄ ပေ၊ အနံ ၉၁ ပေရှိပြီး အာစီကွန်ကရစ်အမျိုးအစား ဖြစ်ကြောင်း သိရသည်။

အဆိုပါ တိုးချဲ့ငါးထပ်ဆောင်ကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လုပ်ငန်းအပ်နှံမှုဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန တည်ဆောက်ရေး(၁)၊ အဆောက်အဦအထူးအဖွဲ့(၁)မှတာဝန်ယူတည်ဆောက်နေခြင်းဖြစ်ကြောင်း သိရသည်။ **ထင်ပေါ်ဝင်း(ကမာရွတ်)**

**ဓာတ်ပုံ–လင်းညွန့်**

*စာမျက်နှာ ၆ မှ*

ယခု အကောင်အထည်ဖော်ဆောင်ရွက်မည့် အထူးစီးပွားရေးဇုန်နှင့် စက်မှုဇုန်စီမံကိန်းများတွင် ပါဝင်မည့် စက်မှုလုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ အိမ်ရာအဆောက်အဦ တည်ဆောက်ခြင်းလုပ်ငန်းများနှင့် စားသောက်ကုန်ထုတ်လုပ်သည့် လုပ်ငန်းများမှ အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖော်ဆောင်ပေးနိုင်မည်ဖြစ်ရာ ပြည်ပနိုင်ငံများသို့ ရွှေ့ပြောင်းလုပ်သားများအဖြစ် သွားရောက်လုပ်ကိုင်နေကြရာမှ ယခုအကောင်အထည်ဖော် တည်ဆောက်မည့် အထူးစီးပွားရေးဇုန်နှင့် စက်မှုဇုန်စီမံကိန်းများသည် COVID-19 ကပ်ရောဂါကြောင့် မြန်မာနိုင်ငံသို့ ပြန်လာကြရသည့် ပြည်တော်ပြန်များနှင့် ပြည်တွင်းတွင် အလုပ်အကိုင်အခွင့်အလမ်းများ ရှာဖွေနေသူများအတွက် အခွင့်အလမ်းတစ်ရပ်ပင် ဖြစ်ပါတယ်။

အထူးစီးပွားရေးဇုန်နှင့် စက်မှုဇုန်စီမံကိန်းများကို အကောင်အထည်ဖော်ခြင်းဖြင့် COVID-19 ကပ်ရောဂါကြောင့် စိန်ခေါ်မှုများကို ရင်ဆိုင်ရလျက်ရှိသော်လည်း တိုးတက်မှုအလားအလာများစွာရှိသည့် စက်မှုကဏ္ဍတွင် ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရေးအပါအဝင် အရည်အသွေးပြည့်ဝသည့် အလုပ်အကိုင်အခွင့်အလမ်းသစ်များ ဖော်ဆောင်နိုင်ခြင်းဖြင့် မြန်မာနိုင်ငံအတွင်း ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများ ဖော်ဆောင်နိုင်မှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်ရန် ကြိုးပမ်းမှုတစ်ရပ်အဖြစ် ကျင်းပခဲ့တဲ့ မြန်မာ–ဂျပန် ရင်းနှီးမြှုပ်နှံမှုဖိုရမ်သို့ မြန်မာ–ဂျပန် နှစ်နိုင်ငံအစိုးရအကြီးအကဲများနှင့် ဂျပန်စီးပွားရေးလုပ်ငန်းရှင်များအပါအဝင် စုစုပေါင်း လူဦးရေ ၁၀၀၀ ကျော် တက်ရောက်ခဲ့သည့် Video Conferencing စနစ်ဖြင့် ကျင်းပခဲ့တဲ့ မြန်မာ့အကြီးဆုံး ရင်းနှီးမြှုပ်နှံမှုဖိုရမ်သည် မြန်မာ–ဂျပန် နှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၊ အပြန်အလှန်နားလည်ယုံကြည်မှုနှင့် နှစ်နိုင်ငံပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုများ တိုးပွားခိုင်မာစေမည်ဖြစ်ပြီး မြန်မာနိုင်ငံအတွင်းသို့ ဂျပန်နိုင်ငံနှင့် အခြားကမ္ဘာ့နိုင်ငံများမှ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေရန်အတွက် တွန်းအားတစ်ရပ်ဖြစ်စေမှာ အမှန်ပင် ဖြစ်ပါတော့သည်။




မဟာမဲခေါင်ဒေသခွဲ အရှေ့–အနောက်စီးပွားရေးစင်္ကြံ ဓာတ်မြစ်။ http://mythuyport.com/eastwest-economic-corridor/

◆ *ကျောဖုံးမှ*

သင်္ဘောလေးစင်းရှိပါတယ်။ လက်မှတ်ခလည်း ကျပ် ၃၀၀၀ပါပဲ။ အောက်တိုဘာပြန်စမယ့် Sunset ခရီးစဉ်မှာ လူ ၂၀၀ လောက်ဆံ့ပါတယ်။ ၂၀၁၈ အောက်တိုဘာလမှာ စဖွင့်တဲ့အချိန်ကနေပြီး ထူးထူးခြားခြား အောင်မြင်ခဲ့တယ်။ ဒါပေမယ့် အရှုံးခံ ပြေးဆွဲတဲ့ကာလမို့ ရှုံးတယ်။ ဒါကလည်း ကြိုသိပြီးသားပါ။ ဒုတိယတစ်နှစ်မှာ စီမံချက်အတိုင်း ငမိုးရိပ်ချောင်းကိုဖွင့်ရမယ်။ သန်လျင်ကိုဖွင့်ရမယ်။ အစ်မတို့လိုချင်တဲ့ ဟိုဘက်က ဆိပ်ကမ်းတွေကိုပါ အချိန်နဲ့တစ်ပြေးညီ ရရှိဖို့လိုတယ်။ ဘာလို့လဲဆိုတော့ အရှုံးခံထားတဲ့ ဆိပ်ကမ်းတွေက လုံလောက်တဲ့ ခရီးသည် ရမှာမဟုတ်ဘူး။ အစ်မတို့အတွက် အမြတ်ငွေရရှိနိုင်မယ့် အခြေအနေမရှိဘူး။ ဒါပေမယ့် ဆိပ်ကမ်း ၂၀ ကို ဖွင့်ကိုဖွင့်ရမှာပါ။ အရင် Management Team ရဲ့ အားနည်းချက်၊ လိုအပ်ချက်တွေရှိလို့ လုံးဝပြောင်းလိုက်ပြီ။ နောက်တစ်ချက်က ဆိပ်ကမ်းတွေမရခဲ့လို့ အချိန်မီ မတည်ဆောက်နိုင်ခဲ့ဘူး။ စီမံကိန်းဈေးငွေကို ၁၀၀ ရာခိုင်နှုန်းမရခဲ့ဘဲ အပိုင်းတစ်နဲ့တင် ရပ်သွားတဲ့အတွက် ဆက်လုပ်ဖို့ ကိုယ်ပိုင်ငွေနဲ့ လုပ်ရတဲ့အတွက် အလွန်နှေးသွားတယ်။ Management Team ရဲ့ စီမံခန့်ခွဲမှု လွဲမှားမှုတွေကြောင့် အစ်မတို့ ဂုဏ်သိက္ခာပိုင်းဆိုင်ရာ ထိခိုက်လာတဲ့ အပိုင်းလေးတွေ အများကြီးရှိတယ်။ ဒါတွေကို ပိုင်ရှင်တစ်ယောက်အနေနဲ့ ကိုယ်တိုင်တာဝန်ခံပြီး ဖြေရှင်းပေးတယ်။ လက်ရှိတွဲတဲ့ SAM ဆိုတဲ့ အဖွဲ့က စင်ကာပူမှာ သင်္ဘောဆောက်တဲ့ လုပ်ငန်းလုပ်တယ်။ သူတို့နဲ့ အစ်မက Water Bus မစခင်ကတည်းက ကျွန်းလုပ်ငန်းတွေ လုပ်ကတည်းက မိတ်ဆွေတွေပဲ။ ၁၀၀ ရာခိုင်နှုန်း အောင်မြင်ဖို့ ဈေးနှုန်းကိုမပြောင်းလဲဘဲ သင်္ဘောကို နည်းပညာပြောင်းလဲလိုက်ပြီး Auto system တွေနဲ့ ဖန်တီးထားလို့ သင်္ဘောသားဦးရေနည်းနည်းနဲ့ ယခင်ထက် ဆီစားနှုန်းနှစ်ဆသက်သာလို့ ဒီသင်္ဘောက အရှုံးခံပြီး ပြေးဆွဲစရာမလိုဘဲ နာရီပိုင်းတိုင်းမှာ အမြတ်ရရှိနိုင်မယ့် အခြေအနေမျိုး ဖန်တီးထားပါတယ်။ လိုင်း ၂ အနေနဲ့ ဗိုလ်တထောင်၊ ဗိုလ်တထောင်ကနေ တခြားဆိပ်ကမ်းတွေ ဆက်ဖွင့်ပါမယ်” ဟု ၎င်းက ဆက်ပြောသည်။

ယနေ့စတင်သည့် ရန်ကုန်မြို့ လမ်းသစ်ဆိပ်ကမ်းနှင့် ဒလမြို့နယ် ဆာပါချောင်ဆိပ်ကမ်းသို့ နံနက်ပိုင်း ၆ နာရီမှ ၉ နာရီ ၄၅ မိနစ်အထိနှင့် ညနေပိုင်း ၃ နာရီမှ ည ၇ နာရီခွဲအထိ နှစ်ပိုင်းဖြင့် တစ်နာရီ သုံးခေါက်၊ လေးခေါက်နှုန်းဖြင့် တစ်နေ့လျှင် ၁၆ ခေါက်မှ ၂၀ အထိ ပြန်လည်ပြေးဆွဲသွားမည်ဖြစ်ပြီး ခရီးသည် ၈၅ ဦး လိုက်ပါနိုင်ကြောင်း၊ ဝန်ဆောင်မှုများကို ကိုဗစ်ကာလအလွန်တွင် ထပ်မံတိုးမြှင့်သွားရန်ရှိကြောင်း သိရသည်။

Yangon Water Bus သည် ၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် စတင်ပြေးဆွဲခဲ့ပြီး ရန်ကုန်မြို့နှင့် သန်လျင်၊ ကျောက်တန်း၊ တွံတေးခရီးစဉ်များနှင့် ရန်ကုန်ပင်လယ်ဝ Sunset ခရီးစဉ်များမှာ လူကြိုက်များခဲ့သည့်အပြင် စင်းလုံးငှားခရီးစဉ် အစီအစဉ်ရှိကြောင်း သိရသည်။

**သန့်ဇင်ဝင်း**

**ဓာတ်ပုံ– တင်စိုး**

# ချင်းပြည်နယ်ဝန်ကြီးချုပ် ဖလမ်းမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံ

**ဖလမ်း သြဂုတ် ၁**

ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်သည် ဖလမ်းမြို့နယ်အတွင်း ဒေသခံပြည်သူများနှင့် ဇူလိုင် ၃၁ ရက်က တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ပြည်နယ် ဝန်ကြီးချုပ်သည် ဖလမ်းမြို့ လုံပီးရပ်ကွက် ဇာလိုင်ရပ်ကွက်၊ တာလ်အုပ်စုအတွင်း ကျေးရွာဒေသခံပြည်သူများနှင့် ဖလမ်းမြို့ လုံပီးရပ်ကွက် သဘာဝဘေးဒဏ်ခံ အဆောက်အအုံခန်းမတွင် တွေ့ဆုံပြီး အမှာစကားပြောကြားကာ ဒေသခံပြည်သူများ၏ ဒေသဖွံ့ဖြိုးရေး တင်ပြချက်များကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ရွှေတောင်ကုမ္ပဏီမှ ဆောက်လုပ်လှူဒါန်းသည့် ဖလမ်းမြို့ လုံရန်း အခြေခံပညာအထက်တန်းကျောင်း(ခွဲ) စာသင်ဆောင် RCC နှစ်ထပ်တိုက် ဆောက်လုပ်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ကုမ္ပဏီမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။



ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ် ဖလမ်းမြို့နယ်အတွင်းရှိ ဒေသခံများနှင့် တွေ့ဆုံစဉ်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် ဖလမ်းမြို့နယ် သီးလီကျေးရွာနှင့် အနီးနားရှိဒေသခံပြည်သူများနှင့် သီးလီကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ တွေ့ဆုံပြီး ကျေးရွာဒေသခံပြည်သူများ၏ ဒေသဖွံ့ဖြိုးရေး တင်ပြချက်များကို ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

# ကျွန်းစုမြို့နယ် မြစိမ်းရောင်(ငါးကဏ္ဍ) ကျေးရွာကော်မတီ ပြန်လည်ဖွဲ့စည်း

**ကျွန်းစု သြဂုတ် ၁**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ် ငါးလုပ်ငန်း ဦးစီးဌာနသည် ကျေးရွာနေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိ၍ မိသားစုဝင်ငွေတိုးကာ ဆင်းရဲမှုလျှော့ချနိုင်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်လျက် ကံမော်ကျေးရွာ မြစိမ်းရောင် (ငါးကဏ္ဍ) စီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ သက်တမ်းသုံးနှစ်ပြည့်ပြီဖြစ်သဖြင့် ဒုတိယအကြိမ် ကျေးရွာကော်မတီပြန်လည်ရွေးချယ် တာဝန်ပေးအပ်ခြင်းကို ယမန်နေ့က ကံမော်ကျေးရွာ ဘုန်းကြီးကျောင်း ဓမ္မာရုံ၌ ပြုလုပ်သည်။ **(အောက်ပုံ)**

အခမ်းအနားတွင် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးညီညီလင်းထွဋ်က ကျေးရွာကော်မတီများ ပြန်လည်ရွေးချယ်ရာတွင် သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူ၊ စိတ်ပါဝင်စားစွာ လုပ်ကိုင်နိုင်သူများအား ရွေးချယ်ပေးကြရန် ရှင်းလင်း ပြောကြားသည်။ ထို့နောက် တက်ရောက်လာသည့် ကျေးရွာသူ/သားများက ယခင်ကော်မတီဥက္ကဋ္ဌ ဦးသန်းဌေးပါ ခုနစ်ဦးကိုသာ ဆက်လက်တာဝန်ပေးအပ်ရန်နှင့် ရပ်ကွက်(၂)မှ လိုအပ်သော ကော်မတီဝင် နှစ်ဦးအား ထပ်မံထည့်သွင်းဖွဲ့စည်းပေးရန် တင်ပြချက်အရ ဆန္ဒမဲပေး ရွေးချယ်စေပြီး စုစုပေါင်း ကျေးရွာကော်မတီ ကိုးဦးဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်သည်။

ဆက်လက်ပြီး အတိုးရရှိငွေဖြင့် ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆွေးနွေးခဲ့ပြီး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# မကွေးတိုင်းဒေသကြီး ငါးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**နေပြည်တော် သြဂုတ် ၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝေလင်းမောင်သည် မွေးမြူရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာ အောင်နိုင်ဦးနှင့်အတူ မကွေးတိုင်းဒေသကြီး မကွေးခရိုင် မြို့သစ်မြို့တွင် တည်ဆောက်နေသော မြို့သစ်မြို့ တစ်လုပ်ပင်ကျေးရွာအုပ်စု ကန်ကြီးကန်အတွင်း မြေဧရိယာ ၇ ဒသမ ၁၄ ဧကတွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းခွင့်ပြုငွေကျပ် ဖ၈ ဒသမ ၉၀ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ငါးသားဖောက်စခန်းသစ်သို့ ယနေ့နံနက်ပိုင်းက စခန်းတည်ဆောက်ပြီးစီးမှု အခြေအနေများကို




သွားရောက်ကြည့်ရှုစစ်ဆေးရာ တိုင်းဒေသကြီးငါးလုပ်ငန်း ဦးစီးမှူး ဦးမြင့်ရွှေနှင့် တည်ဆောက်ရေးတာဝန်ခံတို့က လက်ရှိဆောင်ရွက်ပြီးစီးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။ **(အပေါ်ပုံ)**

အဆိုပါ ရှင်းလင်းတင်ပြချက်များအပေါ် ညွှန်ကြားရေးမှူးချုပ်က လုပ်ငန်းများ အချိန်မီပြီးစီးရေးနှင့် အရည်အသွေးပြည့်မီစွာ ဆောင်ရွက်နိုင်ရေးတို့ကို မှာကြားသည်။ ထို့နောက် တောင်တွင်းကြီး ငါးလုပ်ငန်းစခန်းသို့ သွားရောက်ပြီး ကိုဗစ်-၁၉ စီးပွားရေး ကုစားမှုအစီအစဉ်အရ နိုင်ငံတော်မှ ငါးမွေးတောင်သူများသို့ ထောက်ပံ့ပေးမည့် မျိုးငါးနှင့် ငါးသားပေါက်ဖြန့်ဖြူးနိုင်ရန် စီစဉ်ဆောင်ရွက်ထားမှု အခြေအနေများကို စစ်ဆေးခဲ့ပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးအလေ့အကျင့်ကောင်းဖြင့် သီးနှံစုံဧက ၇၀၀၀ ကျော် စိုက်ပျိုးထား

**မုံရွာ သြဂုတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (ဂျီအေပီ) စနစ်ဖြင့် သီးနှံစုံဧက ၇၀၀၀ ကျော်ကို စိုက်ပျိုးထားပြီးဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"လက်ရှိမှာ ဂျီအေပီစနစ်နဲ့ စိုက်ပျိုးထားတဲ့ စပါးနဲ့အခြားသီးနှံစုံဧက ၇၀၀၀ ကျော်ကို အကောင်အထည်ဖော် စိုက်ပျိုးပြီး ဖြစ်ပါတယ်။ ဂျီအေပီစနစ်နဲ့ စိုက်မယ်ဆိုရင် ပထမဆုံး ရေ၊ မြေတွေကို စစ်ဆေးတာတွေလုပ်ရတယ်။ မန္တလေးနဲ့ ရန်ကုန်မြို့မှာရှိတဲ့ ဓာတ်ခွဲခန်းတွေကို ပို့ပြီးစစ်ဆေးရတာဖြစ်လို့ အချိန်ကြန့်ကြာမှု တွေရှိတယ်။ လျာထားချက်ပြည့်မီအောင် ကြိုးစားလုပ်ဆောင်နေတယ်။ တောင်သူများရဲ့ ဝင်ငွေပိုမိုရရှိရေး အစားအစာ ဘေးကင်းလုံခြုံရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနနဲ့ နိုင်ငံတော်အကြီးအကဲများရဲ့ ကြီးကြပ်မှုနဲ့သွားနေတဲ့ ဂျီအေပီလမ်းကြောင်းပေါ်မှာ အတော်အသင့်ရောက်နေပြီလို့ ပြောရမှာဖြစ်တယ်။ ဆက်လက်ပြီး ဂျီအေပီလုပ်ငန်းတွေ အောင်မြင်ဖို့ အထက်အဆင့်ဆင့် အကြီးအကဲများ၊ တောင်သူများ၊ စိုက်ပျိုးရေးပညာရှင်များ၊ အမ်ဂျီအိုများ၊ အဖွဲ့အစည်းအစုံနဲ့ ပေါင်းစပ်ပြီး အောင်မြင်အောင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးအောင်ကြည်ဝင်းက ပြောသည်။

ယခုဘဏ္ဍာနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ(ဂျီအေပီ) စနစ်ဖြင့် မိုးစပါးအပါအဝင် သီးနှံမျိုးစုံ ဧက ၂၅၀၀၀ စိုက်ပျိုးနိုင်ရေး လျာထားဆောင်ရွက်လျက်ရှိရာ ဇူလိုင်လအကုန်တွင် ဧက ၇၀၀၀ ကျော် စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

# ပုဂံ- ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုဇုန်အတွင်း ပုဂံပလတ်စတစ်ကမ်ပိန်းအဖွဲ့က ဦးဆောင်၍ အမှိုက်ကောက်၊ အမှိုက်သိမ်းခြင်းများ ဆောင်ရွက်

**ညောင်ဦး သြဂုတ် ၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံ- ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ယနေ့နံနက်ပိုင်းက ပုဂံပလတ်စတစ်ကမ်ပိန်းအဖွဲ့နှင့်အတူ ညောင်ဦးမြို့နယ် အခြေစိုက်အဖွဲ့အသီးသီးတို့ ပူးပေါင်းပါဝင်ကာ ပလတ်စတစ်အမှိုက်ကောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

ပုဂံ-ညောင်ဦး ရှေးဟောင်း ယဉ်ကျေးမှုဇုန်အတွင်း ပုဂံပလတ်စတစ် ကမ်ပိန်းအဖွဲ့နှင့်အတူ ညောင်ဦးခရိုင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ပုဂံ-ညောင်ဦး ဧည့်လမ်းညွှန်အသင်းမှ အဖွဲ့များ၊ ညောင်ဦးမြို့ သံတဲဟိုတယ်အဖွဲ့၊ ခေတ်သစ်မောင်မောင်မယ် အဖွဲ့၊ Balloons Over Bagan အဖွဲ့သားများ၊ ထွန်းဖောင်ဒေးရှင်း ဘဏ်ဝန်ထမ်းများ၊ မိခင်နှင့်အဖွဲ့များ၊ ကိုဖိုးသူ၊ မခင်ထက်နေတေဇာမောင်နှင့် အဖွဲ့များပူးပေါင်းကာ ပုဂံမြို့သစ် စိမ်းညက်ညီအစ်မဘုရားမှ စတင်ကာလမ်းဘေးဝဲယာ ပလတ်စတစ်အမှိုက်များ၊ ဘူးခွံများ ကောက်ယူကာ ကုမုဒြာဟိုတယ် သွားရာလမ်းနှင့် ဘေးဘက်ကွင်းပြင်ရှိ ပလတ်စတစ်အမှိုက်များ လိုက်လံကောက်ယူရှင်းလင်းခဲ့ကြောင်း ပုဂံပလတ်စတစ်ကမ်ပိန်းအဖွဲ့အတွင်းရေးမှူး ဦးမိုးမင်းအောင်ထံမှ သိရသည်။



ပုဂံပလတ်စတစ်ကမ်ပိန်းအဖွဲ့နှင့်အတူ စုပေါင်းအမှိုက်ကောက်ကူသိုလ်ယူသူများအား Royal-D Co.,Ltd က သီးစုံ ဓာတ်ဆားဖျော်ရည်ဘူးများ၊ ပလတ်စတစ်ကမ်ပိန်းက ကောက်ညှင်းပေါင်းများဖြင့် အာဟာရဒါနပြုခဲ့ကြောင်း သိရပြီး စနေနေ့တိုင်း ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုဇုန်အား ပုဂံပလတ်စတစ်ကမ်ပိန်းအဖွဲ့က ဦးဆောင်ကာ ပုဂံ- ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုဇုန် ပလတ်စတစ်ကင်းစင်ရေး အပတ်စဉ် အမှိုက်ကောက်ကြကြောင်း သိရသည်။

**မောင်မောင်ထိန်**
**(ကျောက်ပန်းတောင်း)**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် သြဂုတ် ၁**

မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မိုး/ဇလ**

# ခရီးသွားမယ်ဆိုရင် ဘာတွေလုပ်ဆောင်ရမလဲ

**နိုင်ငံတိုင်းမှာ ကမ္ဘာလှည့်ခရီးသွားတွေကို ဆွဲဆောင်ဖို့အတွက် Brand Name လို့ ခေါ်တဲ့ စာသားလေးတွေကို ရေးသားဖန်တီးပြီး နိုင်ငံကိုယ်စားပြုကြော်ငြာတာကို ခရီးသွားလုပ်ငန်းနဲ့ မစိမ်းတဲ့သူတွေ၊ ခရီးသွားလုပ်ငန်းကို စိတ်ပါဝင်စားသူတွေဂရုပြုမိကြမှာပါ။ ဥပမာ- မလေးရှားနိုင်ငံဆိုရင် "Malaysia Truly Asia"၊ ထိုင်းနိုင်ငံဆိုရင် "Amazing Thailand" စသည်ဖြင့် Brand Name လေးတွေ ပေးထားကြပါတယ်။**

မြန်မာနိုင်ငံဆိုရင် "Myanmar Be Enchanted" လို့ ပေးထားပါတယ်။ ဒီ Brand Name ကို မြန်မာနိုင်ငံရဲ့ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးလုပ်ငန်းတွေအတွက် အသုံးပြုကြပါတယ်။ အဓိကအားဖြင့်တော့ မီဒီယာတွေမှာပေါ့။

ကိုဗစ်-၁၉ ကပ်ရောဂါကြီး ဖြစ်ပွားနေချိန်မှာ ကာလ အတန်ကြာရပ်ဆိုင်းနေတဲ့ ခရီးသွားလုပ်ငန်းတွေဟာ အခုဆိုရင် ပြန်လည်စတင်ဖို့ တာစူနေကြပါပြီ။ ဒီတော့ အိပ်ပျော်နေတဲ့ ခရီးသွားနဂါးကြီးကို လှုပ်နှိုးဖို့အတွက် နိုင်ငံတော်တော်များများဟာ မိမိတို့နိုင်ငံရဲ့ Brand Name ကို ပြန်လည်ပြင်ဆင်လာကြပါတယ်။ အိုက်စလန်နိုင်ငံဆိုရင် ကိုဗစ်-၁၉ ကြောင့် လူတွေအိမ်မှာနေရတာကြာတဲ့အတွက် မွန်းကျပ်လာမှုတွေကို ဖြေဖျောက်ဖို့အတွက် ခရီးသွားဖို့ကို "Looks Like You Need to Let it Out" "သင့်ကို ကြည့်ရတာ ဖောက်ထွက်ပစ်လိုက်ဖို့ လိုအပ်နေပြီ" ဆိုတဲ့စာသားနဲ့ ဆွဲဆောင်ထားပါတယ်။

ကိုဗစ်-၁၉ ကြောင့် နိုင်ငံရဲ့စီးပွားရေးလုပ်ငန်းတွေ ထိခိုက်ခဲ့ရတာကို ခရီးသွားလုပ်ငန်းနဲ့ ပြန်လည်ကုစားဖို့ ကြိုးစားလာကြတာအပြင် ခရီးသွားလာခြင်းဟာ လူသားတွေရဲ့ လိုအပ်ချက်တစ်ခုဖြစ်တာကြောင့် ခရီးသွားလုပ်ငန်းတွေကို နည်းလမ်းကြံဆ ဖွင့်လှစ်ဖို့ကြိုးပမ်းလာကြတာ ဖြစ်ပါတယ်။ ဥပမာ- Travel Bubble လို့ ခေါ်တဲ့ စိတ်ချရတဲ့ နိုင်ငံအချင်းချင်း အပြန်အလှန် လည်ပတ်ခရီးသွားမှုကို ဖော်ဆောင်တာတွေ၊ ပြည်တွင်းခရီးသွားတွေနဲ့ ခရီးသွားလုပ်ငန်းကို ပြန်လည် လည်ပတ်စတင်ဖို့ လုပ်ဆောင်လာတာတွေ စသည်ဖြင့်ပေါ့လေ။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း ၇-၇-၂၀၂၀ ရက်နေ့က ကျင်းပပြုလုပ်ခဲ့တဲ့ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီအစည်းအဝေးကို အမှာစကားပေးပို့ရာမှာ "ဟိုတယ်နဲ့ ခရီးသွားလုပ်ငန်းတွေအနေနဲ့ ပြည်တွင်းခရီးသွားလုပ်ငန်းကိုသာ ဦးစွာလုပ်ဆောင်ရမှာဖြစ်ကြောင်း၊ ဒီလိုလုပ်ဆောင်ရာမှာ ခရီးသွားရော ဝန်ဆောင်မှုပေးတဲ့ ဝန်ထမ်းရော ဘေးကင်းလုံခြုံမှုကို ပထမဦးစားပေးအနေနဲ့ ဆောင်ရွက်ရမှာဖြစ်ကြောင်း" မှာကြားခဲ့ပါတယ်။ မှန်ပါတယ်။ မြန်မာစကားပုံတစ်ခုဖြစ်တဲ့ "အစားမတော်တစ်လုတ်၊ အသွားမတော်တစ်လှမ်း" ဆိုသလိုပါပဲ။ ခရီးသွားလာရခြင်းဟာ ကြိုတင်ပြင်ဆင်မှုနဲ့ ဆင်ခြင်သုံးသပ်ခြင်းမရှိရင် ဘေးဒုက္ခအန္တရာယ်နဲ့ ကြုံတွေ့ရနိုင်ပါတယ်။ အခုလိုကူးစက်တတ်တဲ့ ကပ်ရောဂါကြီးဖြစ်ပွားနေချိန်မှာ မမြင်ရတဲ့ ရန်သူကို ရှောင်လွှဲဖို့ဆိုတာ အလွန်ခက်ပါတယ်။

ဂရုစိုက်ကြီးစွာပြုနိုင်ပါမှ ကာကွယ်နိုင်မှာဖြစ်ပါတယ်။

> ❖ ကိုဗစ်- ၁၉ ကြောင့် နိုင်ငံရဲ့စီးပွားရေးလုပ်ငန်းတွေ ထိခိုက်ခဲ့ရတာကို ခရီးသွားလုပ်ငန်းနဲ့ ပြန်လည်ကုစားဖို့ ကြိုးစားလာကြတာအပြင် ခရီးသွားလာခြင်းဟာ လူသားတွေရဲ့ လိုအပ်ချက်တစ်ခုဖြစ်တာကြောင့် ခရီးသွားလုပ်ငန်းတွေကို နည်းလမ်းကြံဆ ဖွင့်လှစ်ဖို့ ကြိုးပမ်းလာကြတာ ဖြစ်ပါတယ်။
>
> ❖ ယခုဆိုရင် ခရီးစဉ်ဒေသများမှာ ပြည်တွင်းခရီးသွားများနဲ့ တစ်စတစ်စ ပြန်လည်စည်ကားသက်ဝင်လာတာကို တွေ့ရမှာဖြစ်ပါတယ်။

ကဲ - ဒါဆိုရင် ခရီးသွားချင်နေသူတွေ၊ မဖြစ်မနေခရီးသွားရမယ့်သူတွေအနေနဲ့ ဘာတွေလုပ်ဆောင်ရမလဲ။ အောက်ပါအချက်(၁၀)ချက်ကတော့ World Travel and Tourism Council က အကြံပြုထားတဲ့ ခရီးသွားတဲ့အခါ လိုက်နာလုပ်ဆောင်သင့်တဲ့ အချက်တွေပဲ ဖြစ်ပါတယ်။

**(၁) မျက်နှာဖုံးဝတ်ဆင်ပါ။**

အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါဖြစ်တာကြောင့် နှာခေါင်းနဲ့ ပါးစပ်ကို အဓိက ဖုံးအုပ်နိုင်တဲ့ မျက်နှာဖုံး Face Mask ဒါမှမဟုတ် Face Shield ကို ဝတ်ဆင်ပါ။ ၎င်းကို လူလူချင်းထိတွေ့ဆက်ဆံတဲ့နေရာမှာ၊ ယာဉ်၊ ရထားတွေ စီးနင်းတဲ့နေရာမှာ၊ လေ့လာရေးနဲ့ အလည်အပတ်သွားတဲ့အခါတွေမှာ ဝတ်ဆင်ရမှာ ဖြစ်ပါတယ်။

**(၂) လက်ဆေးပါ။**

လက်ကို ရေ၊ ဆပ်ပြာအသုံးပြုပြီး စနစ်တကျနဲ့ မကြာခဏဆေးကြောပါ။ ရေမရနိုင်တဲ့နေရာတွေမှာ အယ်လ်ကိုဟော ၆၀ ရာခိုင်နှုန်းပါဝင်တဲ့ လက်သန့်ဆေးရည်ကို တစ်ပါတည်း သယ်ဆောင်သွားရမှာဖြစ်ပါတယ်။

**(၃) တစ်ဦးနဲ့တစ်ဦးခပ်ခွာခွာနေပါ။**

အခြားသူများနဲ့ မိမိကိုယ်ကို ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန် သတ်မှတ်အကွာအဝေးအတိုင်း နေထိုင်ရမှာဖြစ်ပါတယ်။ သတိပေးဆိုင်းဘုတ်များကို သေချာစွာဖတ်ရှုပြီး ညွှန်ကြားချက်များကို တိတိကျကျလိုက်နာဖို့လည်း လိုအပ်ပါတယ်။

**(၄) သင်၏ ခရီးစဉ်အတွက် ဝန်ဆောင်မှုများကို အွန်လိုင်းမှတစ်ဆင့်မှာယူပါ။**

လူအချင်းချင်းထိတွေ့မှုကို လျှော့ချနိုင်ဖို့ ခရီးသွားလာမှုအတွက် လိုအပ်တဲ့ ဝန်ဆောင်မှုများကို ရယူရန် အွန်လိုင်းကို အသုံးပြုသင့်ပါသည်။ ဥပမာ- လေယာဉ်လက်မှတ်၊ ကားလက်မှတ်များဝယ်ယူခြင်းနှင့် ဟိုတယ်အခန်းကို ကြိုတင်စာရင်းသွင်း မှာကြားခြင်း။

**(၅) မိမိခရီးစဉ်ကို စနစ်တကျ ကြိုတင်ပြင်ဆင်ပါ။**

လူစုလူဝေးကို ရှောင်လွှဲနိုင်ရန်နှင့် ကျန်းမာရေးသတိပေးချက်များ၊ ခရီးသွားလာမှုဆိုင်ရာသတင်းအချက်အလက်များကို စဉ်ဆက်မပြတ်ရရှိနိုင်ရန် စီစဉ်ထားရပါမည်။ ယင်းအတွက် မိုဘိုင်းဖုန်းဆော့ဝဲများနှင့် သတင်းအရင်းအမြစ်များရှိရာကို ကြိုတင်ချိတ်ဆက်ထားရမည်။

**(၆) ငွေသားဖြင့်ပေးချေမှုများကို ရှောင်ရှားပါ။**

ခရီးစဉ်အတွင်း ငွေပေးချေမှုများတွင် ငွေသားဖြင့်ပေးချေမှုကို တတ်နိုင်သမျှ ရှောင်ရှား၍ ထိတွေ့မှုအနည်းဆုံးဖြစ်သော မိုဘိုင်းဖုန်း၊ ကတ်စနစ်တို့ကို အသုံးပြု၍ ပေးချေခြင်းပြုလုပ်ပါ။

**(၇) သွားလာလည်ပတ်ရာတွင် လမ်းလျှောက်ခြင်း (သို့မဟုတ်) စက်ဘီးစီးလည်ပတ်ခြင်းပြုလုပ်ပါ။**

လမ်းလျှောက်ခြင်း (သို့မဟုတ်) စက်ဘီးစီး၍ လည်ပတ်ခြင်းသည် လူအများနှင့်ထိတွေ့မှုကို လျှော့ချနိုင်ပြီး၊ သဘာဝပတ်ဝန်းကျင် ထိခိုက်ညစ်ညမ်းမှုကိုပါ လျှော့ကျစေနိုင်သဖြင့် လိုက်နာဆောင်ရွက်သင့်ပါသည်။

**(၈) ပြင်ပနေရာများတွင် နေထိုင်ပါ။**

လေအေးပေးစက်ဖွင့်ထားသော အခန်းများနှင့် လူထူထပ်သော အလုံပိတ်နေရာများတွင် နေထိုင်ခြင်းကို တတ်နိုင်သမျှရှောင်ရှားပြီး၊ သဘာဝလေကောင်းလေသန့် ရရှိနိုင်သည့် ပြင်ပနေရာများ (ဥပမာ-ပန်းခြံများ၊ စိမ်းလန်းစိုပြည်သော ပတ်ဝန်းကျင်နေရာများ) တွင် နေထိုင်အပန်းဖြေပါ။

**(၉) ပေါ့ပေါ့ပါးပါးခရီးသွားပါ။**

ခရီးသွားလာရာတွင် မိမိအတွက် လိုအပ်သလောက် ပစ္စည်းအသုံးအဆောင်များကိုသာ သယ်ဆောင်သွားပါ။ တစ်ကိုယ်ရေသုံးပစ္စည်းများ ဖောင်းပွခြင်းသည် ခရီးသွားရာတွင် နှောင့်နှေးကြန့်ကြာမှုကို ဖြစ်စေနိုင်ပြီး၊ ဗိုင်းရပ်စ်ကပ်ငြိမှုကို ဖြစ်စေနိုင်ပါသည်။


**(၁၀) စိတ်ရှည်သည်းခံပါ။ အခြားသူများကို လေးစားပါ။**

ကိုဗစ်-၁၉ ကာလအတွင်း တန်းစီစောင့်ဆိုင်းရခြင်း၊ လိုအပ်သော အခြေခံကျန်းမာရေးစစ်ဆေးမှုများခံယူရခြင်း၊ စစ်တမ်းလွှာများ၊ မေးခွန်းများဖြေကြားပေးရခြင်းနှင့် အသိပညာပေးမှုများ၊ ညွှန်ကြားမှုများခံယူရခြင်းတို့ ရှိနိုင်သဖြင့် ခရီးသွားလာရာတွင် စိတ်ရှည်သည်းခံ၍ ပူးပေါင်းကူညီဆောင်ရွက်မှုများ ပြုလုပ်ပေးရန် လိုအပ်ပါသည်။ အလားတူ အခြားသူများ၏ အခွင့်အရေးနှင့် လွတ်လပ်မှုကို လေးစားလိုက်နာရန်လည်း လိုအပ်ပါသည်။

ဖော်ပြချက်များကို အစိုးရပိုင်းကသာမက ခရီးသွားများ၊ လုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများနှင့်ဝန်ဆောင်မှုပေးသူများကပါ အလေးထားလိုက်နာဆောင်ရွက်ပါက ခရီးသွားခြင်းမှ ကိုဗစ်-၁၉ ပြန့်ပွားခြင်းကို ဟန့်တားပေးနိုင်မှာဖြစ်ပါတယ်။

ယခုဆိုရင် ခရီးစဉ်ဒေသများမှာ ပြည်တွင်းခရီးသွားများနဲ့ တစ်စတစ်စ ပြန်လည်စည်ကားသက်ဝင်လာတာကို တွေ့ရမှာဖြစ်ပါတယ်။

ဒါကြောင့် ခရီးသွားများအနေနဲ့ တစ်ယောက်က အစ အများဆိုသလို မိမိကပင်စတင်၍ လိုက်နာဆောင်ရွက်ကြပါစို့လို့ တိုက်တွန်းရေးသား တင်ပြလိုက်ရပါတယ်။ ။




## မိုင်းပန်မြို့နယ်အတွင်းရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း မဲပေးခွင့် မဆုံးရှုံးစေရန် ထုတ်ပြန်ထားသော ဆန္ဒမဲစာရင်း၌ အချက်အလက်များ တိကျမှန်ကန်စေရေးပြင်ဆင်လျှောက်ထားလျက်ရှိ

မိုင်းပန် ဩဂုတ် ၁

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရာတွင် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပထမအကြိမ် မဲစာရင်းများအား ဇူလိုင် ၂၅ ရက်က မိုင်းပန်မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတို့တွင် စတင်ကပ်ထားကြေညာလျက်ရှိရာ အဆိုပါ မဲစာရင်း၌ အချက်အလက်များ မှန်ကန်ပြည့်စုံမှုရှိစေရေးအတွက် ပြည်သူများက မဲစာရင်းကပ်ထားရာနေရာသို့ လာရောက်ကြည့်ရှုကြ၍ ပြင်ဆင်ရန်ရှိသည့် အချက်အလက်များအား ပြင်ဆင်လျှောက်ထားလျက်ရှိကြောင်း သိရသည်။

ရွေးကောက်ပွဲကျင်းပရာတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသော နိုင်ငံသားတိုင်း မဲစာရင်းတွင် ပါဝင်ခြင်းဖြင့် ၎င်းတို့၏ နိုင်ငံသားအခွင့်အရေးများ မဆုံးရှုံးစေရန်နှင့် မဲဆန္ဒရှင်စာရင်းတိကျမှန်ကန်စေရေးအတွက် အချက်အလက်များ ပြင်ဆင်ရန်ရှိပါက သက်ဆိုင်ရာရပ်ကွက်နှင့် ကျေးရွာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးသို့ ပြင်ဆင်လျှောက်ထားလျက်ရှိရာ ဇူလိုင် ၃၀ ရက် ညနေ ၄ နာရီခွဲအထိ စာရင်းများအရ ပုံစံ (၃) တောင်းဆိုလွှာဖြင့် လျှောက်ထားသူ ၁၃၅ ဦး၊ ပုံစံ(၄) ကန့်ကွက်လွှာဖြင့် လျှောက်ထားသူ ၃၂ ဦး၊ ပုံစံ (၄- က) ပယ်ဖျက်လွှာဖြင့် လျှောက်ထားသူ ၁၂ ဦး၊ ပုံစံ (၄- ဂ) ပြင်ဆင်လွှာဖြင့် လျှောက်ထားသူ ၅၈ ဦးက ပြင်ဆင်နိုင်ရန် လျှောက်ထားခဲ့ကြကြောင်း သိရသည်။

မိုင်းပန်(ပြန်/ဆက်)

# ရေတာရှည်မြို့နယ်ရှိ ပညာရေး၊ ကျန်းမာရေးဌာနများသို့ စက်ဘီးအစီး ၅၅၀ လှူဒါန်း



ရေတာရှည် ဩဂုတ် ၁

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တောင်ငူခရိုင် အုပ်ချုပ်ရေးမှူး ဦးမိုးထက်နှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းက ရေတာရှည်မြို့ အမှတ်(၂)ရပ်ကွက်ရှိ စည်ပင်သာယာဈေးတွင် နှစ်ထပ်ဈေးသစ်တည်ဆောက်နေရာ ပန္နက်တင်မင်္ဂလာအခမ်းအနားသို့ တက်ရောက်ပြီး သတ်မှတ်နေရာများတွင် ပန္နက်ငုတ်များ ရိုက်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရေတာရှည်မြို့ အထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ ပြုလုပ်သော Less Walk Organization မှ ပညာရေးနှင့်ကျန်းမာရေးဌာနများသို့ စက်ဘီးအစီးရေ ၅၅၀ လှူဒါန်းပွဲသို့ တက်ရောက်သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က Less Walk Organization မှ ပညာရေးနှင့် ကျန်းမာရေးဌာနများသို့ စက်ဘီးများ လှူဒါန်းခဲ့ခြင်းနှင့် ပတ်သက်၍ အထူးပင် ကျေးဇူးတင်ကြောင်း၊ ယနေ့ ပေးအပ်လိုက်သည့် စက်ဘီးများအား သက်ဆိုင်ဌာနများက အမှန်တကယ် လိုအပ်သူများထံသို့ ရောက်ရှိအောင် စိစစ်၍ပေးအပ်ခြင်းဖြင့် အလှူရှင်များ၏ စေတနာတန်ဖိုးကို အသိအမှတ်ပြုရာရောက်မည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပညာရေးဌာနသို့ စက်ဘီးအစီး ၄၅၀၊ ကျန်းမာရေးဌာနသို့ စက်ဘီးအစီး ၁၀၀ ပေးအပ်ရာ ကျန်းမာရေးနှင့် ပညာရေးဌာနမှ တာဝန်ရှိသူများက လက်ခံရယူသည်။ **(အပေါ်ပုံ)**

**သန်းလွင်(ဆွာ)**

# တာချီလိတ်မြို့တွင်း လုံခြုံရေးကင်မရာ တပ်ဆင်ထားရှိမှုကြည့်ရှုစစ်ဆေး

**တာချီလိတ် ဩဂုတ် ၁**

ရှမ်းပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွဲဆိုင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလုံစံခတ်နှင့် တာဝန်ရှိသူများသည် တာချီလိတ်မြို့တွင်း လုံခြုံရေးအတွက် ကင်မရာအလုံး ၁၂၀ တပ်ဆင်ထားမှုကို ယမန်နေ့က သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။



အဆိုပါ လုံခြုံရေးကင်မရာအလုံး ၁၂၀ တပ်ဆင်ထားရှိမှု စင်တာကို ခရိုင်ရဲတပ်ဖွဲ့မှူးရုံးတွင် ထားရှိပြီး လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ ဆက်လက်တိုးချဲ့တပ်ဆင်သွားရန် မှာကြားခဲ့ကြောင်း၊ လိုအပ်သည်များကိုလည်း ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးနှင့်အဖွဲ့သည် ပြည်သူများ ကျန်းမာရေးလေ့ကျင့်ခန်း အားကစားလေ့ကျင့်မှုများ ပြုလုပ်နိုင်ရန်အတွက် ရွှေတိဂုံဘုရားနှင့် ပါဆတ်ရပ်ကွက် မိုင်းယွန်းဆီပန့်အနီး အားကစားအထောက်အကူပြုပစ္စည်းများ တပ်ဆင်နေမှုကို သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။ **ယာဆေး(ပြန်/ဆက်)**

# ဖျာပုံမြို့ မြစ်ကမ်းဘေးရှိ ဆိပ်ကမ်းသာယာဈေး မြေထိန်းနံရံ မြေသားကျွံကျမှုများ ဖြစ်ပေါ်

ဖျာပုံ ဩဂုတ် ၁

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့မြစ်ကမ်းဘေးတွင် တည်ရှိသော ဆိပ်ကမ်းသာယာဈေးသည် မကြာခဏကမ်းပါးပြိုကျမှုများ ဖြစ်နေခြင်းကြောင့် ဌာနဆိုင်ရာများ၊ ဈေးကော်မတီဝင်များ၊ ဈေးသူ ဈေးသားများ ပူးပေါင်း၍ ဧရာဝတီသဘော်ဆိပ်မှ ပြည်လုံးချမ်းသာ ဆုတောင်းပြည့် သာစည်ဘုရားကြီးအထိ မြေထိန်းနံရံများတည်ဆောက်ထားပြီးဖြစ်သည်။

အဆိုပါမြေထိန်းနံများ ရေတိုက်စားမှုကြောင့် မကြာခဏ ပြိုကျပျက်စီးမှုများကို သုံးကြိမ်ခန့် ပြန်လည်ပြင်ဆင်တည်ဆောက်ပေးခဲ့ရာတွင် ယခုအခါ ဘုရင့်နောင်လမ်းနှင့် စာတိုက်လမ်းကြား မြစ်ကမ်းပါးမြေထိန်းနံရံနှင့် ဈေးဆိုင်များအကြား မြေသားများကျွံကျပေါက်ပြဲနေကြောင်း သိရသည်။ **(ယာပုံ)**



အဆိုပါ ဆယ်နာရီဈေးခေါ် ဆိပ်ကမ်းသာယာဈေးသည် ဖျာပုံမြို့၏ မြစ်ကမ်းဘေးတွင် တည်ရှိပြီး ရေတိုက်စားမှုအများဆုံးခံစားရသည့် နေရာလည်းဖြစ်သဖြင့် မကြာခဏ မြေထိန်းနံရံများ ပြိုကျပျက်စီးနေခြင်းကြောင့် ဌာနဆိုင်ရာများက အကြိမ်ကြိမ်ပြုပြင် တည်ဆောက်ပေးခဲ့ရသည်။ ယခုနှစ်မိုးရာသီကာလအတွင်း မြေသားကျွံကျနေမှုကို စစ်ဆေးပြီး ပြန်လည်ပြုပြင်ပေးမှသာ ဈေးရောင်း၊ ဈေးဝယ် ပြည်သူများ ရေရှည်ရောင်းဝယ် ဖောက်ကားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ**

## မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်

နေပြည်တော် ဩဂုတ် ၁

မြန်မာ့ပင်လယ်ပြင်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့ - တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

❒ *ကျောဖုံးမှ*

လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း ပေ၀က်ခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် သုံးလက်မခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် လက်ရှိရေမှတ်မှ နောက်သုံးရက်အတွင်း ပေ၀က်ခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် ဇလွန်မြို့တွင် သုံးလက်မခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် လက်ရှိရေမှတ်မှ နောက်သုံးရက်အတွင်း ပေ၀က်ခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဟင်္သာတမြို့နယ်၊ ဇလွန်မြို့နယ်နှင့် ဆိပ်သာမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အသိပေးနှိုးဆော်အပ်သည်။ **မိုး/ဇလ**

# ဆည်ရေစနစ်တကျ အကျိုးရှိစွာသုံးစွဲရေး တွေ့ဆုံရှင်းလင်း

**အင်္ဂပူ ဩဂုတ် ၁**

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (နေပြည်တော်) ရုံးချုပ်မှ ညွှန်ကြားရေးမှူးချုပ် ဦးဗိုလ်ဗိုလ်ကျော်သည် ဇူလိုင်လနောက်ဆုံးပတ်က ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် ကွင်းကောက်မြို့ ဓမ္မာရုံ၌ နန်ကသူဆည်ရေသောက်စနစ်မှ ဆည်ရေအသုံးချသူများအဖွဲ့ (WUG) များနှင့်တွေ့ဆုံ၍ ဆည်ရေ စနစ်တကျ အကျိုးရှိစွာသုံးစွဲရေး ရှင်းလင်းပွဲကျင်းပသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (နေပြည်တော်) ရုံးချုပ်မှ ညွှန်ကြားရေးမှူးချုပ် ဦးဗိုလ်ဗိုလ်ကျော်က ဆည်ရေကိုစနစ်တကျ အကျိုးရှိစွာသုံးစွဲ၍ သီးနှံများ ပိုမိုစိုက်ပျိုးလာနိုင်မည့်အခြေအနေများ၊ ရေအသုံးချသူများအဖွဲ့ (WUG)မှ ရေအသုံးချသူများအသင်း (WUA)သို့ တိုးမြှင့်ဖွဲ့စည်းလာနိုင်ပါက စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေးအတွက် အထောက်အပံ့ကောင်းများ ရရှိလာနိုင်မည့်အခြေအနေများ ရှင်းလင်းပြောကြားပြီး တောင်သူများ၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ **ဘိုဘို (ပြန်/ဆက်)**

# ငပုတော၌ နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိစေရေး ဆောင်ရွက်

ငပုတော ဩဂုတ် ၁

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်အတွင်းရှိ ပြည်သူများ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ရရှိစေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ငပုတောမြို့နယ်ရုံးမှ ဦးစီးမှူး ဦးမောင်မောင်လွင် ဦးဆောင်သောဝန်ထမ်းများက ရေကျော်ကြီးကျေးရွာအုပ်စုသို့ ယနေ့ နံနက် ၉ နာရီက ကွင်းဆင်းဆောင်ရွက်ပေးကြောင်း သိရသည်။

မြို့နယ်အတွင်းရှိ ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ရရှိစေရေး ကွင်းဆင်းဆောင်ရွက်ရခြင်းမှာ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲတွင် အသက် ၁၈ နှစ်ပြည့်ပြီးသူတိုင်း မဲပေးပိုင်ခွင့်မဆုံးရှုံးစေရန်နှင့် မဲဆန္ဒရှင်ပြည်သူများ၏ မဲစာရင်း ထည့်သွင်းရမည့် အချက်လက်များတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် လိုအပ်ချက်များ မဖြစ်ပေါ်စေရေးအတွက် ကွင်းဆင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

လှမင်းထွဋ်(ပြန်/ဆက်)

# ပေါက်မြို့နယ်၌ ကျေးလက်ကုန်ထုတ်လမ်းများ ဖောက်လုပ်လျက်ရှိ

ပေါက် ဩဂုတ် ၁

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးဖွံ့ဖြိုးမှုရန်ပုံငွေအဖွဲ့ (IFAD) တို့ ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော အနောက်ပိုင်းဒေသများ စိုက်ပျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (WSAP) ရန်ပုံငွေဖြင့် မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ထန်းတောကုန်းကျေးရွာ ငမို့ကြီးကျေးရွာနှင့် ငမို့လေးကျေးရွာတို့တွင် ကုန်ထုတ်လမ်း ဖောက်လုပ်လျက်ရှိသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဦးတေဇာနေမျိုးဝင်း၊ တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(နည်းပညာ) ဦးအောင်ကြီးနှင့်တာဝန်ရှိသူများသည် ယမန်နေ့က ထန်းတောကုန်းကျေးရွာ၊ ငမို့ကြီးကျေးရွာနှင့် ငမို့လေးကျေးရွာကုန်ထုတ်လမ်းဖောက်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်အတိုင်းအတာ၊ သတ်မှတ်ခံနိုင်ဝန်များ ပြည့်မီမှု ရှိ/မရှိ စစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ ထန်းတောကုန်းကျေးရွာ ကုန်ထုတ်လမ်း အရှည် ၂ ဒသမ ၃၅ ဖာလုံ ၊ ငမို့ကြီးကျေးရွာ ကုန်ထုတ်လမ်း အရှည် ၄ ဒသမ ၆၅ ဖာလုံ၊ ငမို့လေးကျေးရွာ ကုန်ထုတ်လမ်း အရှည် ၄ ဒသမ ၄၆ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကျောက်ရောမြေ တစ်ပေခြောက်လက်မထု၊ မြေနီကျောက်စရစ်ကိုးလက်မထုခင်းခြင်းနှင့် မြေထိန်းနံရံ ပေ ၁၀၅၀ တည်ဆောက်ခြင်း၊ အရှည်ပေ ၃၀၊ အကျယ် ၁၈ ပေရှိ ရေကျော်တစ်စင်းတည်ဆောက်ခြင်းတို့ကို အနောက်ပိုင်းဒေသများ စိုက်ပျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (WSAP) ခွင့်ပြုရန်ပုံငွေကျပ် ၅၈ ဒသမ ၇ သန်းဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

# ၂၀၂၀ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲကို ၂၀၂၁ ခုနှစ်သို့ ပြောင်းလဲကျင်းပရန် စီစဉ်

**နေပြည်တော် ဩဂုတ် ၁**

အာဆီယံ ဘောလုံးအဖွဲ့ချုပ်သည် ယခုနှစ်တွင် ကျင်းပမည့် ၂၀၂၀ အာဆီယံဆူဇူကီးဖလား ပြိုင်ပွဲကို ကိုဗစ်-၁၉ ရောဂါကြောင့် ကျင်းပနိုင်တော့မည်မဟုတ်ဘဲ ၂၀၂၁ ခုနှစ်သို့ ပြောင်းလဲကျင်းပရန် စီစဉ်လျက်ရှိသည်။

အာဆီယံနိုင်ငံများ အပါအဝင် ကမ္ဘာ့နိုင်ငံများ၌ ဖြစ်ပေါ်နေသည့် ကိုဗစ်-၁၉ ရောဂါကြောင့် အာဆီယံ ဘောလုံးအဖွဲ့ချုပ်သည် ယခုနှစ်အတွင်း ပြုလုပ်ရန်စီစဉ်ထားသည့် ပြိုင်ပွဲများကို ဖျက်သိမ်းရန် စီစဉ်လျက်ရှိပြီး နှစ်နှစ်တစ်ကြိမ် ကျင်းပနေသည့် အာဆီယံဆူဇူကီးဖလားပြိုင်ပွဲကိုမူ လာမည့်နှစ်တွင် ပြန်လည်ကျင်းပရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ အာဆီယံဘောလုံး အဖွဲ့ချုပ်သည် ပြိုင်ပွဲပြောင်းလဲကျင်းပရန် အဖွဲ့ဝင်နိုင်ငံများ၏ သဘောထားကို မေးမြန်းခဲ့ပြီး လာမည့်နှစ်သို့ ပြောင်းလဲကျင်းပရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ အာဆီယံဘောလုံး အဖွဲ့ချုပ်သည် အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ (ယခင် တိုက်ဂါးဖလားပြိုင်ပွဲ၊ အာဆီယံ ချန်ပီယံရှစ်ပြိုင်ပွဲ) ကို ၁၉၉၆ ခုနှစ်မှစ၍ နှစ်နှစ်လျှင် တစ်ကြိမ် ကျင်းပခဲ့ပြီး ၂၀၀၆ ခုနှစ်ကလည်း သတ်မှတ်ထားသည့်နှစ်တွင် မကျင်းပနိုင်ခဲ့ဘဲ ၂၀၀၇ ခုနှစ်တွင် ပြောင်းလဲကျင်းပခဲ့ရသည်။ ၂၀၂၀ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲကို ယခင်က နိုဝင်ဘာ ၂၃ ရက်မှ ဒီဇင်ဘာ ၂၇ ရက်အထိ ကျင်းပရန် စီစဉ်ထားခြင်းဖြစ်ကာ ကိုဗစ်-၁၉ ရောဂါကြောင့် ပြိုင်ပွဲကျင်းပသည့် ပုံစံပြောင်းလဲရန်အထိ စီစဉ်ခဲ့သော်လည်း ယခုနှစ်အတွင်း ကျင်းပရန် မဖြစ်နိုင်သောကြောင့် ၂၀၂၁ ခုနှစ်သို့ ပြောင်းလဲခဲ့ကာ ကျင်းပမည့်ရက်ကို ပြန်လည်အတည်ပြုမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ယခင်က နှစ်ကုန်ပိုင်းတွင် နိုင်ငံတကာပြိုင်ပွဲများ ဆက်တိုက်ယှဉ်ပြိုင်ရမည်ဖြစ်သော်လည်း ဆူဇူကီးဖလားပြိုင်ပွဲ ရွှေ့ဆိုင်းခဲ့သောကြောင့် အောက်တိုဘာနှင့် နိုဝင်ဘာတွင်ကျင်းပမည့် ကမ္ဘာ့ဖလား ခြေစစ်ပွဲလက်ကျန်သုံးပွဲသာ ယှဉ်ပြိုင်ကစားရတော့မည်ဖြစ်သည်။

အာဆီယံဆူဇူကီးဖလားပြိုင်ပွဲကို ၁၂ ကြိမ်ကျင်းပထားပြီး ထိုင်းအသင်းက ငါးကြိမ်ဖြင့် အအောင်မြင်ဆုံးအသင်းဖြစ်နေကာ စင်ကာပူအသင်းက လေးကြိမ်၊ ဗီယက်နမ်အသင်းက နှစ်ကြိမ်၊ မလေးရှားအသင်းက တစ်ကြိမ် ဗိုလ်စွဲထားသည်။ ၂၀၁၈ ခုနှစ်က နောက်ဆုံး ကျင်းပထားသည့် ပြိုင်ပွဲတွင် ဗီယက်နမ်အသင်းက ဗိုလ်စွဲထားသည်။ **ညီမြတ်သော်တာ**

# ရွှေကူ၊ ထားဝယ်နှင့် ပြင်ဦးလွင်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁**



မထက်ထက်ဦး(ခ)ထက်ထက်၊ ထွန်းဦးကျော်(ခ)အာကာ၊ ကျော်ကျော်ဆက်(ခ)ဂွမ်း တို့အား ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဇူလိုင် ၃၀ ရက် နံနက် ၆ နာရီက ရွှေကူမြို့နယ် နောင်လတ်ကြီးကျေးရွာ အုပ်စု ပူခိုင်ကျေးရွာနေ ဝင်းတင့်စိုး(ခ) ကိုစိုး၏ နေအိမ်အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၄၅ ပြားနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ အလားတူ ဇူလိုင် ၃၁ ရက် နံနက်ပိုင်း က မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ထားဝယ်မြို့ ဘုမ္မော်ရပ်ကွက် ကျန်းမာရေးလမ်း အိမ်အမှတ် (၇၀၇) နေ သန်းအောင်(ခ) နိုင်နိုင်ဝင်း၏ နေအိမ်ကို ရှာဖွေရာ သန်းအောင်(ခ) နိုင်နိုင်ဝင်းနှင့်အတူ နေမျိုးသူစိုး (ခ) နေနေ၊ ရန်နိုင်ဝင်း(ခ) ရန်နိုင်တို့အား တွေ့ရှိရပြီး ၎င်းတို့ထံမှ အိုက်စ် သုညဒသမ ၀၀၂ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၀၊ လက်ကိုင်ဖုန်းလေးလုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။ ကွင်းဆက်အရ ကျော်ကျော်ဆက် (ခ) ဂွမ်း ရောက်ရှိနေသည့် လောင်းလုံးမြို့နယ် မောင်းမကန် ကျေးရွာရှိ တည်းခိုခန်းသို့ သွားရောက်ရှာဖွေရာ ကျော်ကျော်ဆက်(ခ)ဂွမ်းနှင့်အတူ ထွန်းဦးကျော်(ခ) အာကာ၊ မထက်ထက်ဦး (ခ) ထက်ထက်တို့အား တွေ့ရှိရပြီး ထားဝယ်မြို့ ဆင်ဆိပ်ရပ်ကွက်ရှိ ကျော်ကျော်ဆက် (ခ)ဂွမ်း၏ နေအိမ်ကို ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၇၀၀၀၊ လက်ကိုင်ဖုန်း စုစုပေါင်း ငွေကျပ် ၉၈၅၇ ဒသမ ၁ သိန်းတန်ဖိုးရှိ မူးယစ်ဆေးဝါးများကို လည်းကောင်း၊ ထို့အတူ ဇူလိုင် ၃၀ ရက် နံနက် ၁၁ နာရီခွဲက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့နယ် ရွှေသင်းကျေးရွာအနီးတွင် အောင်မင်းလွင် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၃၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

# AA အကြမ်းဖက်သောင်းကျန်းသူများထောင်ထားသည့် မိုင်းများနင်းမိ၍ ဒေသခံပြည်သူ နှစ်ဦး သေဆုံး၊ တစ်ဦးဒဏ်ရာရရှိ

**နေပြည်တော် ဩဂုတ် ၁**

ရခိုင်ပြည်နယ် အမ်းမြို့နယ်အတွင်း AA အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းများနင်းမိ၍ ဒေသခံပြည်သူ နှစ်ဦးသေဆုံး၊ တစ်ဦး ဒဏ်ရာရရှိကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါသတင်းထုတ်ပြန်ချက်တွင် အမ်းမြို့နယ်အတွင်း လုံခြုံရေးတာဝန် ထမ်းဆောင်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ကဇူးကိုင်း - ဒါးလက်သွားလမ်း၌ ယာဉ်ဝင်/ထွက် စစ်ဆေးနေစဉ် ဇူလိုင် ၃၀ ရက် ညနေ ၅ နာရီခွဲတွင် ဂျိတ်ချောင်းကျေးရွာမှ အမ်းမြို့သို့ ဂျိတ်ချောင်းကျေးရွာ အုပ်ချုပ်ရေးမှူး မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်တွင် မိုင်းထိဒဏ်ရာရလူနာတစ်ဦး ပါရှိလာသဖြင့် စစ်ဆေးမေးမြန်းခဲ့ကြောင်း။

စုံစမ်းမေးမြန်းချက်များအရ ဂျိတ်ချောင်းကျေးရွာနေ ဦးမောင်တင်သည် ဂျိတ်ချောင်းရွာ၏ တောင်ဘက် မီတာ ၁၀၀၀ ခန့်အကွာရှိ ၎င်းပိုင်ဆိုင်သည့် တည်းခြံသို့ ဇူလိုင် ၂၉ ရက်တွင် တည်းသီးခူးရန်သွားစဉ် AA အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းနင်းမိသေဆုံးခဲ့ကြောင်း၊ ဇူလိုင် ၃၀ ရက်အထိ နေအိမ်သို့ ပြန်လည်မရောက်ရှိသဖြင့် မြေးတော်စပ်သူ သက်နိုင်စိုးနှင့်အတူ ရွာသားခုနစ်ဦးခန့်က လိုက်လံရှာဖွေခဲ့ပြီး မိုင်းနင်းမိသေဆုံးသူ အဘိုးဖြစ်သူအလောင်းအား သယ်ယူရန်ပြင်ဆင်စဉ် သက်နိုင်စိုးမှာ မိုင်းတစ်လုံးအား ထပ်မံနင်းမိသေဆုံးခဲ့ကာ တစ်ရွာတည်းနေ ဦးဆန်းဝင်းမှာ မိုင်းစထိမှန် ဒဏ်ရာများရရှိခဲ့ကြောင်း၊ ၎င်းမိုင်းစထိမှန် ဒဏ်ရာရရှိသူအား နယ်မြေခံတပ်မတော်ဆေးရုံတွင် လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ဖော်ပြထားသည်။

AA အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ကားလမ်းများ၊ ကျေးရွာချင်းဆက် လူသွားလမ်းများနှင့် ကျေးရွာများအနီး မိုင်းထောင်ခြင်း၊ မိုင်းခွဲတိုက်ခိုက်မှုများကြောင့် ၂၀၂၀ ပြည့်နှစ် ဇွန် ၂၇ ရက်ထိ အရပ်သား မိုင်းနင်းမိသေဆုံးသူ ၁၈ ဦးနှင့် ဒဏ်ရာရရှိသူ ၅၇ ဦးရှိကြောင်း သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**

# ကရင်ပြည်နယ် ဖာပွန်မြို့နယ် ပိုလိုထကျေးရွာ၌ အမျိုးသမီးတစ်ဦးအား ပစ္စည်းလုယက်ပြီး သတ်ဖြတ်မှုကျူးလွန်ခဲ့သည့် စစ်သည်နှစ်ဦးအား စစ်တရားရုံးဖြင့် စစ်ဆေးစီရင်၍ အမြင့်ဆုံးပြစ်ဒဏ်ချမှတ်

**နေပြည်တော် ဩဂုတ် ၁**

ကရင်ပြည်နယ် ဖာပွန်မြို့နယ် ပိုလိုထကျေးရွာ၌ အမျိုးသမီးတစ်ဦးအား ပစ္စည်းလုယက်ပြီး သတ်ဖြတ်မှုကျူးလွန်ခဲ့သည့် စစ်သည်နှစ်ဦးအား စစ်တရားရုံးဖြင့် စစ်ဆေးစီရင်၍ အမြင့်ဆုံးပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်တွင် ဖာပွန်မြို့နယ် ပိုလိုထကျေးရွာ၌ အမျိုးသမီးတစ်ဦးအား တပ်မတော်သားနှစ်ဦးက ပစ္စည်းလုယက်၍ သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့ကြောင်း၊ ဖြစ်စဉ်ကျူးလွန်ခဲ့သည့် တပ်သား သန်းစိုးလွင်နှင့် ဟိန်းမင်းထက်တို့သည် ဇူလိုင် ၁၇ ရက်တွင် ပြန်လည်အဖမ်းခံခဲ့ကြောင်းနှင့် စစ်စည်းကမ်းအရ ဥပဒေနှင့်အညီ ထိရောက်စွာ စစ်ဆေးအရေးယူမည်ဖြစ်ကြောင်းကို သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း။

ဖြစ်စဉ်ကျူးလွန်ခဲ့သည့် စစ်သည်နှစ်ဦးသည် ဇူလိုင် ၁၆ ရက်တွင် ပိုလိုထကျေးရွာအုပ်ချုပ်ရေးမှူး၏ ဇနီး ဒေါ်မုနော်ထံမှ ပစ္စည်းလုယက်မှုအပြင် လူကိုသေစေသည်အထိ ပြစ်မှုကျူးလွန်ခဲ့သဖြင့် ဇူလိုင် ၂၉ ရက်တွင် စစ်တရားရုံးဖြင့် စစ်ဆေးစီရင်ခဲ့ပြီး ၎င်းတို့ကျူးလွန်သည့် ပြစ်မှုများအတွက် အမြင့်ဆုံးပြစ်ဒဏ်ကို ချမှတ်ခဲ့ကြောင်း။

စစ်တရားရုံးဖြင့် စစ်ဆေးဆောင်ရွက်ရာသို့ ဘီးလင်းမြို့နယ် ဒုတိယအထွေထွေအုပ်ချုပ်ရေးမှူး ဦးအောင်ဝင်းခိုင်၊ ကျားကွင်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးမန်းပီး၊ ရင်းအုံကျေးရွာအုပ်ချုပ်ရေးမှူး ဦးနေလင်းဦး၊ ဒညင်းကုန်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်ဝင်း၊ ကဇိုင်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးကြည်ဆွဲတို့ အပါအဝင် အခြားရပ်မိရပ်ဖ ၁၁ ဦး စုစုပေါင်း ၁၆ ဦးတို့ တက်ရောက်လေ့လာခဲ့ကြကြောင်း ဖော်ပြထားသည်။ **သတင်းစဉ်**

# ဖားကန့်၌ မီးကြွင်းမီးကျန်မှ နေအိမ်လေးလုံး မီးလောင်

**ဖားကန့် ဩဂုတ် ၁**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် အေးမြသာယာရပ်ကွက် တောင်ပြိုမှော်ရွာ၌ မီးဖိုမီးကြွင်းမီးကျန်မှတစ်ဆင့် အနီးရှိဘေးထရံကိုမီးစွဲကာ နေအိမ် လေးလုံး မီးလောင်ဆုံးရှုံးမှု ယနေ့နံနက် ၉ နာရီခွဲက ဖြစ်ပွားခဲ့ကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

အဆိုပါ မီးလောင်ရာသို့ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ သန္တေနှင့်အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ကျေးရွာနေပြည်သူများက မီးသတ်ယာဉ် ငါးစီး၊ ကျေးရွာအနီးရှိ ကုမ္ပဏီနှစ်ခုက ဘက်ဟိုးတစ်စီးနှင့် ရေသယ်ယာဉ် နှစ်စီးစီတို့ဖြင့် ဝိုင်းဝန်းငြှိမ်းသတ်ရာ နံနက် ၁၀ နာရီတွင် မီးငြှိမ်းသတ်နိုင်ကြောင်း သိရသည်။

မီးလောင်မှုကြောင့် နေအိမ်လေးလုံးမှ မိသားစုဝင် စုစုပေါင်း ၁၆ ဦးတို့တွင် အချို့က နီးစပ်ရာ ဆွေမျိုးများအိမ်၌ မှီခိုလျက်ရှိပြီး အချို့ကို အဆိုပါကျေးရွာရှိ ဗုဒ္ဓယဉ်ကျေးမှု မူကြိုကျောင်းတို့တွင် ခေတ္တနေရာချပေးထားကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

**တာလင်းမောင်(ပြန်/ဆက်)**

# တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် မိုးပိုလာမည်

**နေပြည်တော် ဩဂုတ် ၁**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာမည်။

**မိုး/ဇလ**

○ *ကျော့ဖုံးမှ*

ဖျက်ထုတ်ပုံ ကြမ်းတမ်းခဲ့သောကြောင့် အနီကတ်ပြထုတ်ပယ်ခံခဲ့ရသည်။ သို့သော်လည်း တစ်ဖက်နှင့်တစ်ဖက် ဂိုးသွင်းယူနိုင်ခြင်း မရှိသောကြောင့် ပယ်နယ်တီ အဆုံးအဖြတ်ခံယူခဲ့ရာ ပယ်နယ်တီအဆုံးအဖြတ်တွင် တစ်ဖက်ခြောက်ကြိမ်စီ ကန်သွင်းခဲ့ရသည်။ ပီအက်စ်ဂျီအသင်းက ဒီမာရီယာ၊ ဗာရက်တီ၊ ပါရီဒက်စ်၊ ဟာရဲယား၊ နေမာနှင့် ဆာရာဘီယာတို့ ဂိုးဝင်အောင် သွင်းယူနိုင်ခဲ့သည်။ လိုင်ယွန်အသင်းမှ အန်ဒါဆင်၊ အီကမ်ဘီ၊ ကာကွာရတ်၊ မန်ဒက်စ်၊ အော်ရာတို့ ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ထရာအိုရေး ဂိုးဝင်အောင် မသွင်းယူနိုင်ခဲ့၍ ပီအက်စ်ဂျီအသင်းက ခြောက်ဂိုး- ငါးဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

အဆိုပါ ဗိုလ်လုပွဲစဉ်ကို ကွင်းအတွင်းသို့ ပွဲကြည့်ပရိသတ် ငါးထောင်ခန့် ကြည့်ရှုခွင့်ပြုခဲ့ကြောင်း သိရသည်။ ပြင်သစ်လိဂ်ဖလားပြိုင်ပွဲတွင် အအောင်မြင်ဆုံးအသင်းမှာ ပီအက်စ်ဂျီအသင်းဖြစ်ပြီး ပြင်သစ်လိဂ်ဖလားကို ကိုးကြိမ်ရရှိထားသည်။ ယင်းပြိုင်ပွဲ၏ ဒုတိယအအောင်မြင်ဆုံးအသင်းမှာ စထရာဘော့အသင်းဖြစ်သည်။ စထရာဘော့အသင်းသည် ပြင်သစ်လိဂ်ဖလားကို လေးကြိမ်ရရှိထားသည်။ ဗိုလ်လုပွဲသို့ အကြိမ်ရေအများဆုံး တက်ရောက်ထားနိုင်သည့်အသင်းမှာလည်း ပီအက်စ်ဂျီအသင်းဖြစ်ပြီး ပြင်သစ်လိဂ်ဖလား ဗိုလ်လုပွဲကို ၁၀ ကြိမ်အထိ တက်ရောက် ထားနိုင်သည်။ ပီအက်စ်ဂျီအသင်းသည် ဗိုလ်လုပွဲကို ၁၀ ကြိမ် တက်ရောက်ထားနိုင်ပြီး ကိုးကြိမ်ဗိုလ်စွဲထားကာ ၂၀၀၀ ပြည့်နှစ်က ဒုတိယတစ်ကြိမ် ရရှိထားသည်။ လိုင်ယွန်အသင်းက ပြင်သစ်လိဂ်ဖလားဗိုလ်လုပွဲသို့ စုစုပေါင်းခြောက်ကြိမ် တက်ရောက်ထားနိုင်သော်လည်း ၂၀၀၁ ခုနှစ်တွင်သာ ဗိုလ်စွဲထားနိုင်ပြီး ကျန်သည့် ငါးကြိမ်တွင် ဒုတိယဖြင့်သာ ကျေနပ်ခဲ့ရသည့်အသင်းဖြစ်သည်။ ပြင်သစ်လိဂ်ဖလားပြိုင်ပွဲတွင် ဂိုးအများဆုံးသွင်းယူထားသည့် ကစားသမားအဖြစ် ၁၅ ဂိုးစီဖြင့် ကာဗာနီနှင့် ပေါ်လီတာတို့က စံချိန်တင်ထားသည်။

နည်းပြ ဂါစီယာ၏ လိုင်ယွန်အသင်းသည် ၁၉၉၆-၁၉၉၇ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် ဥရောပဘောလုံးပြိုင်ပွဲများ ဝင်ရောက်ကစားခွင့် လွဲချော်မည့်အရေးနှင့် ရင်ဆိုင်နေရသည်။ လိုင်ယွန်အသင်းသည် ယခုပွဲတွင် ပီအက်စ်ဂျီအသင်းကို အနိုင်ရဗိုလ်စွဲခဲ့လျှင် လာမည့်နှစ်တွင် ယူရိုပါလိဂ်ဝင်ခွင့်ရရှိမည်ဖြစ်သော်လည်း ထိုအခွင့်အရေးကို အသုံးမချနိုင်ခဲ့ပေ။ လိုင်ယွန်သည် ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ဒုတိယအကျော့ ပွဲစဉ်အဖြစ် လာမည့်သောကြာနေ့တွင် ဂျူဗင်တပ်စ်အသင်းနှင့် ယှဉ်ပြိုင်ကစားရန် ကျန်ရှိနေသေးသည်။ ပထမအကျော့တွင် လိုင်ယွန်အသင်းက ဂျူဗင်တပ်စ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိထားသော်လည်း ဒုတိယအကျော့ပွဲစဉ်သည် ဂျူဗင်တပ်စ်အိမ်ကွင်းဖြစ်နေ၍ အနိုင်ရရှိသွားမလား စောင့်ကြည့်ရဦးမည်ဖြစ်ပြီး လိုင်ယွန်အသင်းအနေဖြင့် ချန်ပီယံလိဂ်တွင် ဗိုလ်စွဲမှသာလျှင် လာမည့်နှစ် ဥရောပပြိုင်ပွဲ ကစားခွင့်ရရှိမည် ဖြစ်သည်။ ပီအက်စ်ဂျီအသင်းသည် ဩဂုတ် ၁၃ ရက်တွင် ချန်ပီယံလိဂ် ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် အတ္တလန္တာအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

၂၀၂၀-၂၀၂၁ ဘောလုံးရာသီ လီဂူးဝမ်းပွဲစဉ်များကို ဩဂုတ် ၂၃ ရက်တွင် စတင်ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။ ထိုနေ့သည် ချန်ပီယံလိဂ်ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားမည့်နေ့လည်း ဖြစ်သည်။

**အောင်ဇော်**

# အီးယူက ကိုဗစ်-၁၉ ကာကွယ်ဆေး သန်း ၃၀၀ အတွက် ပြင်သစ်ဆေးကုမ္ပဏီဆနိုဖီနှင့် သဘောတူညီချက်ပြုလုပ်

ဘရပ်ဆဲလ် ဩဂုတ် ၁

**မကြာမီရရှိတော့မည့် အလားအလာကောင်းသော ကိုဗစ်-၁၉ ကာကွယ်ဆေး တစ်ခါသောက်ဆေးပမာဏ သန်း ၃၀၀ အတွက် ဥရောပသမဂ္ဂ (အီးယူ)သည် အကြီးဆုံးပြင်သစ်ဆေးဝါးထုတ်လုပ်ရေး ကုမ္ပဏီတစ်ခုဖြစ်သည့် ဆနိုဖီနှင့် သဘောတူညီချက်တစ်ခုပြုလုပ်ခဲ့ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။**

ဆနိုဖီနှင့် ညှိနှိုင်းမှုပြုလုပ်နေသော အီးယူ၏ အဖွဲ့အစည်းတစ်ခုဖြစ်သည့် ဥရောပသမဂ္ဂကော်မရှင်က ကိုဗစ်-၁၉ ကာကွယ်ဆေးသည် ဘေးကင်းပြီး ထိရောက်မှုရှိကြောင်း သက်သေပြနိုင်သည်နှင့်တစ်ပြိုင်နက် အီးယူအဖွဲ့ဝင် ၂၇ နိုင်ငံလုံးကို အဆိုပါ ကာကွယ်ဆေး ဝယ်ယူခွင့်ပြုမည်ဟု ပြောသည်။

ကမ္ဘာကြီးတစ်ခုလုံးက ကိုဗစ်-၁၉ ကပ်ရောဂါကို တိုက်ထုတ်နေစဉ် အမေရိကန်အစိုးရက ကိုဗစ်- ၁၉ ကာကွယ်ဆေး အောင်မြင်စွာထုတ်လုပ်နိုင်ရန်အတွက် ဆနိုဖီနှင့် ဂျီအက်ကေကုမ္ပဏီတို့ကို အမေရိကန်ဒေါ်လာ ၂ ဒသမ ၁ ဘီလီယံထောက်ပံ့ပေးမည်ဟု ပြောကြားလိုက်သည့်နေ့မှာပင် အီးယူက ထိုကဲ့သို့ သဘောတူညီချက် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

တရားဝင်အချက်အလက် ဖော်ပြချက်များအရ ကိုဗစ်-၁၉ အသွားအလာကန့်သတ်ပိတ်ဆို့မှုကြောင့် ၂၀၂၀ ပြည့်နှစ် ဒုတိယသုံးလပတ်တွင် အီးယူ၏ စီးပွားရေးသည် ၁၂ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း သိရသည်။

ဥရောပကော်မရှင်ဥက္ကဋ္ဌ အာဆူလာဗွန်ဒါလီယန်က အီးယူအနေဖြင့် ကာကွယ်ဆေးရရှိနိုင်ရန် မဖြစ်ဖြစ်သည့်နည်းဖြင့် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

မိမိတို့အနေဖြင့် တခြားကုမ္ပဏီများနှင့်လည်း ဆွေးနွေးလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားလိုက်သည်။ ထို့အပြင် ကာကွယ်ဆေးရရှိနိုင်ရန်အတွက် အမျိုးမျိုးသော ရင်းနှီးမြှုပ်နှံမှုများကို ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ယခုကဲ့သို့လုပ်ဆောင်ခြင်းက ကာကွယ်ဆေးမြန်မြန်ရရှိရန် အခွင့်အလမ်းပိုတိုးလာကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဆနိုဖီသည် ဥရောပဆေးဘက်ဆိုင်ရာအဖွဲ့၏ ဈေးကွက်ဖြန့်ဖြူးခွင့်ကို လာမည့်နှစ် ဇွန်လတွင် ရရှိနိုင်ရန် မျှော်လင့်ထားကြောင်း သိရသည်။



အကြီးဆုံး ပြင်သစ်ဆေးဝါးကုမ္ပဏီ ဆနိုဖီ ဓာတ်ခွဲခန်းတွင် ရောဂါကာကွယ်ရေးဝတ်စုံဝတ်ထားသည့် ဓာတ်ခွဲကျွမ်းကျင်ပညာရှင်တစ်ဦး ဓာတ်ခွဲစမ်းသပ်ပစ္စည်းကို ကြည့်ရှုနေစဉ်။

ပြင်သစ်အစိုးရကလည်း အီးယူအနေဖြင့်သဘောတူညီချက်ပြုလုပ်ခဲ့သည်ဆိုသော သောကြာနေ့ကြေညာချက်ကို တိကျပြတ်သားသည့် ခြေလှမ်းတစ်ရပ်အဖြစ် ကြိုဆိုလိုက်သည်။

**အေအက်ဖ်ပီ**

## ကိုဗစ်-၁၉ ကပ်ရောဂါ အခြေအနေသေချာမှုမရှိသေးသော်လည်း ဧဝရက်တောင်ကို ပြန်လည်ဖွင့်လှစ်

**ခတ္တမန္ဒူ ဩဂုတ် ၁**

ကိုဗစ်-၁၉ ကပ်ရောဂါအခြေအနေသေချာမှုမရှိသေးသော်လည်း နီပေါနိုင်ငံသည် အကျဉ်းအကျပ်ထဲရောက်ရှိနေသည့် ခရီးသွားကဏ္ဍကို မြှင့်တင်ရန် ဆောင်းဦးတောင်တက်ရာသီအတွက် ကမ္ဘာကျော်ဧဝရက်တောင်အပါအဝင် တောင်များကို ပြန်လည်ဖွင့်လှစ်ခဲ့ကြောင်း သက်ဆိုင်ရာအရာရှိများက ဇူလိုင် ၃၁ ရက်တွင် ပြောကြားလိုက်သည်။

တောင်တက်စွန့်စားမှုတွေနှင့်ပြည့်နေသည့် နီပေါနိုင်ငံသည် နှစ်စဉ်နှစ်တိုင်း တောင်တက်ဝါသနာရှင်များလာလေ့ရှိသည့် အလွန်စည်ကားသော နွေဦး တောင်တက်ရာသီမတိုင်မီ မတ်လကတည်းက ၎င်း၏နယ်စပ်များကို ပိတ်လိုက်ရသောကြောင့် အလုပ်အကိုင်များနှင့် နိုင်ငံတော်ဘဏ္ဍာအတွက် အမေရိကန်ဒေါ်လာ သန်းပေါင်းများစွာ ဆုံးရှုံးခဲ့သည်။

လွန်ခဲ့သော သီတင်းပတ်က တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ချမှတ်ထားသည့် အသွားအလာကန့်သတ်ပိတ်ဆို့မှုများကို ဖယ်ရှားပေးခဲ့သည်။ "နီပေါနိုင်ငံဟာ အခုတော့ တောင်တက်ခြင်းအပါအဝင် ခရီးသွားလုပ်ငန်းတွေကို ပြန်ဖွင့်နေပြီ" ဟု ခရီးသွားဌာနပြောရေးဆိုခွင့်ရှိသူ မီရာ အာချာရာက အေအက်ဖ်ပီသို့ ပြောကြားလိုက်သည်။

အစိုးရက နိုင်ငံတွင်းသို့ အပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း ဝင်ရောက်မှုများကို ဩဂုတ် ၁၇ ရက်မှစပြီး ခွင့်ပြုပေးတော့မည်ဖြစ်သည်။

နီပေါနိုင်ငံတွင် ယခုသီတင်းပတ်အတွင်း ကိုဗစ်- ၁၉ ထပ်မံကူးစက်ခံရသူ ၁၀၀၀ ကျော်လွန်လာပြီး စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁၉၅၄၇ ဦးအထိ ရှိလာသော်လည်း ခရီးသွားကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ယခုလို ဆုံးဖြတ်ချက်ချခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

သက်ဆိုင်ရာ အရာရှိများက ဆိုက်ရောက်သည့်သည်များအတွက် ရက်မည်မျှကြာကြာ အသွားအလာကန့်သတ်စောင့်ကြည့်မှု ပြုလုပ်ရမည်လဲဆိုသည့် ဆောင်ရွက်ချက်များ အပါအဝင် ဘေးကင်းလုံခြုံရေး လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်နေကြောင်း အာချာရာက ဆက်လက်ပြောကြားလိုက်သည်။

နီပေါနိုင်ငံ၏ အကြီးဆုံး တောင်တက်ဝန်ဆောင်မှုပေးနေသော seven summit Treks မှ မင်မာရှာပါးက တောင်တက်ဝါသနာရှင်တွေက ၎င်းကို ဖုန်းဆက်ခေါ်နေကြောင်း၊ သို့သော်လည်း သူတို့ဘယ်လောက်ကြာကြာ အသွားအလာကန့်သတ်စောင့်ကြည့်ခံရမလဲဆိုတာ စောင့်ကြည့်ရဦးမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

"နွေဦးရာသီမှာ အလုပ်လက်မဲ့ဖြစ်ခဲ့တဲ့ တောင်တက်သမားတွေအတွက်လည်း တောင်တက်ရာသီ ပြန်လည်ဖွင့်လှစ်ပေးလိုက်တော့ သူတို့တွေအတွက် သက်သာရာရကြတော့မယ်" ဟု ရှာပါးက ဆက်လက်ပြောကြားလိုက်သည်။

တရုတ်တောင်တက်အဖွဲ့ တစ်ဖွဲ့သာ ဧဝရက်တောင်ကို မြောက်ဘက်ရှိ တိဘက်အပိုင်းက တက်ရောက်နိုင်ခဲ့ပြီးနောက် ပိတ်လိုက်ရခြင်းဖြစ်သည်။

**အေအက်ဖ်ပီ**



ဧဝရက်တောင်ထိပ်ကို ဝေဟင်မှ ရိုက်ထားသည့် အနေအထားဖြင့် တွေ့မြင်ရစဉ်။

## ကိုဗစ်-၁၉ အကျိုးသက်ရောက်မှုများကို ဆယ်စုနှစ်အတော်ကြာခံစားရမည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ပြော

**ဂျီနီဗာ ဩဂုတ် ၁**

ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ သတိပေးခေါင်းလောင်းထိုးသံ အမြင့်ဆုံးအဆင့်သို့ ရောက်ရှိပြီးနောက်ခြောက်လအကြာတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏အရေးပေါ်ကော်မတီက ကိုဗစ်-၁၉ အခြေအနေကို စစ်ဆေးအကဲဖြတ်မှုပြုလုပ်ခဲ့ရာ ကိုဗစ်-၁၉ အကျိုးသက်ရောက်မှုများကို ဆယ်စုနှစ်အတော်ကြာ ခံစားရဦးမည်ဖြစ်ကြောင်း ဖော်ပြလိုက်သည်။

### ၁၇ ဒသမ ၃ သန်းကျော်သို့ ပျံ့နှံ့ကူးစက်ခဲ့

ပြီးခဲ့သည့်နှစ် ဒီဇင်ဘာက တရုတ်နိုင်ငံတွင် စတင်တွေ့ရှိခဲ့သည့် ကိုဗစ်-၁၉ သည် ကမ္ဘာ့လူပေါင်း ၆၇၀၀၀၀ ကျော်ကို သေစေခဲ့ပြီး ၁၇ ဒသမ ၅ သန်းကျော်သို့ ပျံ့နှံ့ကူးစက်ခဲ့ကြောင်း အေအက်ဖ်ပီ၏ စာရင်းများအရ သိရသည်။

### လေးကြိမ်မြောက်အစည်းအဝေးပြုလုပ်

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ အကြံပေး ၁၂ ဦးနှင့် အဖွဲ့ဝင် ၁၈ ဦးပါသော အရေးပေါ်ကော်မတီက ကိုဗစ်- ၁၉ အကျပ်အတည်းနှင့်ပတ်သက်ပြီး လေးကြိမ်မြောက်အစည်းအဝေးတစ်ရပ်ပြုလုပ်ခဲ့သည်။

" လွန်ခဲ့တဲ့ ခြောက်လကို လေးလေးနက်နက်ပြန်ကြည့်မယ်ဆိုရင် မိမိအနေနဲ့ ပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့တဲ့အချိန်မှာ တရုတ်နိုင်ငံပြင်ပမှာ ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားမှုဟာ ၁၀၀ ထက်လျော့နည်းခဲ့ပြီး သေဆုံးသူမရှိသေးပါဘူး"ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ တက်ဒရော့စ်က ပြောကြားလိုက်သည်။

ကိုဗစ်-၁၉ သည် နှစ် ၁၀၀ တွင် တစ်ခါလောက် ပေါ်ပေါက်ခဲ့သည့် ကျန်းမာရေးအကျပ်အတည်းတစ်ခုဖြစ်ကြောင်းနှင့် ကိုဗစ်- ၁၉ ကြောင့် ဖြစ်ပေါ်လာသည့် အကျိုးရလဒ်များကို ဆယ်စုနှစ်အတော်ကြာခံစားရဦးမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားလိုက်သည်။

**အေအက်ဖ်ပီ**

# ဖေ့စ်ဘွတ်ခ်က သီချင်းဗီဒီယိုများ တင်ပေးခြင်းဖြင့် ယူကျူကို စိန်ခေါ်

**ဆန်ဖရန်စစ္စကို ဩဂုတ် ၁**

ဖေ့စ်ဘွတ်ခ်သည် ဇူလိုင် ၃၁ ရက်က လိုင်စင်သီချင်းဗီဒီယိုများကို အမေရိကန် လူမှုကွန်ရက်ပေါ်သို့ တင်ပေးလိုက်ပြီး အွန်လိုင်းပရိသတ်များ၏ အာရုံစူးစိုက်မှုကို ရရှိရန် ယူကျူကို စိန်ခေါ်လိုက်ကြောင်း နိုင်ငံတကာ သတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။

ဖေ့စ်ဘွတ်ခ်အသုံးပြုသူများအနေဖြင့် ဂျေဘော်ဗင်၊ ကာရီးလ်ဂျီ၊ ဆီဘက်ရှန် ရာတရာနှင့် တခြားအနုပညာရှင်များ၏ ထိပ်တန်း အကြောင်းအရာများနှင့်အတူ တရားဝင်သီချင်းဗီဒီယိုများကို အလည်လာရောက်ကြည့်ရှုနိုင်ကြောင်း ဖေ့စ်ဘွတ်ခ်က ပြောကြားလိုက်သည်။

ဖေ့စ်ဘွတ်ခ်ပေါ်ရှိ တရားဝင်သီချင်းဗီဒီယိုများနှင့်အတူ ဗီဒီယိုကြည့်ရှုခံစားတာထက်ပိုသည့် လူမှုအတွေ့အကြုံသစ်များကို မိမိတို့ ဖန်တီးနေကြောင်း သီချင်းလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဒုတိယဥက္ကဋ္ဌ တာမာရာဟာရီဇာနက်နှင့် ဖျော်ဖြေရေးဆိုင်ရာ ဒုတိယဥက္ကဋ္ဌ ဗီဂျေးရာဂျီက အွန်လိုင်းပို့စ်တွင် ရေးသားဖော်ပြလိုက်သည်။

၎င်းတို့အနေဖြင့် ၎င်းတို့၏ တစ်စုတစ်စည်းတည်းဖြစ်မည့် လူမှုအတွေ့အကြုံသစ်များကို တည်ဆောက်ရန်နှင့် လူမှုဆက်သွယ်မျှဝေသည့် နည်းလမ်းများတွင် သီချင်းပါဝင်လာရန် သီချင်းမိတ်ဖက်များနှင့် လက်တွဲလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းတို့က ပြောကြားလိုက်သည်။

ဖေ့စ်ဘွတ်ခ်၏ သီချင်းအတွေ့အကြုံ ခံစားမှုများကို အိန္ဒိယနှင့် ထိုင်းနိုင်ငံတို့က အသုံးပြုနိုင်ပြီဖြစ်ကြောင်းနှင့် အမေရိကန်သို့ ယခုသီတင်းပတ်အပြီးတွင် တင်ပြသွားနိုင်ရန် လုပ်ဆောင်နေကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

အမေရိကန်သီချင်းမိတ်ဖက်အဖွဲ့အစည်းများတွင် ဆိုနီသီချင်းအဖွဲ့၊ ယူနီဗာဆယ်သီချင်းအဖွဲ့၊ ဝါနာသီချင်းအဖွဲ့နှင့် ဘီအမ်ဂျီသီချင်းအဖွဲ့များ ပါဝင်မည်ဖြစ်သည်။

ဂူဂဲလ်ပိုင် ဗီဒီယိုမျှဝေခြင်း ဝန်ဆောင်မှုဖြစ်သည့် ယူကျူတွင် ဗီဒီယိုကြည့်ရှုသူပေါင်း လစဉ် နှစ်ဘီလီယံကျော်ရှိကြောင်း သိရသည်။

**အေအက်ဖ်ပီ**



ဖေ့စ်ဘွတ်ခ်စီအီးအို မာ့ခ်ဇူကာဘတ်

# အာရပ်ကမ္ဘာအတွက် ပထမဆုံးနျူကလီးယားဓာတ်အားပေးစက်ရုံ ယူအေအီးနိုင်ငံတွင် စတင်လည်ပတ်

အဘူဒါဘီ ဩဂုတ် ၁

**ရေနံကြွယ်ဝသည့် ယူအေအီးနိုင်ငံသည် Barakah နျူကလီးယား ဓာတ်အားပေးစက်ရုံကို စတင်လိုက်ပြီဖြစ်ကြောင်း ဩဂုတ် ၁ ရက်တွင် ကြေညာခဲ့သည်။ အဆိုပါ စက်ရုံမှာ အာရပ်ကမ္ဘာအတွက် ပထမဆုံးနျူကလီးယားဓာတ်အားပေး စက်ရုံလည်း ဖြစ်သည်။**



ယူအေအီးနိုင်ငံ၏ Barakah နျူကလီးယားဓာတ်အားပေးစက်ရုံ။

Barakah နျူကလီးယားစွမ်းအင်စက်ရုံတွင် ယူအေအီး၏ပထမဆုံးသောအဏုမြူဓာတ်ပေါင်းဖိုကို အောင်အောင်မြင်မြင် စတင်နိုင်ပြီဟု အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီဆိုင်ရာ ယူအေအီးမှ ပြောရေးဆိုခွင့်ရှိသူ ဟာမက်အယ်ကာဘီက ပြောသည်။

တိုင်းပြည်အတွက် သန့်စင်သည့် စွမ်းအင်ရရှိတော့မည်ဖြစ်ရာ သမိုင်းဝင်မှတ်တိုင်ပင်ဖြစ်သည်ဟု ၎င်းက ပြောကြားခဲ့သည်။ Barakah စက်ရုံရှိ ဓာတ်ပေါင်းဖိုအတွင်းသို့ ဖေဖော်ဝါရီလမှစတင်ကာ လောင်စာချောင်းများ စတင်သွင်းခဲ့ပြီးနောက် လုပ်ငန်းထိန်းသိမ်းသူအဖွဲ့က စက်ရုံ၏ဓာတ်ပေါင်းဖို လေးခုအတွက် မီးစိမ်းပြခဲ့သည်။

ယင်းနောက်ပိုင်းတွင် အခုလို ဖွင့်လှစ်ခွင့်ရခဲ့ခြင်းဖြစ်သည်။ အဘူဒါဘီ အနောက်ဘက်ပင်လယ်ကွေ့တွင် တည်ထားသည့် အဆိုပါစက်ရုံမှာ ၂၀၁၇ ခုနှစ်နှောင်းပိုင်းမှစတင်ကာ ဖွင့်လှစ်ရန်ရှိခဲ့သော်လည်း လုံခြုံရေးဆိုင်ရာအကြောင်းပြချက်များနှင့် စည်းကမ်းထိန်းသိမ်းမှုဆိုင်ရာ လိုအပ်ချက်များကြောင့် အကြိမ်ကြိမ်နှောင့်နှေးခဲ့ရသည်။ ယူအေအီးနိုင်ငံသည် ရေနံနှင့် ဓာတ်ငွေ့ပေါများသော်လည်း စွမ်းအင်အသုံးပြုမှုများသည့် လူဦးရေ ၁၀ သန်းကြောင့် ဆိုလာစွမ်းအင်အပါအဝင် အခြားသော သန့်စင်သည့် စွမ်းအင်များပေါ် ရင်းနှီးမြှုပ်နှံမှု များပြားခဲ့သည်။

**အေအက်ဖ်ပီ**

# အပျော်စီးသင်္ဘောကြီးများအတွက် ဂရိနိုင်ငံက ဆိပ်ကမ်းခြောက်ခု ပြန်လည်ဖွင့်လှစ်ပေး

**အေသင် ဩဂုတ် ၁**

ဂရိနိုင်ငံသည် ကိုဗစ်- ၁၉ ကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် ၎င်းတို့၏ အဓိကဆိပ်ကမ်းကြီးခြောက်ခုကို ဇူလိုင် ၃၁ ရက်တွင် ပြန်လည် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

သို့သော်လည်း သုံးပတ်တာကာလအတွင်း မည်သည့်သင်္ဘောမျှ ဆိုက်ကပ်ရန် မျှော်လင့်၍ မရသေးပေ။ အပြည်ပြည်ဆိုင်ရာ အပျော်စီးသင်္ဘောလိုင်းများအဖွဲ့အစည်းနှင့် အဓိကအပျော်စီးသင်္ဘော အော်ပရေတာသုံးခုထံ ဂရိခရီးသွားလာမှု ဝန်ကြီးဟာရီသီယိုဟဲရစ်က စာရေးသားခဲ့ပြီး အဆိုပါစာထဲတွင် ပရီးယက်စ်၊ ရိုဒ်စ်၊ အရက်လီယို၊ ဗိုလိုကော်ဖုနှင့် ကာတာကိုလိုဆိပ်ကမ်းတို့ကို ပြန်လည်ဖွင့်ပေးမည်ဖြစ်ကြောင်း ပါရှိသည်။ ပင်လယ်ရေကြောင်းသွားလာမှုဆိုင်ရာ ဝန်ကြီးကမူ ဩဂုတ် ၂၀ ရက် နောက်ပိုင်းမှသာ အပျော်စီးသင်္ဘောကြီးများကို ပြန်လည်လက်ခံနိုင်လိမ့်မည် ဖြစ်ကြောင်း ပြောသည်။



ပရီးယက်စ် ဆိပ်ကမ်းကို တွေ့ရစဉ်။

နိုင်ငံခြား အပျော်စီးသင်္ဘောလိုင်းများကမူ ဂရိရေပြင်ကိုအသုံးပြုရန် စိတ်ဝင်စားကြကြောင်း၊ သို့သော်လည်း အပျော်စီးသင်္ဘောကြီးများသည် အပြည်ပြည်ဆိုင်ရာနှင့် သက်ဆိုင်ပြီး ကိုဗစ် -၁၉ နှင့်ပတ်သက်ကာ ပြင်းထန်သည့်ပြဿနာများနှင့် ရင်ဆိုင်ရဖွယ်ရှိကြောင်း ၎င်းကဆက်လက် ပြောကြားခဲ့သည်။ ဂရိနိုင်ငံ၏ စီးပွားရေးလေးပုံတစ်ပုံမှာ ခရီးသွားလုပ်ငန်းတွင် တည်မှီနေပြီး ကမ္ဘာလှည့်ခရီးသွားများထံမှ ကိုဗစ် -၁၉ ကူးစက်မှုများ ရှိလာမှာကိုလည်း စိုးရိမ်နေရသည်။

ဂရိနိုင်ငံတွင် ကိုဗစ် -၁၉ ကူးစက်ခံရသူ ၄၅၀၀ ရှိပြီး ၂၀၆ ဦးသေဆုံးခဲ့သည်။ လွန်ခဲ့သောလက ဂရိနိုင်ငံသည် နိုင်ငံများရွေးချယ်ကာ နယ်စပ်တံခါး ပြန်ဖွင့်ပေးခဲ့သည်။ ဇူလိုင် ၁ ရက်မှစတင်ကာ ဥရောပလေကြောင်းလိုင်းအများစုကို ဆင်းသက်ခွင့်ပေးခဲ့သည်။ ထိုအချိန်မှစ၍ ဝင်ရောက်လာသူခရီးသွား ၁ ဒသမ ၃ သန်းတွင် ကူးစက်ခံရသူ ၃၄၀ ကျော်ရှိကြောင်း အတည်ပြုနိုင်ခဲ့သည်ဟု ပြည်သူလုံခြုံရေးအေဂျင်စီက ပြောသည်။ **အေအက်ဖ်ပီ**

## ဘရာဇီးနိုင်ငံတွင် ကိုဗစ် -၁၉ ကူးစက်မှု မတွေ့သည်မှာ ၈၆ ရက် ဆက်တိုက်ရှိလာ

ဘန်ဒါဆီရီဘီဂါဝန် ဩဂုတ် ၁

ဘရူနိုင်းနိုင်ငံတွင် ဩဂုတ် ၁ ရက်က ကိုဗစ် -၁၉ ကူးစက်ခံရသူ မတွေ့ရှိရသည့်အတွက် စုစုပေါင်းကူးစက်ခံရသူပေါင်းမှာ ၁၄၁ ဦးတွင် ရပ်တန့်နေသည်။

ထို့ပြင် ဘရူနိုင်းနိုင်ငံတွင် ကိုဗစ် -၁၉ ကူးစက်မှု မတွေ့ရှိရတော့သည်မှာ ၈၆ ရက်ဆက်တိုက်ရှိလာပြီဖြစ်သည်။ အမျိုးသားသီးခြား စောင့်ကြည့်ရေးစင်တာတွင် ကိုဗစ် -၁၉ ကူးစက်ခံရသူ တစ်ဦးတစ်ယောက်မျှ ထပ်မံမတွေ့ရှိရသေးကြောင်း ဘရူနိုင်းကျန်းမာရေးဝန်ကြီးက ပြောသည်။ လက်ရှိတွင် လူပေါင်း ၄၉၇ ဦးမှာ အစိုးရကစီစဉ်ပေးထားသည့် သီးခြားထား စောင့်ကြည့်ရေးစင်တာ၌ စောင့်ကြည့်ခံနေရကြောင်းနှင့် ၎င်းတို့မှာ ပြည်ပမှ ပြန်လာကြသူများဖြစ်ကြသည်။ ဘရူနိုင်းနိုင်ငံတွင် ကိုဗစ် - ၁၉ ကြောင့် သေဆုံးသူသုံးဦးရှိပြီး လူနာ ၁၃၈ ဦးမှာ ပြန်လည်ကျန်းမာလာပြီဖြစ်သည်။

**ဆင်ဟွာ**

# အီရတ်နိုင်ငံတွင် ရွေးကောက်ပွဲစောစီးစွာ ကျင်းပမည့်နေ့ သတ်မှတ်သည်ကို ကုလကြိုဆို

ဘဂ္ဂဒက် ဩဂုတ် ၁

အီရတ်နိုင်ငံတွင် ရွေးကောက်ပွဲ စောစီးစွာကျင်းပနိုင်ရေး ၂၀၂၁ ခုနှစ် ဇွန် ၆ ရက်ကို ရွေးကောက်ပွဲ ကျင်းပမည့်ရက်အဖြစ် သမ္မတ မူစတာဖာအယ်ခက်ဟီမီက ကြေညာခဲ့မှုကို အီရတ်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂအကူအညီပေးရေးအဖွဲ့ (UNAMI) က ကြိုဆိုကြောင်း ဇူလိုင် ၃၁ ရက်တွင် ပြောကြားခဲ့သည်။

ရွေးကောက်ပွဲစောစီးစွာကျင်းပခြင်းသည် အီရတ်နိုင်ငံတွင် တည်ငြိမ်မှုဖြစ်ပေါ်ရန်နှင့် ဒီမိုကရေစီအတွက် အဓိကလိုလားချက်ပင်ဖြစ်ကြောင်း UNAMI က သတင်းထုတ်ပြန်ခဲ့သည်။ အကယ်၍ အီရတ်နိုင်ငံက အကူအညီတောင်းခံလာပါက ကုလသမဂ္ဂသည် အကူအညီများနှင့် နည်းပညာပိုင်းဆိုင်ရာ အကြံဉာဏ်များပေးရန် အသင့်ရှိကြောင်း၊ လွတ်လပ်မျှတပြီး ယုံကြည်ဖွယ်ကောင်းသည့် ရွေးကောက်ပွဲသည် ပြည်သူများ၏ ယုံကြည်ချက်ကို ရရှိမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

အစိုးရ၊ ပါလီမန်၊ နိုင်ငံရေးပါတီများနှင့် အခြားသော နိုင်ငံခေါင်းဆောင်များသည် လွတ်လပ်ပြီးတရားမျှတမှုရှိသည့် ရွေးကောက်ပွဲတွင် ပါဝင်ကြရန် တာဝန်ရှိကြောင်း UNAMI မှ အကြီးအကဲဖြစ်သူ ဟန်နစ်ပလက်ချာက ပြောသည်။ အီရတ်တရားဥပဒေအရ ရွေးကောက်ပွဲကျင်းပမည့်နေ့ကို ပါလီမန်က ခွင့်ပြုပေးရန် လိုအပ်သည်။

လွန်ခဲ့သည့်နှစ်နှောင်းပိုင်းက အီရတ်ပါလီမန်တွင် ရွေးကောက်ပွဲဥပဒေမူကြမ်းများကို အတည်ပြုခဲ့သော်လည်း နိုင်ငံရေးအုပ်စုများအကြား နိုင်ငံရေးအားပြိုင်မှုများကြောင့် အချို့သောဥပဒေများတွင် သဘောတူညီမှုရရှိရန် ကျန်နေသေးသည်။

**ဆင်ဟွာ**

# ဗိုင်းရပ်စ်တိုက်ပွဲတွင် ဖိလစ်ပိုင် ရှုံးနိမ့်နေပြီဟု ဆရာဝန်များက သတိပေး

**မနီလာ ဩဂုတ် ၁**

ဖိလစ်ပိုင်နိုင်ငံသည် ကိုဗစ်-၁၉ တိုက်ပွဲတွင် ရှုံးနိမ့်နေပြီဟု ဆရာဝန်အုပ်စုအချို့က ဩဂုတ် ၁ ရက်တွင် သမ္မတဒူတာတေးကို သတိပေးခဲ့ကြသည်။

ဆေးရုံများတွင် လူနာများ အဆမတန်များလာပြီး ကိုဗစ် -၁၉ ကူးစက်ခံရသူလူနာများ များပြားလာသည့်အတွက် မကြာသေးမီက ဖြေလျှော့ပေးခဲ့သည့် အသွားအလာပိတ်ဆို့ကန့်သတ်မှုများကို ပြန်လည်တင်းကျပ်ပေးရန် ဆရာဝန်များအုပ်စုက တိုက်တွန်းခဲ့သည်။

ဆရာဝန် ထောင်ပေါင်းများစွာကို ကိုယ်စားပြုသည့်ဆေးအဖွဲ့အစည်း ၈၀ က အိတ်ဖွင့်ပေးစာတွင် လက်မှတ်ရေးထိုးခဲ့ကြသည်။

တိုင်းပြည်တွင် ဩဂုတ် ၁ ရက်က ကိုဗစ် -၁၉ကူးစက်ခံရသူ ၅၀၀၀ နီးပါး စံချိန်တင် တွေ့ရှိခဲ့သည်။ ထို့ကြောင့် နိုင်ငံအတွင်း ကိုဗစ် -၁၉ စုစုပေါင်း ကူးစက်ခံရသူ အရေအတွက်မှာ ၉၈၀၀၀ ရှိလာခဲ့သည်။ ဆေးရုံများ



သွေးနမူနာများ စုဆောင်းနေသည့် ကျန်းမာရေးဝန်ထမ်းများကို တွေ့ရစဉ်။

တွင်လည်း လူနာများ ပြည့်နှက်နေပြီး ကျန်းမာရေးစနစ်မှာ အခက်တွေ့နေရပြီဟု အိတ်ဖွင့်ပေးစာတွင် ပါရှိသည်။

ကျန်းမာရေးလုပ်သားများမှာ ရှုံးနိမ့်နေသည့် ကိုဗစ် - ၁၉ တိုက်ပွဲတွင် ဆင်နွှဲနေရပြီး ခိုင်မာတောင့်တင်းသည့် ကိုဗစ် - ၁၉ လှုပ်ရှားမှု အစီအစဉ်ကို ချမှတ်ရန် လိုအပ်သည်ဟု ရေးသားခဲ့ကြသည်။ နေမကောင်းဖြစ်လာသူနှင့် အလုပ်မှ ထွက်သွားသည့် ကျန်းမာရေးလုပ်သားအရေအတွက်မှာ တဖြည်းဖြည်းတိုးလာပြီး လူနာများနှင့် ပြည့်နှက်နေသည့် ဆေးရုံအချို့မှာ လူနာသစ်များကို ထပ်မံလက်မခံနိုင်တော့ဘဲ ပြန်လွှတ်နေရသည်။

ကိုဗစ် -၁၉ ကြောင့် သေဆုံးသူများတွင် ကျန်းမာရေးလုပ်သား ၃၄ ဦး ပါဝင်သည်ဟု ကျန်းမာရေးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

**အေအက်ဖ်ပီ**

# မြောက်ကိုရီးယားမှာ ပထမဆုံး ကိုဗစ်-၁၉ စတင်တွေ့ရှိမှုနဲ့အတူ ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်မှု ၁၇ သန်းကျော်ရှိလာပြီ

*ထွန်းသစ်စ*

**ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှု လျင်မြန်စွာဖြစ်ပွားလျက်ရှိပြီး ဒုတိယလှိုင်းဂယက်အတွက် စိုးရိမ်နေတဲ့အချိန် မြောက်ကိုရီးယားနိုင်ငံမှာ ပထမဆုံး ကိုဗစ်-၁၉ ပိုးတွေ့ရှိတယ်ဆိုတဲ့ သတင်းကို ဇူလိုင် ၂၆ ရက်က အံ့ဩဖွယ်ကြားလိုက်ရပါတယ်။ ကမ္ဘာမြေပြင်တစ်လွှား သူသူငါငါ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၇ သန်းကျော်လာမှုနဲ့အတူ မြောက်ကိုရီးယားနိုင်ငံဟာ နောက်ဆုံးကူးစက်ခံရတဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်လာခဲ့ပါတယ်။**

### အဆီးအတားမရှိ ကူးစက်ချင်တိုင်းကူးစက်

ကိုဗစ်-၁၉ ကပ်ရောဂါက ကမ္ဘာကြီးတစ်ခုလုံးကို အဆီးအတားမရှိဘဲ ကူးစက်ချင်တိုင်းကူးစက်ပြီး ကျန်းမာရေးစနစ်တွေကို ဝန်ပိမှုတွေဖြစ်စေသလို စီးပွားရေးတွေ ကမောက်ကမ ဖြစ်နေတဲ့အချိန်မှာ အများနိုင်ငံတွေနဲ့ ရောနှောနေလေ့မရှိဘဲ တစ်ဦးတည်း ထီးတည်းကြီးခွဲထွက်ရပ်တည်နေတတ်တဲ့ မြောက်ကိုရီးယားနိုင်ငံဟာ ကိုဗစ်-၁၉ ကူးစက်သူ တစ်ယောက်တလေမှတောင်မရှိဘူးဆိုပြီး ဂုဏ်ယူပြောကြားခဲ့သော်လည်း အခုတော့ ဗိုင်းရပ်စ်တားဆီးဖို့ ပြင်ဆင်နေရပြီဖြစ်ပါတယ်။

ကမ္ဘာ့နိုင်ငံအနှံ့ အနည်းဆုံးလူပေါင်း ၆၈၀၀၀၀ လောက် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါကို မလွန်ဆန်နိုင်ဘဲ သေပွဲဝင်ခဲ့သလို အဲဒီထဲမှာ အဆိုးဆုံးဖြစ်ခဲ့တဲ့ နိုင်ငံကတော့ မြောက်ကိုရီးယားနိုင်ငံရဲ့ အဓိက ပြိုင်ဘက် အမေရိကန်ပြည်ထောင်စုပဲ ဖြစ်ပါတယ်။

တကယ့်ကို ကြောက်စရာကောင်းပြီး ရက်စက်ပြင်းထန်တဲ့ ကိုဗစ်-၁၉ ကပ်ရောဂါဟာ နိုင်ငံထဲကို ဝင်ရောက်လာပြီလို့ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းက ပြောကြားခဲ့ပါတယ်။

### ထိန်းချုပ်ကာကွယ်

မြောက်ကိုရီးယားအာဏာပိုင်တွေဟာ ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ကာကွယ်ဖို့ ကေဆောင်းမြို့ကို အသွားအလာကန့်သတ်ပိတ်ဆို့မှုလုပ်ဆောင်လိုက်ပါပြီ။ ကေဆောင်းဟာ တောင်ကိုရီးယားနိုင်ငံရဲ့ အနီးမှာရှိတဲ့ မြောက်ကိုရီးယားနိုင်ငံရဲ့ နယ်စပ်မြို့လေးတစ်မြို့ဖြစ်ပါတယ်။ နိုင်ငံပိုင်မီဒီယာကတော့ တောင်ကိုရီးယားနိုင်ငံဘက်ကို လွန်ခဲ့တဲ့ သုံးနှစ်လောက်က ထွက်ပြေးသွားတဲ့ ပြည်ပြေးတစ်ဦး မြောက်ကိုရီးယားနိုင်ငံကို ပြန်လာခဲ့ပါတယ်။ သူဟာ ကိုဗစ်-၁၉ ကူးစက်ခံခဲ့ရနိုင်တယ်ဆိုပြီး သံသယရှိနေတယ်လို့ ဖော်ပြထားပါတယ်။

သို့သော်လည်း ကျွမ်းကျင်သူတွေကတော့ ကိုဗစ်-၁၉ ကပ်ရောဂါဟာ အိမ်နီးချင်း တရုတ်နိုင်ငံကနေ မြောက်ကိုရီးယားနိုင်ငံထဲကို ဝင်နှင့်နေနိုင်တယ်လို့ ယူဆထားပါတယ်။ ကိုဗစ်-၁၉ ကပ်ရောဂါဟာ လွန်ခဲ့တဲ့ နှစ်နှောင်းပိုင်းမှာ တရုတ်နိုင်ငံမှာ စတင်ဖြစ်ပွားခဲ့ပါတယ်။

### အရှိန်ကောင်းကောင်းနဲ့ ဆက်လက်ပျံ့နှံ့နေဆဲ

အခုအချိန်အထိ ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုဟာ ရပ်တန့်သွားတယ်လို့မရှိဘဲ အရှိန်ကောင်းကောင်းနဲ့ ဆက်လက်ပျံ့နှံ့နေဆဲဖြစ်ပါတယ်။ ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုနဲ့ပတ်သက်ပြီး ထိတ်လန့်ဖွယ်သတင်းမျိုးတောင် ကြားရပါတယ်။ အဲဒါကတော့ ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုကို ကြောက်လို့ မကူးစက်အောင် ကာကွယ်ထိန်းချုပ်မှုတွေ



လုပ်ထားတဲ့နိုင်ငံတွေမှာတောင် ကူးစက်မှုတွေ ဖြစ်ပေါ်ခဲ့တယ်ဆိုတဲ့သတင်းပဲဖြစ်ပါတယ်။

အဲဒီနိုင်ငံတွေထဲက တစ်နိုင်ငံကတော့ ဩစတြေးလျပဲ ဖြစ်ပါတယ်။ ကိုဗစ်-၁၉ စတင်တွေ့ရှိခဲ့တဲ့ အချိန်ကစပြီး ဇူလိုင် ၂၆ ရက်ဟာ ဗိုင်းရပ်စ်ကြောင့် သေဆုံးမှုအများဆုံး နေ့တစ်နေ့ဖြစ်ခဲ့ပါတယ်။ တကယ့်ကိုတင်းကျပ်တဲ့ အသွားအလာကန့်သတ်ပိတ်ဆို့မှုတွေ လုပ်ထားတာတောင် သေဆုံးသူဟာ အဲဒီနေ့မှာ ၁၀ ဦးအထိ ထပ်မံဖြစ်ပွားခဲ့ပြီးတော့ ကူးစက်မှုတွေလည်း ထပ်မံဖြစ်ပွားခဲ့ပါတယ်။ ဒါတွေဟာ မြန်မြန်ဆန်ဆန်ပဲ ပြောင်းလဲဖြစ်ပေါ်လာခဲ့ပါတယ်။ ဒီအရေအတွက်ဟာ ကျွန်တော်တို့အနေနဲ့ အလွန်ကို မြင့်မားတဲ့ပမာဏဖြစ်တယ်လို့ ဗစ်တိုးရီးယားပြည်နယ် ဝန်ကြီးချုပ် ဒန်နီရယ်အန်ဒရူးစ်က ပြောလိုက်ပါတယ်။

### ကိုဗစ်-၁၉ ကူးစက်ခံရသူပေါင်း ၁၇ သန်းကျော်ရှိလာ

ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁၇ သန်းကျော်ရှိလာချိန်မှာ အဲဒီထဲက လေးပုံတစ်ပုံလောက်ဟာ အမေရိကန်ပြည်ထောင်စုက ဖြစ်ပါတယ်။ အမေရိကန်ပြည်ထောင်စုမှာ ဇူလိုင် ၃၁ ရက်က ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုဟာ ၇၈၀၀၀ ကျော်ခဲ့ပါတယ်။

လွန်ခဲ့တဲ့ နွေဦးရာသီမှာ ရောဂါကူးစက်ပျံ့နှံ့မှုဟာ ကျဆင်းခဲ့ပြီးနောက်မှာ ရုတ်တရက်ပြန်လည်မြင့်တက်လာခဲ့တာဖြစ်ပါတယ်။ အထူးသဖြင့် ကယ်လီဖိုးနီးယား၊ ဖလော်ရီဒါ၊ တက္ကဆက်တွေမှာ အများဆုံးဖြစ်ပွားခဲ့တာပါ။ တက္ကဆက်ဟာ ၂၀၂၀ ပြည့်နှစ်ရဲ့ ဟာရီကိန်းဒဏ်ကိုလည်း ခံစားခဲ့ရတဲ့ ပြည်နယ်တစ်ခုဖြစ်ခဲ့ပါတယ်။

လွန်ခဲ့တဲ့ လေးရက်ဆက်တိုက် အမေရိကန်ပြည်ထောင်စုမှာ ကိုဗစ်-၁၉ ကြောင့် သေဆုံးခဲ့တဲ့သူတွေဟာ ၁၀၀၀ ကျော်ပြီဖြစ်ပါတယ်။ အမေရိကန်ပြည်ထောင်စုမှာ ဗိုင်းရပ်စ်ကြောင့် သေဆုံးခဲ့သူအရေအတွက်ဟာ ၁၅၅၀၀၀ ကျော်အထိ လျင်မြန်စွာ တိုးလာခဲ့ပါတယ်။ လက်တင်အမေရိကနဲ့ မြေထဲပင်လယ်ဒေသမှာလည်း ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုဟာလေးပုံပုံ တစ်ပုံလောက်ဖြစ်ပွားခဲ့ပါတယ်။ အစိုးရတွေအနေနဲ့ ပုံမှန်အခြေအနေတိုင်း ပြန်လည်ရောက်ရှိအောင် လုပ်ဆောင်ဖို့ မစွမ်းဆောင်နိုင်သေးပါဘူး။

### ဖျက်သိမ်းလိုက်

ဘရာဇီးနိုင်ငံမှာလည်း တဖြည်းဖြည်း ကြောက်စရာကောင်းလာတဲ့ ကိုဗစ်-၁၉ ကပ်ရောဂါ အကျပ်အတည်းနဲ့ ရင်ဆိုင်နေရတဲ့အတွက်ကြောင့် ရီယိုဒီဂျနေးရိုး ကိုပါကာဘာနာကမ်းခြေမှာကျင်းပလေ့ရှိတဲ့ နှစ်သစ်ကူးအကြိုပျော်ပွဲရွှင်ပွဲတွေအားလုံးကို ဖျက်သိမ်းလိုက်ပါတယ်။ ဘရာဇီးနိုင်ငံမှာ ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုကြောင့် အခုဆိုရင် သေဆုံးသူအရေအတွက်ဟာ ၉၀၀၀၀ ကျော်လာပြီဖြစ်ပါတယ်။ အဲဒါကြောင့် ပျော်ပွဲရွှင်ပွဲတွေမကျင်းပတာပါဟု အရာရှိတစ်ဦးက ပြောကြားလိုက်ပါတယ်။

ဥရောပဒေသတွင်း နွေရာသီအပန်းဖြေအားလပ်ရက်တွေ အများအပြားဖွင့်လှစ်ပေးလိုက်သလို တစ်ချိန်တည်းမှာပဲ ဥရောပမှာလည်း ကိုဗစ်-၁၉ ကူးစက်မှုပေါင်း သုံးသန်းနီးပါး ရောက်ရှိလာခဲ့တယ်လို့ သတင်းတွေမှာ ဖော်ပြထားပါတယ်။

### ပျော်ပွဲရွှင်ပွဲတွေကြောင့် ပိုပြီးဖြစ်နိုင်

ဗြိတိန်မှာတော့ ရုတ်တရက်ဆုံးဖြတ်ချက်ချလိုက်တာတော့ရှိပါတယ်။ အဲဒါကတော့ စပိန်ကလာတဲ့ ခရီးသည်တွေကို သီတင်းပတ်နှစ်ပတ်ကြာ ကိုယ့်ဟာကိုယ် သီးသန့်ခွဲခြားနေထိုင်မှုပြုလုပ်ရမယ်လို့ အမိန့်ထုတ်ပြန်လိုက်ခြင်းပဲဖြစ်ပါတယ်။

မြေထဲပင်လယ်နိုင်ငံတစ်နိုင်ငံမှာ ကိုဗစ်-၁၉ ကူးစက်မှု ရုတ်တရက်မြင့်တက်လာပြီးနောက် အခုလို လုပ်ဆောင်လိုက်တာဖြစ်ပါတယ်။ ကျန်းမာရေးဆိုင်ရာ အရာရှိတွေကတော့ ကိုဗစ်-၁၉ ကူးစက်မှုတွေဟာ ညပိုင်းပျော်ပွဲရွှင်ပွဲတွေကြောင့် ပိုပြီးဖြစ်နိုင်တယ်လို့ ထောက်ပြပြောဆိုထားကြပါတယ်။

အစိုးရပေါင်းများစွာက စပိန်ကလာတဲ့ အားလပ်ရက်အပန်းဖြေခရီးထွက်သူတွေကို သီးသန့်ခွဲခြားစောင့်ကြည့်မှုတွေ ပြုလုပ်ဖို့လိုတယ်ဆိုတာ သိကြပါတယ်လို့ ဗြိတိန်အတိုက်အခံ လွှတ်တော်အမတ် ဒိုင်အက်ဘော့က ပြောပါတယ်။ ဒါပေမယ့်လည်း ဒါကိုဘယ်သူမှ ဒုက္ခခံပြီး ဗြိတိန်လွှတ်တော်အမတ် ဂရန့်ရှက်ပ်ကိုမပြောကြဘူးလို့ သူကဟာသနှောကာ ပြက်လုံးထုတ်ပြီး ပြောလိုက်ပါတယ်။

### ခရီးသွားကဏ္ဍကိုထိခိုက်

ကိုဗစ်-၁၉ဟာ စပိန်နိုင်ငံရဲ့ ခရီးသွားကဏ္ဍကိုလည်း ထိခိုက်ခဲ့ပါတယ်။ အသွားအလာကန့်သတ်ပိတ်ဆို့မှုတွေ ပြုလုပ်ပြီး နယ်စပ်တွေပိတ်လိုက်တာကြောင့် ဘားဆိုင်တွေ၊ ဟိုတယ်တွေ၊ စားသောက်ဆိုင်တွေ စုစုပေါင်း ၁၃ ရာခိုင်နှုန်းလောက် ထာဝရပိတ်သွားခဲ့ကြပါတယ်။ ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ကြောင့် ရုပ်ပိုင်းဆိုင်ရာ နာကျင်ခံစားမှုတွေကတော့ ပြောမပြနိုင်လောက်အောင်ပါပဲ။

အိန္ဒိယနိုင်ငံမှာလည်း ကိုဗစ်-၁၉ ဖြစ်ပြီဟေ့ဆိုတော့ သန်းချီတဲ့ နေရပ်စွန့်ခွာ ရွှေ့ပြောင်းအလုပ်သမားတွေ မြို့တွေမှာ မနေရဲကြတော့သလို ပြန်ဖို့လည်း အလွန်ကြောက်ရွံ့နေခဲ့ကြပါတယ်။ အာရှရဲ့ တတိယအကြီးဆုံး စီးပွားရေးတည်ရှိရာ အိန္ဒိယနိုင်ငံဟာ ကိုဗစ်-၁၉ ကူးစက်ခံထားရသူပေါင်း ၁ ဒသမ ၆ သန်းကျော်လာပြီဖြစ်ပါတယ်။ အမေရိကန်နဲ့ ဘရာဇီးပြီးရင်တော့ အဆိုးဆုံးလို့ ပြောလို့ရပါတယ်။

အခုချိန်ထိတော့ တိုးတက်တဲ့အရိပ်အယောင်တွေ မတွေ့ရသေးပါဘူး။ ကိုဗစ်-၁၉ ဟာ တစ်ထောင့်တစ်ညပုံပြင်ထက်တောင်ဆိုးနေပြီလားလို့ ထင်မှတ်မှားရပါတယ်။ ကာကွယ်ဆေးမတွေ့မချင်း ပြီးဆုံးမယ့် လက္ခဏာ မတွေ့ရသေးပါဘူး။ ။

**ကိုးကား – အေအက်ဖ်ပီ**

---

# နိုင်ငံတကာသတင်းတိုထွာ

## အီးယူတွင်ရှိသည့် အဖွဲ့အစည်းများနှင့် ကုမ္ပဏီများကို ဆိုက်ဘာတိုက်ခိုက်မှုများ ပြုလုပ်ရန်ကြိုးစားခြင်း သို့မဟုတ် တိုက်ခိုက်မှုပြုလုပ်ရာတွင် ပါဝင်သူများကို ဒဏ်ခတ်ပိတ်ဆို့မှုများပြုလုပ်သွားမည်

ဘရပ်ဆဲလ် ဩဂုတ် ၁

အီးယူတွင်ရှိသည့် အဖွဲ့အစည်းများနှင့် ကုမ္ပဏီများကို ဆိုက်ဘာတိုက်ခိုက်မှုများ ပြုလုပ်ရန်ကြိုးစားခြင်း သို့မဟုတ် တိုက်ခိုက်မှုပြုလုပ်ရာတွင် ပါဝင်သူများကို ဒဏ်ခတ်ပိတ်ဆို့မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း အီးယူက ပြောကြားလိုက်သည်။

အဆိုပါ ဒဏ်ခတ်ပိတ်ဆို့မှုများတွင် ခရီးသွားလာမှုကိုတားမြစ်ခြင်းနှင့် ဆိုက်ဘာတိုက်ခိုက်မှုများ ပြုလုပ်ရန်ကြိုးစားခြင်း သို့မဟုတ် တိုက်ခိုက်မှုပြုလုပ်ရာတွင် ပါဝင်သူများ၏ အီးယူတွင်ရှိသော ပိုင်ဆိုင်မှုများကိုလည်း ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

ယခုတစ်ကြိမ် ဆိုက်ဘာတိုက်ခိုက်မှုနှင့်ပတ်သက်ပြီး အီးယူက ဒဏ်ခတ်ပိတ်ဆို့အရေးယူမှုများ ပြုလုပ်ခြင်းသည် ပထမဆုံးအကြိမ်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## ဂျပန်နိုင်ငံတွင် သီတင်းသုံးပတ်အတွင်း ရောဂါပြင်းထန်သည့်လူနာ သုံးဆဖြစ်လာ

တိုကျို ဩဂုတ် ၁

ဂျပန်နိုင်ငံတွင် ဇူလိုင် ၃၁ ရက်က ကိုဗစ်-၁၉ ကူးစက်ခံထားရသည့် အပြင်းအထန်ဖျားနာသော လူနာ ၉၀ ကျော်ရှိကြောင်း သိရသည်။ အဆိုပါအရေအတွက်သည် လွန်ခဲ့သော သီတင်းသုံးပတ်ကထက် သုံးဆပိုမိုများပြားလာကြောင်း သိရသည်။

နိုင်ငံအရေးပေါ်အခြေအနေကြေညာထားသည့်မေလအစောပိုင်းက ဆေးရုံများ၏အထူးကြပ်မတ်ကုသဆောင်များတွင် ဆေးကုသမှုခံယူနေရသည့် သို့မဟုတ် အသက်ရှူအထောက်အကူပြုကိရိယာတပ်ဆင်ထားသည့် လူနာပေါင်း ၃၃၂ ဦး ရှိခဲ့သည်။

၎င်းတို့ထဲတွင် ဒိုင်းမွန်းပရင့်စ် အပျော်စီးသင်္ဘောပေါ်က လူနာများလည်း ပါဝင်ကြောင်း သိရသည်။ ဂျပန်ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ဆိုင်ရာ အကြံပေးအဖွဲ့အကြီးအကဲ ဝါကိတ့တာကာ့ဂျိ က မေလနှောင်းပိုင်းကတည်းက အရေအတွက်လျော့နည်းသွားသည့်အကြောင်းရင်းများနှင့် ပတ်သက်ပြီး သုံးသပ်ပြောကြားထားသည်။

ကူးစက်ခံရသူအများစုသည် လူငယ်များဖြစ်ပြီး ရောဂါလက္ခဏာမပြင်းထန်အောင် တားဆီးနိုင်သည့် ဆေးဝါးများရှိနေပြီဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

သို့သော်လည်း အပြင်းအထန်ဖျားနာသည့် လူနာအရေအတွက် တိုးလာနိုင်သည့်အခြေအနေရှိသောကြောင့် မပေါ့ဆကြရန် ၎င်းကသတိပေးပြောကြားထားသည်။

**အင်န်အိတ်ချ်ကေ**

## အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မဲဆန္ဒရှင် စာရင်းများကို ၂၅-၇-၂၀၂၀ ရက်နေ့မှ ၇-၈-၂၀၂၀ ရက်နေ့အထိ သက်ဆိုင်ရာ ရပ်ကွက် / ကျေးရွာ အုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများနှင့် ကျေးရွာ အုပ်စုအတွင်းရှိ ကျေးရွာများတွင် ပထမအကြိမ်အဖြစ် ကပ်ထားကြေညာထားသည်။
- မိမိအမည်မဲစာရင်းတွင် မပါဝင်ပါက ပုံစံ (၃) ဖြင့် မဲစာရင်းတွင် အမည်ထည့်သွင်းပေးရန် တောင်းဆိုခြင်း၊
- မပါဝင်သင့်သူများ ပါဝင်နေပါက ပုံစံ (၄) ဖြင့် ကန့်ကွက်ခြင်း၊
- မဲစာရင်းပါ အချက်အလက်များ မှားယွင်းနေပါက ပုံစံ (၄-က) ဖြင့် ပြင်ဆင်လွှာတင်သွင်းခြင်း ဆောင်ရွက်နိုင်ပါသည်။

### ရွေးကောက်ပွဲ ကျင်းပရန်

၉၈ ရက်သာ

လိုတော့သည်။

## ဆန္ဒမဲပေးပိုင်ခွင့် ရှိသူတွေက ဘယ်သူတွေလဲ

➢ အမျိုးသား၊ အမျိုးသမီးမရွေး၊ ဘာသာမရွေး-

➢ ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့တွင်-

✓ အသက် ၁၈ နှစ် ပြည့်ပြီးသူများ၊

➢ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သည့်

✓ နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူများနှင့်

➢ သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတွင် ပါဝင်သည့်သူများ ဖြစ်သည်။

## ဆန္ဒမဲပေးပိုင်ခွင့် မရှိသူတွေက ဘယ်သူတွေလဲ

➢ သာသနာ့ဝန်ထမ်း၊

➢ ထောင်ဒဏ်ကျခံနေရသူ၊

➢ စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူ၊

➢ လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူ၊

➢ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာဥပဒေအရ တားမြစ်ခြင်းခံရသူ၊

➢ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူထားသူတို့ဖြစ်သည်။

❊ *ကျော့ဖုံးမှ*

ပုံစံ( ၃)၊ ပုံစံ( ၄)၊ ပုံစံ(၄ -ဂ ) တောင်းဆိုခြင်း၊ ကန့်ကွက်ခြင်း၊ ပြင်ဆင်ခြင်းများကို ပုံစံအခမဲ့ထုတ်ပေးပြီး မဲဆန္ဒရှင်စာရင်းအသိပညာပေး လက်ကမ်းဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ပေးနေပါတယ်။ အခုလို ရုံးပိတ်ရက်ဆို လာကြည့်သူများတယ်။ အချို့ဆို နိုင်ငံခြားရောက်နေပေမယ့် မဲပေးပိုင်ခွင့်ဆုံးရှုံးမှာစိုးရိမ်လို့ မိဘတွေကိုလာကြည့်ခိုင်းကြတဲ့သူတွေလည်းရှိတယ်။ ပြည်သူတွေလာကြည့်ဖို့လည်း ရပ်ကွက်အတွင်းမှာ အသံချဲ့စက်နဲ့ စဉ်ဆက်မပြတ် လှည့်လည်နှိုးဆော်တယ်။ စတင်ကြေညာတဲ့နေ့မှ ယနေ့အထိဆို မြို့နယ်ကော်မရှင်အဖွဲ့ခွဲကို ပုံစံ(၃)အမည်မပါ မဲဆန္ဒရှင်အမည်စာရင်းတောင်းဆိုသူ ၄၀ နဲ့ ပုံစံ (၃ -က) ရပ်ကွက်အတွင်း ရက်ပေါင်း ၉၀ ကြာ နေထိုင်ခဲ့သူဖြစ်ပြီး မဲဆန္ဒနယ်တွင် ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်ဖြင့် မဲပေးပိုင်ခွင့်တောင်းခံသူ ၃၀ ရှိပါတယ်''ဟု ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌက ပြောသည်။

ရွှေပြည်သာမြို့နယ်တွင် လာမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူ ပထမအကြိမ် မဲဆန္ဒရှင် အမည်စာရင်းအရ ၂၈၀၀၀၀ ကျော်ရှိပြီး မဲရုံပေါင်း ၁၁၇ ရုံ ရှိသည်ဟု သိရသည်။

မြင့်သန်းကြည်( ရွှေပြည်သာ)

## မိုင်းယန်းမြို့နယ်၌ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်ပတ်သက်သော အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေ

**မိုင်းယန်း ဩဂုတ် ၁**

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံခရိုင် မိုင်းယန်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ၂၀၂၀ ပြည့်နှစ် ပါတီစုံရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်နှင့် နံရံကပ်စာစောင်များ ဖြန့်ဝေခြင်းကို ယမန်နေ့က မြို့မဈေးနှင့် လူစည်ကားရာ နေရာများ၌ ဖြန့်ဝေပေးခဲ့ကြောင်းသိရသည်။

အဆိုပါ လက်ကမ်းစာစောင်နှင့် ပိုစတာများ၌ မဲဆန္ဒရှင်စာရင်းတွင် ကိုဗစ်-၁၉ ကြောင့် သင့်ရဲ့မဲပေးပေးပိုင်ခွင့်ကိုမဆုံးရှုံးပါစေနဲ့၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက အကြံပြုချက်များကိုလိုက်နာပါ၊ သင်နှင့် အခြားသူများရဲ့ ကျန်းမာရေးကိုရှေးရှုလျက် လုံခြုံစွာ နေထိုင်ပြီး သင့်နာမည် ပါ/ မပါ သွားရောက်စစ်ဆေးပါ၊ သင့်အမည် ပါဝင်ပါသလား၊ သင်ဒါတွေသိပြီးပြီလား၊ ယခုပဲ သွားရောက်စစ်ဆေးလိုက်ပါ၊ သင့်အမည်ပါ၊ မပါ စစ်ဆေးပါ၊ မဲပေးနိုင်ဖို့အတွက် သင့်နာမည်ဟာ မဲဆန္ဒရှင်စာရင်းတွင် ပါဝင်ရပါမယ်၊ မကြာခဏ မေးလေ့မေးထရှိသော မဲဆန္ဒရှင်စာရင်းဆိုင်ရာ မေးခွန်းနှင့်အဖြေများ စသည့် အကြောင်းအရာများပါရှိပြီး ဒေသခံတိုင်းရင်းသားပြည်သူများကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ထွန်းထွန်းထူး(ပြန်/ဆက်)**

## ပြည်တွင်းရှိ သက်ဆိုင်ရာမဲဆန္ဒနယ် ပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်း

❖ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မိမိတို့ဌာန တည်ရှိရာ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ဆက်သွယ်၍ ပုံစံ (၁၅) များကို တောင်းခံသွားရန်၊

❖ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မဲဆန္ဒရှင်များက ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၂၆-၈-၂၀၂၀ ရက် အရောက်ပေးပို့သွားရန်၊

❖ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များကို သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများသို့ ၇-၁၀-၂၀၂၀ ရက် အရောက်ပေးပို့ရန်၊

❖ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများတွင် ၈-၁၀-၂၀၂၀ ရက်မှ ၂၁-၁၀-၂၀၂၀ ရက်အတွင်း သင့်လျော်သည့်ရက်၌ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ရန်၊

❖ ဆန္ဒပြုပြီး ကြိုတင်ဆန္ဒမဲလက်မှတ်ပါ စာအိတ်များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၈-၁၁-၂၀၂၀ ရက်နေ့ ညနေ ၄ နာရီထက် နောက်မကျဘဲ အရောက်ပေးပို့သွားရန်။

## ရွေးကောက်ပွဲများသည်-

➢ ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။

➢ ဒီမိုကရေစီ ရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။

➢ ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မ ဖြစ်သည်။

## သင့်မဲဖြင့် အနာဂတ်ကို ပုံဖော်ဖို့ မဲစာရင်းကို ကြည့်ကြစို့

# တရားမဝင် နယ်စပ်ဖြတ်ကျော်တဲ့ အန္တရာယ်ကို အားလုံးဝိုင်းပြီး ကာကွယ်တားဆီး



တရားမဝင် နယ်စပ်ဖြတ်ကျော်တဲ့ အန္တရာယ်ကို အားလုံးဝိုင်းပြီး ကာကွယ်တားဆီးပေးဖို့ လိုပါတယ်။ တိတ်တခိုးဝင်လာသူတွေက quarantine မဝင်ကြဘူး။ ရောဂါပိုးရှိနေရင် အခြားသူများစွာကို ကူးစက်သွားနိုင်ပါတယ်။ Contact tracing ၊ ထိတွေ့မှုကြောင့် ရောဂါ ကူးသွားနိုင်ဖွယ်ရှိသူများကို စုံစမ်းရှာဖွေ quarantine သွင်းရတဲ့အလုပ်ဟာ နိုင်ငံအတွက် ကြီးမားတဲ့ ဝန်ထုပ်ဝန်ပိုး ဖြစ်ပါတယ်။ ပြည်သူတွေ အန္တရာယ်ကင်းစေဖို့ မဖြစ်မနေ ထမ်းရတဲ့ဝန်ပါ။

တရားမဝင် ဝင်လာသူများ၊ ထို့ကဲ့သို့ ဝင်လာခြင်းကို သိလျက်နဲ့၊ လက်သင့်ခံသူများ၊ ဖုံးကွယ် ထားသူများကို ဥပဒေအရ တင်းကျပ်စွာအရေးယူပါမယ်။ ဒီလိုအများအတွက် အန္တရာယ်ရှိတဲ့ လုပ်ရပ်မျိုး အကြောင်းသိလျှင် ရပ်ကျေးအုပ်ချုပ်ရေးကို အမြန်ဆုံး အသိပေးပါ။ ဒီလိုအသိပေးတာ တစ်ပါးသူကို ချောက်တွန်းရာ မရောက်ပါဘူး။ အပြစ်မဲ့ အများသူငါ ရောဂါချောက်ထဲမကျအောင် ကာကွယ်ပေးတာ ဖြစ်ပါတယ်။

**(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၁၃-၆-၂၀၂၀ ရက်နေ့တွင် ဖေ့စ်ဘွတ်ခ်၌ ရေးသားဖော်ပြချက်မှ ကောက်နုတ်ချက်)**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၁-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

၁။ (၃၁-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် - ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၃၂၀) ခုအား ညပိုင်းတွင် စစ်ဆေးပြီးစီးခဲ့ရာ

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိပါ။

၂။ သို့ဖြစ်ရာ (၃၁-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- ဆေးသုတေသနဦးစီးဌာန (DMR) မှ ဓာတ်ခွဲနမူနာ (၂၀၆) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၁၈၇) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၃၂၀) ခု၊
- ရန်ကုန်မြို့၊ အမှတ်(၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၁၆၈) ခု၊ စုစုပေါင်း (၈၈၁) ခုအား စစ်ဆေးခဲ့ခြင်းဖြစ်ပြီး COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် မတွေ့ရှိပါ။

၃။ (၁-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၃၅၃)ဦး ရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**

**(၁-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | |
|---|---|
| (၃၁-၇-၂၀၂၀) ရက်နေ့အတွက် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာစုစုပေါင်း | (၃၂၀) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၀) ဦး |

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၁-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

၁။ (၁-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- ဆေးသုတေသနဦးစီးဌာန (DMR)မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၂၀၉) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၁၄၅) ခုနှင့်
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၂၇၀) ခု၊
- စုစုပေါင်း (၆၂၄)ခု အား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -
- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိပါ။

၂။ (၁-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၃၅၃) ဦး ရှိပါသည်။

၃။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ (၁)ဦး (Case- 300) ရှိသဖြင့် စုစုပေါင်း (၂၉၇) ဦးရှိပါသည်။ ၎င်းတို့ အနက် (၂၈၁) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၃၁-၇-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၁-၈-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၁၇) ဦးရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၁-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၁-၈-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ (ပထမအသုတ်) စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၀၉) ခု |
| (၁-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၄၅) ခု |
| (၁-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၇၀) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၀) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၁-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၀) ဦး | (၃၅၃) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၁) ဦး | (၂၉၇) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၁၇၂၁၉ | ၃၅၃ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၂၉၇ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၆၈၀၂

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၂၈၁ ဦး ( အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ )

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၂၆၈ | ၅ |
| ၂ | ရခိုင် | ၁၆ | |
| ၃ | ချင်း | ၁၄ | |
| ၄ | စစ်ကိုင်း | ၉ | |
| ၅ | ပဲခူး | ၉ | ၁ |
| ၆ | မွန် | ၇ | |
| ၇ | ကရင် | ၅ | |
| ၈ | ရှမ်း(တောင်) | ၄ | |
| ၉ | မန္တလေး | ၄ | |
| ၁၀ | ရှမ်း(မြောက်) | ၃ | |
| ၁၁ | မကွေး | ၃ | |
| ၁၂ | ရှမ်း(ရှေ့) | ၃ | |
| ၁၃ | နေပြည်တော် | ၂ | |
| ၁၄ | ဧရာဝတီ | ၂ | |
| ၁၅ | ကချင် | ၂ | |
| ၁၆ | တနင်္သာရီ | ၂ | |
| စုစုပေါင်း | | ၃၅၃ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၁-၈-၂၀၂၀ ရက်၊ ည (၈) နာရီ



## ၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းဖြင့် ဆောင်ရွက်သည့် တည်ဆောက်ရေးနှင့် ဝယ်ယူရေးလုပ်ငန်းများ အချိန်မီပြီးမြောက်ရေး ညှိနှိုင်းဆွေးနွေး

**နေပြည်တော် ဩဂုတ် ၁**

စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ ၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းဖြင့် ဆောင်ရွက်သည့် တည်ဆောက်ရေးနှင့် ဝယ်ယူရေး လုပ်ငန်းများ အချိန်မီပြီးမြောက်ရေး ညှိနှိုင်းဆွေးနွေးခြင်းကို ယမန်နေ့က နဝရတ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကာလအတွင်း နှောင့်နှေးကြန့်ကြာမှုများ ရှိနိုင်ခြင်းနှင့် အကန့်အသတ်များ ရှိခြင်းကြောင့် ပြည်ပ ပစ္စည်းများ အမှန်တကယ် ပေးပို့ရမည့်အစား ဘဏ္ဍာရေးနှစ် ကျော်လွန်ပြီးမှ ရောက်ရှိနိုင်ခြင်း စသည့်အခြေအနေများကြောင့် ဘဏ္ဍာရေးနှစ် ကျော်လွန်သုံးစွဲမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရမည့် အချက်များနှင့် ဘဏ္ဍာရေးနှစ်အတွင်း အချိန်မီပြီးမြောက်အောင် ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်တို့ ဦးစီးသော တာဝန်ရှိသူများနှင့် သက်ဆိုင်ရာ တင်ဒါအောင်မြင်သည့် ပုဂ္ဂလိကကုမ္ပဏီများမှ တာဝန်ရှိသူများက ပွင့်လင်းစွာ ဆွေးနွေးကြသည်။

စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ ၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများထဲမှ တည်ဆောက်ရေး လုပ်ငန်း(၁၄)ခုတွင် လုပ်ငန်းများ အပြီးသတ်ဆောင်ရွက်ရန် ကျန်ရှိနေသေးသော်လည်း သက်ဆိုင်ရာ တင်ဒါအောင်မြင်သည့် ကုမ္ပဏီများ၏ တာဝန်ယူမှုဖြင့် ဘဏ္ဍာရေးနှစ်အတွင်း အချိန်မီပြီးမြောက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဇူလိုင်မိုး**

## ၁-၈- ၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၇၀၉၅၄၁ | ၂၃၂၈၄၅၁ | ၁၅၆၈၂၆ |
| ၂။ | ဘရာဇီး | ၂၆၆၆၂၉၈ | ၁၈၈၄၀၅၁ | ၉၂၅၆၈ |
| ၃။ | အိန္ဒိယ | ၁၇၂၂၁၅၉ | ၁၁၂၁၁၀၅ | ၃၆၈၃၀ |
| ၄။ | ရုရှား | ၈၄၅၄၄၃ | ၆၄၆၅၂၄ | ၁၄၀၅၈ |
| ၅။ | တောင်အာဖရိက | ၄၉၃၁၈၃ | ၃၂၆၁၇၁ | ၈၀၀၅ |
| ၆။ | မက္ကဆီကို | ၄၂၄၆၃၇ | ၂၇၈၆၁၈ | ၄၆၆၈၈ |
| ၇။ | ပီရူး | ၄၁၄၇၃၅ | ၂၈၇၁၂၇ | ၁၉၂၁၇ |
| ၈။ | ချီလီ | ၃၅၅၆၆၇ | ၃၂၈၃၂၇ | ၉၄၅၇ |
| ၉။ | စပိန် | ၃၃၅၆၀၂ | စိစစ်ဆဲ | ၂၈၄၄၅ |
| ၁၀။ | အီရန် | ၃၀၆၇၅၂ | ၂၆၅၈၃၀ | ၁၆၉၈၂ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁- ၈ - ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၀၉၉၃၆ | ၆၇၉၁၉ | ၅၁၉၃ |
| ဖိလစ်ပိုင် | ၉၈၃၃၂ | ၆၅၂၆၅ | ၂၀၃၉ |
| စင်ကာပူ | ၅၂၅၁၂ | ၄၆၄၉၁ | ၂၇ |
| မလေးရှား | ၈၉၈၅ | ၈၆၄၇ | ၁၂၅ |
| ထိုင်း | ၃၃၁၂ | ၃၁၃၅ | ၅၈ |
| ဗီယက်နမ် | ၅၈၆ | ၃၇၃ | ၃ |
| မြန်မာ | ၃၅၃ | ၂၉၇ | ၆ |
| ကမ္ဘောဒီးယား | ၂၃၉ | ၁၆၄ | ၀ |
| ဘရူနိုင်း | ၁၄၁ | ၁၃၈ | ၃ |
| လာအို | ၂၀ | ၁၉ | ၀ |

## မိတ္ထီလာ၌ ကိုဗစ် - ၁၉ ရောဂါကာလ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုတစ်သောင်းခန့်အား ထောက်ပံ့ငွေများပေးအပ်

**မိတ္ထီလာ ဩဂုတ် ၁**

မိတ္ထီလာမြို့နယ်တွင် ကိုဗစ် - ၁၉ ရောဂါကာလ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများအား နိုင်ငံတော်က ပေးအပ်သည့် တစ်အိမ်ထောင်လျှင် ငွေကျပ်နှစ်သောင်းစီ ထောက်ပံ့ပေးအပ်ခြင်းကို ဇူလိုင် ၃၁ ရက်က ဆောင်ရွက်ခဲ့ရာ အိမ်ထောင်စု တစ်သောင်းခန့်အား KBZ PAY ဖြင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ကျီတော်ကုန်းရပ်ကွက် နယ်မြေ (၈) ဝမ်းတော်ပြည့် တိုးချဲ့ရပ်သာသနာ့ ရက္ခိတဓမ္မာရုံနှင့် ရန်မျိုးအောင်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး နေရာများတွင် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများအား KBZ PAY ဖြင့် ထောက်ပံ့ငွေများ ပေးအပ်နေမှုကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးသက်လွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းငြိမ်းအောင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေး ဆောင်ရွက်သည်။

"မိတ္ထီလာ မြို့နယ်အတွင်းက ရပ်ကွက် ၁၄ ခု နဲ့ ကျေးရွာပေါင်း ၃၇၉ ရွာက ပုံမှန်ဝင်ငွေမရှိတဲ့ အခြေခံလူတန်းစားအိမ်ထောင်စု စုစုပေါင်း ၄၉၇၄၀ ကို နိုင်ငံတော်က ထောက်ပံ့ပေးအပ်တဲ့ ငွေကျပ်နှစ်သောင်းစီကို သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စုအလိုက် ပေးအပ်ဆောင်ရွက်တာပါ။ အဲဒီ အိမ်ထောင်စုလေးသောင်းကျော်ထဲက အိမ်ထောင်စုတစ်သောင်းခန့်ကို KBZ PAY နဲ့ ထောက်ပံ့ငွေ နှစ်သောင်းကျပ်စီ ထောက်ပံ့ပေးအပ်တာ ဖြစ်ပါတယ်"ဟု မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းငြိမ်းအောင်က ပြောသည်။

**ချမ်းသာ(မိတ္ထီလာ)**



# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ငါးမွေးတောင်သူများအား ငါးသားပေါက်များ ထောက်ပံ့ပေးအပ်

**မန္တလေး ဩဂုတ် ၁**

ကိုဗစ်-၁၉ စီးပွားရေး ပြန်လည်ကုစားမှုအစီအစဉ်တွင် ပါဝင်သည့် Action Plan အရ ငါးမွေးမြူရေးလုပ်ငန်း ပြန်လည်ထူထောင်ရန်အတွက် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ငါးမွေးတောင်သူများအား ငါးသားပေါက်များ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ရေချိုငါးမွေးမြူရေးသုတေသနနှင့်တိုးချဲ့ပညာပေးရေးဗဟိုဌာနတွင် ကျင်းပသည်။



အဆိုပါ အခမ်းအနားတွင် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်းက ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသည့် ကာလတွင် ငါးမွေးမြူရေးလုပ်ငန်းဆောင်ရွက်နေကြသော ငါးမွေးတောင်သူများ ကြုံတွေ့ခဲ့ရသည့် ထိခိုက်ဆုံးရှုံးမှုများကို အမြန်ဆုံး ပြန်လည်ထူထောင်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရမှ တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ငွေကျပ် သန်း ၆၀၀၀ ခွင့်ပြု၍ ငါးမွေးမြူသူများအား တစ်ကေလျှင် ငွေကျပ် ၄၀၀၀၀ တန်ဖိုးရှိ မျိုးငါးနှင့် ငါးသားပေါက်များကို ကေ ၁၅၀၀၀၀ ထောက်ပံ့ပေးခြင်းဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ငါးမွေးတောင်သူများအတွက် ငါးသားပေါက်များ ဖြန့်ဖြူးထောက်ပံ့ပေးသည့် လုပ်ငန်းစဉ်များတွင် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ကြစေလိုကြောင်းနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာများအနေဖြင့်လည်း လိုအပ်သော ပံ့ပိုးကူညီမှုများပေးကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇင်ထူးက ယနေ့အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မတ္တရာမြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်အတွင်းမှ ငါးမွေးတောင်သူများအား ငါးသားပေါက်များ စတင်ထောက်ပံ့ပေးခြင်းဖြစ်ပြီး ကျန်ရှိသည့် မြို့နယ်များမှ ငါးမွေးတောင်သူများအတွက်လည်း ငါးမွေးကန်များအရောက် ဆက်လက်ပို့ဆောင် ထောက်ပံ့ပေးမည်ဖြစ်ပြီး ယခုထောက်ပံ့ပေးသည့် လုပ်ငန်းစဉ်ကို စက်တင်ဘာလကုန်အတွင်း အပြီးဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများက မတ္တရာမြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်အတွင်းရှိ ငါးမွေးတောင်သူများအား ငါးသားပေါက်များ ထောက်ပံ့ပေးအပ်ကြသည်။ **(အပေါ်ပုံ)**

နိုင်ငံတော်မှ တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ငါးသားပေါက်များ ထောက်ပံ့မှုအစီအစဉ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်းမှ ငါးမွေးတောင်သူ ၃၃၃ ဦး၊ ငါးမွေးမြူရေးကန် ကေ ၁၆၃၁ ဒသမ ၃၆ ကေအတွက် ငါးသားပေါက်ကောင်ရေ ၄၁ သိန်း ခုနစ်သောင်းကျော်ကို ငါးမွေးကန်များအရောက်ပေးပို့ ဖြန့်ဖြူးပေးမည်ဖြစ်ပြီး ဆက်လက်၍ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA )မှ တစ်ပိုင်တစ်နိုင် ငါးမွေးမြူရေးစီမံကိန်း ဆောင်ရွက်ခဲ့သည့် မန္တလေးတိုင်းဒေသကြီးအတွင်း ပုသိမ်ကြီး၊ ကျောက်ဆည်၊ မြစ်သားနှင့် စဉ့်ကိုင်မြို့နယ်များရှိ နှစ်ကေအောက် ငါးမွေးတောင်သူများနှင့် ငါးလုပ်ငန်းဦးစီးဌာန ငါးလုပ်ငန်း စခန်းလေးခုသို့လည်း ငါးသားပေါက်များ၊ ငါးအစာများနှင့် လုပ်ငန်းသုံးပစ္စည်းများကို ထောက်ပံ့ပေးမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# မြဝတီတံတားအမှတ်(၂)မှ မြန်မာရွှေ့ပြောင်းလုပ်သား ၄၄၀ ဆက်လက်ဝင်ရောက်

**မြဝတီ ဩဂုတ် ၁**

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၄၄၀ သည် မြဝတီ အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ယနေ့ ဆက်လက်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအား ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်း၊ ခရိုင်နှင့် မြို့နယ်မှ တာဝန်ရှိသူများက ကြိုဆိုခဲ့ပြီးကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**



ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် မေ ၁ ရက်မှ ၃၁ ရက်အထိ ၁၁၆၈၀၊ ဇွန် ၁ ရက်မှ ၃၀ ရက်အထိ ၂၅၃၃၈ ဦး၊ ဇူလိုင် ၁ ရက်မှ ၃၁ ရက်အထိ ၁၈၅၉၇ ဦး၊ ဩဂုတ် ၁ ရက်(ယနေ့)တွင် ၄၄၀ စုစုပေါင်း ၅၆၀၅၅ ဦးတို့ ပြန်လည်ဝင်ရောက်ခဲ့ပြီး ဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်သူများမှာ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ အမျိုးသား ၂၆၄ ဦး၊ အမျိုးသမီး ၁၇၆ ဦး စုစုပေါင်း ၄၄၀ ဖြစ်ပြီး သက်ဆိုင်ရာ အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းများသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

◎ ကျောဖုံးမှ

ကယ်ဆယ်ရေးလေယာဉ်ဖြင့် တတိယအကြိမ် ပြန်လည်ခေါ်ဆောင်နိုင်ရေးအတွက် မြန်မာသံရုံး၊ တိုကျိုမြို့က ညှိနှိုင်းဆောင်ရွက်ပေးခဲ့ရာ ၎င်းတို့သည် ယနေ့ ညနေ ၅ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

ဖော်ပြပါ မြန်မာနိုင်ငံသားများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေးနှင့် ၂၁ ရက်တာ အသွားအလာကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

သို့ဖြစ်၍ ဂျပန်နိုင်ငံတွင် အကြောင်းအမျိုးမျိုးဖြင့်ရောက်ရှိနေပြီး အခက်အခဲ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၅၄၆ ဦးအား ကယ်ဆယ်ရေးလေယာဉ်သုံးကြိမ်တိုင်တိုင် ပျံသန်းပြေးဆွဲလျက် မြန်မာနိုင်ငံသို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ခေါ်ဆောင်ပေးခဲ့ပြီးဖြစ်သည်။ ဆက်လက်၍လည်း ဩဂုတ် ၆ ရက်တွင် စတုတ္ထကြိမ်မြောက် ကယ်ဆယ်ရေးလေယာဉ်ပျံသန်းပြေးဆွဲရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ချင်းရွှေဟော်နယ်စပ်ဂိတ်မှ နေရပ်ပြန်ပြည်သူ ၂၉ ဦး ထပ်မံဝင်ရောက်

**ချင်းရွှေဟော် ဩဂုတ် ၁**

တရုတ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူများသည် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ မြန်မာ-တရုတ်နှစ်နိုင်ငံနယ်စပ်ဂိတ်ပေါက်မှ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ဇူလိုင် ၃၁ ရက် ညနေ ၆ နာရီက ၂၄ ဦးနှင့် ယနေ့ မွန်းလွဲ ၃ နာရီက ငါးဦး စုစုပေါင်းနေရပ်ပြန်ပြည်သူ ၂၉ ဦး ထပ်မံ ဝင်ရောက်လာသည်။

အဆိုပါ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူ ၂၉ ဦးတို့မှာ အမျိုးသား ၁၁ ဦး၊ အမျိုးသမီး ၁၈ ဦးဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်မှ ငါးဦးနှင့် ရှမ်းပြည်နယ်မြောက်ပိုင်း နမ္မတူမြို့နယ်မှ နှစ်ဦး၊ ကွမ်းလုံမြို့နယ်မှ တစ်ဦး၊ လောက်ကိုင်မြို့နယ်မှ ၁၂ ဦး၊ ဟိုပန်မြို့နယ်မှ သုံးဦး၊ ကုန်းကြမ်းမြို့နယ်မှ လေးဦးနှင့် ပန်လုံမြို့နယ်မှ နှစ်ဦးတို့ဖြစ်ကြောင်း သိရသည်။

ထိုသို့ ချင်းရွှေဟော်နယ်စပ်ဂိတ်မှဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ မြို့အုပ်ချုပ်ရေးမှူး ဦးသက်ဦးပိုင်နှင့် ကော်မတီအဖွဲ့ဝင်များက သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များသို့ စနစ်တကျ လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ ဧပြီ ၃၀ ရက်မှ ယနေ့အထိ အမျိုးသား ၇၇၄၀ နှင့် အမျိုးသမီး ၆၂၃၀ တို့ဖြစ်ပြီး စုစုပေါင်းနေရပ်ပြန်ပြည်သူ ၁၃၉၇၀ အား လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ဇင်ဇင်(ပြန်/ဆက်)**

## COVID - 19 Call Center အချိန် ပြောင်းလဲဖွင့်လှစ်

**နေပြည်တော် ဩဂုတ် ၁**

COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန်အတွက် COVID–19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ လေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID–19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှစ၍ နေ့စဉ် နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်းဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။

ယခုအခါတွင် COVID – 19 Call Center ခေါ်ဆိုမှု အချိန်ကို နံနက် ၈နာရီမှ ည ၈ နာရီအထိ **(အစား)** နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြောင်းလဲဖွင့်လှစ်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် နေရပ်ပြန်ပြည်သူ ၃၄ ဦးအား အသွားအလာကန့်သတ်ထားရှိ

**ညောင်ရွှေ ဩဂုတ် ၁**

ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူ ၃၄ ဦးသည် ဩဂုတ် ၁ ရက် နံနက် ၁၁ နာရီက ညောင်ရွှေမြို့သို့ ရောက်ရှိခဲ့ပြီး သက်မွေးပညာသင်တန်းကျောင်း၌ အသွားအလာကန့်သတ်ဆောင်ရွက်ထားသည်။

**ကျန်းမာရေးစစ်ဆေးခြင်းများ ဆောင်ရွက်**

နေရပ်ပြန်ပြည်သူများကို မြို့နယ် ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့်၊ စစ်ဆေး၊ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကြီးကြပ်မှုကော်မတီဝင်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ပရဟိတလူငယ်များက သတ်မှတ်အဆောင်များ၌ နေရာချထားခြင်း၊ ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစစ်ဆေးခြင်းများ ဆောင်ရွက်ပေးသည်။

**ပြန်လည်ပို့ဆောင်**

အဆိုပါ နေရပ်ပြန်ပြည်သူများသည် မြဝတီမြို့ အမှတ်(၂) ချစ်ကြည်ရေးတံတားမှ ဝင်ရောက်လာပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ပြန်လည်ပို့ဆောင်ခဲ့ကြောင်း၊ နေရပ်ပြန်ပြည်သူများတွင် ရှမ်းပြည်နယ်တောင်ပိုင်းမှ ၂၀၊ ရှမ်းပြည်နယ်မြောက်ပိုင်းမှ ၁၄ ဦး ဖြစ်ကြောင်း သိရသည်။

**နေမျိုးသူရိန်**



## ဖာပွန်-ကမမောင်း-ဝါးဘိုးတောလမ်းပေါ်ရှိ ကညင်ဒုံချောင်းကူးတံတား ရာခိုင်နှုန်းပြည့်ပြီးစီးသည့်အတွက် ဩဂုတ် ၁ ရက်မှစ၍ ဖြတ်သန်းသွားလာခွင့်ပြု

**ကမမောင်း ဩဂုတ် ၁**
ကရင်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် ကရင်ပြည်နယ်၏ မြို့တော်ဘားအံမြို့နှင့် ဖာပွန်ခရိုင်ကို ဆက်သွယ်ပေးထားသော ဖာပွန်-ကမမောင်း-ဝါးဘိုးတောလမ်းအပိုင်း၊ မိုင်တိုင်အမှတ် (၃၅/၆ မှ ၃၆/၀) အတွင်းရှိ ကညင်ဒုံတံတား တည်ဆောက်ရေးစီမံကိန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားအထူးအဖွဲ့ (၁၄) မှ တည်ဆောက်လျက်ရှိရာ ယခုအခါ တံတားတည်ဆောက်မှု လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးနေပြီ ဖြစ်သည်။

ကညင်ဒုံတံတား၏ အရှည်မှာ ပေ ၁၈၀ ရှိပြီး တံတားအကျယ်မှာ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းတစ်ဖက်လျှင် သုံးပေဖြစ်ပြီး စုစုပေါင်းယာဉ်သွားလမ်း အကျယ်ပေ ၃၀ ရှိကြောင်း သိရသည်။ ပင်မတံတား၏အပေါ်ထည်မှာ သံကူကွန်ကရစ်ကြမ်းခင်းနှင့် လက်ရန်း အမျိုးအစားဖြစ်ပြီး တံတားကိုယ်ထည်မှာ သံကူကွန်ကရစ်ကမ်းကပ်ခုံအမျိုးအစားဖြစ်ကြောင်း သိရသည်။

ကညင်ဒုံတံတား၏ ရေလမ်းကမ်းလွတ် (အမြင့်) မှာ တစ်ပေရှိပြီး ရေလမ်းကင်းလွတ်(အကျယ်)ပေ ၃၀ ရှိကြောင်း သိရသည်။ တံတားခန်းဖွင့်ပေ ၁၀၀ တစ်ခန်းနှင့်သံကူကွန်ကရစ်ကြမ်းခင်းပေ ၄၀ နှစ်ခန်း စုစုပေါင်း တံတားခန်းဖွင့် သုံးခန်းပါရှိကာ တံတားခံနိုင်ဝန် ခွင့်ပြုယာဉ်ခွင့်ပြု အလေးချိန်မှာ တန် ၆၀ ဖြစ်ကြောင်း တံတားကို တာဝန်ယူတည်ဆောက်နေသည့် တံတားအထူးအဖွဲ့ (၁၄) မှ သိရသည်။

သာစူးကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ကညင်ဒုံချောင်းကူးတံတားချဉ်းကပ်လမ်းမှာ လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁ ရက်မှစတင်ကာ အဆိုပါ ချဉ်းကပ်လမ်းနှင့် တံတားပေါ်သို့ ယာဉ်ကြီး၊ ယာဉ်ငယ်များ ဖြတ်သန်းသွားလာနိုင်မည်ဖြစ်ကြောင်းနှင့် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ခရိုင်လမ်းဦးစီးဌာနမှ သိရသည်။

**လင်းသန့်(ပြန်/ဆက်)**




ဖာပွန်-ကမမောင်း-ဝါးဘိုး တောလမ်းပေါ်ရှိ ကညင်ဒုံချောင်းကူးတံတားကို တွေ့ရစဉ်။




## လောက်ကိုင်မြို့နယ်၌ မြေပြိုမှုဖြစ်ပွားသည့် အိမ်ထောင်စုများသို့ ထောက်ပံ့ငွေများ ပေးအပ်

**လောက်ကိုင် ဩဂုတ် ၁**
ရှမ်းပြည်နယ်မြောက်ပိုင်း ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ်တွင် ယခင်ရက်များက မိုးအဆက်မပြတ်ရွာသွန်းခြင်းကြောင့် အမှတ်(၃) ရပ်ကွက် ချစ်ကြည်ရေးလမ်း စီးကရက်စက်ရုံအောက်ဘက်၌ ဇူလိုင် ၂၅ ရက်က မြေပြိုမှုဖြစ်ပွားခဲ့သည့် အိမ်ထောင်စုသို့ ဇူလိုင် ၃၁ ရက်က ထောက်ပံ့ငွေများ ပေးအပ်သည်။

ထိုသို့ထောက်ပံ့ပေးရာတွင် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက မြေထိန်းနံရံများ ပြိုကျကာ မြေပြိုမှု ဖြစ်ပွားခဲ့သည့် အိမ်ထောင်စုတစ်စုအတွက် အိမ်ဆောက်ပစ္စည်းဖိုး ငွေကျပ်တစ်သိန်း၊ လူငါးဦးအတွက် ဆန်ရိက္ခာငွေကျပ် ၁၀၅၀၀ ကို ထောက်ပံ့ပေးအပ်သည်။

အလားတူ ဆက်လက်ပြီး အမှတ် (၁) ရပ်ကွက် ရှင်ဖူချောင်တံတားအနီးတွင် ဇူလိုင် ၂၇ ရက်က မြေပြိုမှု ဖြစ်ပွားခဲ့သည့် အိမ်ထောင်စုတစ်စုအတွက် အိမ်ဆောက်ပစ္စည်းဖိုး ငွေကျပ်ကိုးသောင်းနှင့် လူငါးဦးအတွက် ဆန်ရိက္ခာဖိုး ငွေကျပ် ၁၀၅၀၀ ကို ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

**ဇော်ဇော်အောင်(ပြန်/ဆက်)**

### အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁ - ၈ - ၂၀၂၀

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၉၀၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၈၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၁၄၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၉၀၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၈၆၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၁၄၁၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၄၀/၅၇၀ ကျပ် | ၅၇၀/၅၉၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၅၀/၅၈၅ ကျပ် | ၅၈၅/၆၀၅ ကျပ် |
| အောက်တိန်း ၉၂ | ၄၉၀/၅၂၀ ကျပ် | ၅၅၀/၅၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၂၀/၆၃၅ ကျပ် | ၆၇၅/၇၀၀ ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၆၃ . ၇ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၀၂ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၉၁ . ၁၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၇၁ . ၄ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၉၇ . ၈ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၇၃ . ၈၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၄ . ၇၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၂၂၆ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၄ . ၁၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၁ . ၄၄ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၃ . ၄၀၉ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၅၀၀ | ၁၀၅၀၀ | ၄၆ | ၄၈၃၀၀၀ |
| MTSH | ၃၇၅၀ | ၃၇၅၀ | ၁၁၅၄၃ | ၄၃၂၈၆၂၅၀ |
| MCB | ၈၂၀၀ | ၀ | ၀ | ၀ |
| FPB | ၂၂၀၀၀ | ၂၂၀၀၀ | ၅၉ | ၁၂၉၈၀၀၀ |
| TMH | ၂၈၀၀ | ၂၈၀၀ | ၁၄ | ၃၉၂၀၀ |
| EFR | ၂၇၅၀ | ၂၈၀၀ | ၅၄၃ | ၁၅၁၇၉၀၀ |

ခင်ရတနာ - စုစည်းသည်

**မြန်မာ့အလင်း**


| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်း သတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |


mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS


**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News
Presented by NPE
www.mdn.gov.mm



HTOO




ကာတွန်းကိုမိုး







## သိမှတ်စရာအဖြာဖြာ (General Knowledge)


# ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ကလေးတို့တွေမှာ အဖြစ်များသလား

ကေ – ဂျူဝယ်လ်

**မင်္ဂလာပါကလေးတို့ရေ။ ဒီတစ်ပတ်မှာ မမက ကလေးတို့ရော၊ မမတို့အားလုံးပါ ကူးစက်မှာကြောက်ရွံ့နေကြတဲ့ ကိုဗစ်-၁၉ ရောဂါက ကလေးတို့ဆီမှာ ဖြစ်ပွားနိုင်သလားဆိုတာနဲ့ပတ်သက်ပြီး နည်းနည်းလောက် ရှင်းပြပေးချင်ပါတယ်။ မမတို့နိုင်ငံမှာလည်း ကူးစက်ခံရတဲ့ကလေးလေးတွေရှိတယ်လေ။ တော်သေးတာက သူတို့အားလုံး အခုဆိုရင် ကိုဗစ်-၁၉ ဗိုင်းရပ်စ်ပိုးက သူတို့ကိုယ်ခန္ဓာထဲမှာ မရှိတော့ဘူး။ သူတို့အားလုံးနေကောင်းသွားကြပြီပေါ့။ ဝမ်းသာစရာပဲနော်။**



အမှန်တကယ်တော့ ကိုဗစ်-၁၉ ရောဂါက ကလေးတွေမှာ ဖြစ်ပွားမှုနှုန်းက ၁ ရာခိုင်နှုန်းကနေ ၅ ရာခိုင်နှုန်းကြားမှာပဲ ရှိပါတယ်။ သိပ်မကူးစက်ဘူးဆိုတဲ့အဓိပ္ပာယ်ပေါ့ကွယ်။ ဒါပေမယ့် ကလေး ၁၀၀ ရှိတိုင်း တစ်ယောက်ကနေ ငါးယောက်အထိ ကူးစက်မှုခံရနိုင်တာဆိုတော့ စိုးရိမ်စရာပဲပေါ့။ မြူနီစီပယ်လူထုကျန်းမာရေး ဝန်ဆောင်မှုရဲ့ စစ်တမ်းတစ်ခုမှာဆိုရင် ဖြစ်ပွားတဲ့လူဦးရေ စုစုပေါင်းမှာ





ကလေးဦးရေက ၂၀ ရာခိုင်နှုန်းလောက်ရှိတယ်လို့ ဖော်ပြထားပါတယ်။ ပြောရမယ်ဆိုရင် ကိုဗစ်-၁၉ ရောဂါဖြစ်တဲ့သူ ၁၀၀ လောက်ရှိရင် အဲဒီထဲမှာ ကလေး ၂၀ လောက်ပါနေတာပေါ့ကွယ်။ ဒါပေမယ့် ကမ္ဘာပေါ်မှာ ကိုဗစ်-၁၉ ကြောင့် သေဆုံးသွားတဲ့ကလေး ဆိုတာတော့ မရှိသလောက်ပါပဲ အတော်လေးနည်းတာကို တွေ့ရပါတယ်။

ကလေးတွေက ကိုဗစ်-၁၉ ရောဂါဖြစ်ရင် လူကြီးတွေလိုပဲခံစားကြရတာပါ။ အဓိကကတော့ ချောင်းဆိုးတာ၊ အဖျားတက်တာနဲ့ လည်ချောင်းနာတာတွေ ဖြစ်လာတာပါ။ သူတို့တွေထဲကမှ ကံမကောင်းတဲ့ကလေးအချို့ကတော့ အသက်ရှူရခက်ခဲတာ၊ အနံ့တွေ၊ အရသာတွေကို မခံစားနိုင်တာနဲ့ ပင်ပန်းနွမ်းနယ်ကြတာတွေကို ခံစားရတယ်။ ကိုဗစ်-၁၉ ရောဂါပိုး ကူးစက်ခံရမယ်ဆိုရင် ဆီးချိုနဲ့ အဝလွန်ရောဂါရှိတဲ့ကလေးတွေဆိုရင် တော်တော်လေး စိုးရိမ်ရတယ်လို့ ဆိုပါတယ်။ ဆီးချိုရောဂါနဲ့ အဝလွန်ရောဂါဆိုတာက သိပ်ကို ကြောက်စရာကောင်းတယ် ကလေးတို့ရဲ့။ ဒါကြောင့် ကလေးတို့ကလည်း ဆီးချိုရောဂါနဲ့ အဝလွန်ရောဂါတွေ မဖြစ်အောင် သတိထားနေကြဖို့လည်း လိုပါတယ်နော်။ အဲဒီရောဂါမရှိတဲ့ ကလေးတွေမှာတော့ ကိုဗစ်-၁၉ကို ဆိုးဆိုးရွားရွားကြီး မကြုံကြရပါဘူး။

အဲဒီတော့ ကလေးတွေမှာ အသက်ရှူဖို့ ခက်ခဲနေပြီ၊ နှုတ်ခမ်းတွေက ခရမ်းရောင်သန်းနေပြီ၊ ဖျားနာပြီး ချောင်းတွေ မတရားဆိုးနေပြီ၊ ဝမ်းလျှောပြီး အန်ရင်လည်း သွေးပါနေပြီ၊ အလွန်အိပ်ချင်နေပြီဆိုရင်တော့ သူက ကိုဗစ်-၁၉ ရောဂါပိုးကို ခံစားနေပြီပေါ့။ ကိုဗစ်-၁၉ ရောဂါပိုးရှိမရှိ စစ်ဆေးဖို့က လူကြီးတွေလိုပဲ နှာခေါင်းတို့ပတ်၊ အာခေါင်တို့ပတ်တွေ ရယူရမှာပါ။ ဒါကလည်း သိပ်နာကျင်တာမျိုးတော့မဟုတ်ပါဘူးတဲ့။ နှာခေါင်းနည်းနည်းလေးတော့ ယားယံနာကျင်တာလေးရှိတာပေါ့ကွယ်။ ကြောက်စရာကောင်းတဲ့ လုပ်ဆောင်ချက်တော့ မဟုတ်ပါဘူးဆိုပြီး ရောဂါပိုးရှိ/မရှိ စစ်ဆေးခံရဖူးတဲ့ကလေးတွေက ဆိုထားပါတယ်။ ကလေးအများစုဟာ ကိုဗစ်-၁၉ ရောဂါပိုး ရှိ/မရှိ စစ်ဆေးခံရတော့မယ်ဆိုရင် သူတို့ရဲ့ နှာခေါင်းလေးတွေကို မော့ထားပြီး လက်ထဲမှာတော့ ကစားစရာတစ်ခုခုကို ကိုင်ထားမယ်ဆိုရင် စိတ်လှုပ်ရှားမှု လျော့စေမှာပါလို့ ဆရာဝန်တွေကလည်း ဆိုထားပါသေးတယ်။

ကိုဗစ်-၁၉ ရောဂါအကြောင်းကို ကလေးတို့သိထားပြီးဖြစ်ပေမယ့် ကမ္ဘာပေါ်က ကလေးတွေကို စစ်တမ်းတစ်ခုကောက်ခံရာမှာတော့ ဆယ်နှစ်ကျော်တဲ့ကလေးတွေက ပိုပြီးသိကြပေမယ့် ၁၀ နှစ်အောက်ကလေးတွေကတော့ သိပ်ကြောက်စရာကောင်းတယ်လို့ မသိကြပါဘူး။ အဲဒီတော့ ကလေးတို့က ကြောက်စရာရောဂါကြီးကနေ ကင်းဝေးအောင် လက်ကိုလူကြီးတွေသင်ပေးတဲ့အတိုင်း ခဏခဏ



ဆေးပါ။ ချောင်းဆိုး၊ နှာချေတဲ့အခါ အကာအကွယ်နဲ့ ပြုလုပ်ပါ။ ပြီးတာနဲ့ လက်ကိုဆေးပါ။ မျက်နှာကို လက်နဲ့ လုံးဝလုံးဝမထိပါနဲ့။ ကစားစရာတွေ၊ အခြားအရာဝတ္ထုတွေနဲ့ ပလတ်စတစ်မျက်နှာပြင်တွေ၊ တံခါးတွေအားလုံးကို ဖြစ်နိုင်ရင်မကိုင်ပါနဲ့။ တစ်ယောက်နဲ့ တစ်ယောက် လက်တစ်ကမ်းအကွာအဝေးထက် ဝေးတဲ့နေရာတွေမှာပဲနေကြပါ။ ဒီလိုဆိုရင်တော့ ကိုဗစ်-၁၉ ရောဂါပိုးတွေက ကလေးတို့ကို လုံးဝအန္တရာယ်ပေးနိုင်တော့မှာ မဟုတ်ပါဘူးနော်။ ။

## လောကဝတ် (Etiquette)

# အွန်လိုင်းကနေ စာသင်တယ်ဆိုရင်

မမမေ

ကလေးလေးတို့အားလုံး ကျောင်းတွေလည်း မဖွင့်သေးတော့ ပျင်းနေမှာပဲနော်။ အချို့ ကလေးတွေကတော့ အွန်လိုင်းကနေ ကျောင်းအချို့ကို ဆက်သွယ်ပြီး ကျောင်းတက်နေကြပြီတဲ့။ အွန်လိုင်းကနေ စာသင်တယ်ဆိုတာ ကလေးတို့ အားလုံးနီးပါးတော့ သိကြမယ်လို့ မမကတော့ ထင်ပါတယ်။



ကလေးတွေကို ဆရာ ဆရာမတွေက အင်တာနက်ကို အသုံးပြုပြီး ဖုန်းတွေ၊ တက်ပလက်တွေကနေ စာတွေသင်ပေးကြတာကို ပြောတာပါ။ မမတို့နိုင်ငံမှာလည်း အွန်လိုင်းကနေ ကလေးတို့အတွက် သင်တန်းတွေမျိုးစုံပေါ်လာတာပေါ့။ မူကြို အရွယ်ကနေ အတန်းကြီးတဲ့အထိ စာတွေသင်တာ၊ ဂီတတွေသင်တာ၊ ပန်းချီတွေသင်တာအမျိုးမျိုးပဲ မြင်တွေ့နေရတယ်။ မတက်ဖူးသေးတဲ့ ကလေးလေးတို့လည်း ဗဟုသုတရသွားအောင်၊ တက်နေကြတဲ့ ကလေးတွေလည်း သိရှိသွားအောင် မမက အွန်လိုင်းမှာ စာသင်တဲ့အခါ လိုက်နာရမယ့် လောကဝတ်ကလေးတွေ အကြောင်း ပြောပြလိုပါတယ်။

**လူချင်းတွေ့တောင် မပြောရဲတာတွေ အွန်လိုင်းမှာလည်း မပြောပါနဲ့**

အချို့ကလေးတွေက အပြင်မှာ သိပ်ကို အေးကြတာပေါ့။ မိဘစကားရော၊ ဆရာ ဆရာမတွေစကားကိုပါ သိပ်ကို လိုက်နာကြတဲ့သူတွေတဲ့။ ဒါပေမယ့် အွန်လိုင်းသင်တန်းတွေကျရင် လူချင်း မတွေ့ရတဲ့အတွက် ဆရာတွေကို မလေးမစားပြောဆိုတာတွေ ရှိကြတယ်လို့ အွန်လိုင်းသင်ကြားနေတဲ့ ဆရာ တွေက ပြောကြတာ မမတော့ မကြာခဏ တွေ့နေရတယ်။ ကလေးတို့က သူများကို ထိခိုက်စေမယ့်စကားတွေကို အွန်လိုင်းမှာ စာသင်နေတုန်း မပြောဖြစ်အောင် ရှောင်ကြပါနော်။

**မက်ဆေ့ချ်ကို မလိုဘဲ မပို့ပါနဲ့**

အချို့ကလေးတွေက စာသင်နေတုန်း မက်ဆေ့ချ်တွေ၊ မှတ်ချက်ဘောက်စ်တွေကနေ ပုံလေးတွေ၊ စာတွေကိုမလိုဘဲ ပေးပို့ကြသတဲ့။ အဲဒီလိုပို့လိုက်တဲ့အတွက် သင်ပေးနေရတဲ့ ဆရာတွေမှာရော၊ အတူတူသင်ယူနေတဲ့သူတွေမှာပါ စိတ်အနှောင့်အယှက်ဖြစ်စေတာမို့ အဲဒီလိုအမူအရာတွေကိုလည်း ရှောင်ကြဉ်ဖို့လိုပါတယ်။




**ဟာသတွေသိပ်မလုပ်ပါနဲ့**

ကလေးတွေဟာ ကျောင်းမဟုတ်ဘဲ အိမ်ကနေ အွန်လိုင်းပေါ်တက်ပြီး စာသင်ကြတာက ပုံမှန်ကျောင်းသွားပြီး စာသင်တာထက် သင်ကြားရတာ ပိုမိုခက်ခဲပါတယ်။ အာရုံတွေကလည်း စာသင်ခန်းထဲမှာလို စုစုစည်းစည်း သိပ်မရှိဘူးပေါ့။ အချို့ကလေးတွေက အိပ်ပျော်နေကြပြီး အချို့ကလေးတွေက ဟာသတွေလျှောက်လုပ်နေကြတယ်တဲ့။ အချို့ကလည်း ဖုန်းမျက်နှာပြင်ပေါ်ကနေ ရုပ်တွေပြောင်နေကြတာပေါ့။ စနောက်တဲ့အတွက် အခြားသူငယ်ချင်းတွေကလည်း ရယ်မောနေကြတာများလို့ စာသင်ဖို့အခက်အခဲ ဖြစ်စေတာပေါ့နော်။

**စာလုံးပေါင်းတွေသတိထားပါ**

စာလုံးပေါင်းတွေအပြင် စာရိုက်တဲ့အခါ မှားယွင်းမှုမရှိအောင် အတော်လေးသတိထား ရေးသားသင့်ပါတယ်။ အွန်လိုင်းကနေ စာသင်တယ်ဆိုတာ ကလေးတို့ကို နည်းပညာတွေကိုပါ နားလည်အောင် သင်ပေးတာဖြစ်လို့ စာလုံးပေါင်းတွေ၊ သဒ္ဒါရေးထုံးတွေကိုလည်း သတိထားပြီး စနစ်တကျရေးသားသင့်ပါတယ်။ အွန်လိုင်းကနေ စာသင်ကြားတာက ခက်ခဲတဲ့အလုပ်တော့ မဟုတ်ပါဘူး။ အခုအချိန်ခါမှာ မမတို့နိုင်ငံမှာလည်း ဖုန်းတွေကပေါလာပြီး အင်တာနက်ကို လွယ်လွယ်ကူကူသုံးနေကြပြီလေ။ ကလေးတို့လည်း အခြားအကျိုးသိပ်မရှိတဲ့ အရာတွေကို ကြည့်နေမယ့်အစား အွန်လိုင်းကနေ ကိုယ်သိချင်၊ တတ်ချင်တဲ့အကြောင်းအရာတွေကိုရှာဖွေရင်း ဗဟုသုတတွေ ရပါစေလို့ မမက ဆုတောင်းပေးနေမယ်နော်။

# ၂၀၂၀ ပြည့်နှစ်၊ ဝင်ငွေခွန်ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှအဆက်*

(ဂဂ) အာမခံထားသူအား အနာဂတ်ကာလတွင် ငွေကြေးပမာဏတစ်ရပ်ကို ဖြစ်စေ၊ ငွေကြေးပမာဏများ အလီလီကိုဖြစ်စေ ပေးရန် တာဝန်ရှိလာစေမည့် အာမခံ၊

(ဃဃ) ပုဒ်မခွဲငယ်စိတ်(ကက) မှ (ဂဂ) အထိတွင် ဖော်ပြထားသည့် အာမခံကို တစ်ဆင့် အာမခံခြင်း။

**ငွေရေးကြေးရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် အာမခံဆိုင်ရာတရားဝင်ရပ်တည်မှုရှိသည့် ပုဂ္ဂိုလ်များအပေါ် အခွန်ကောက်ခံခြင်းဆိုင်ရာ အခြေခံမူများ**

၇၁။ (က) လိုင်စင်ရရှိထားသည့် ငွေရေးကြေးရေးဆိုင်ရာ အဖွဲ့အစည်းတစ်ခု သို့မဟုတ် အာမခံဆိုင်ရာ တရားဝင်ရပ်တည်မှုရှိသည့် ပုဂ္ဂိုလ်တစ်ခုသည် ဤအပိုင်းပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ ဤဥပဒေနှင့်အညီ အခွန်ပေးဆောင်ရန် တာဝန်ရှိသည်။

(ခ) လိုင်စင်ရရှိထားသည့် ငွေရေးကြေးရေး အဖွဲ့အစည်းတစ်ခု သို့မဟုတ် အာမခံဆိုင်ရာ တရားဝင်ရပ်တည်မှုရှိသည့် ပုဂ္ဂိုလ်တစ်ခုအပေါ် အခွန်ကောက်ခံခြင်းနှင့် စပ်လျဉ်း၍ ဤအပိုင်းနှင့် ဤဥပဒေ၏ ကျန်အပိုင်းများအကြား ရှေ့နောက်မညီညွတ်မှု တစ်စုံတစ်ရာရှိခဲ့လျှင် ဤအပိုင်းက လွှမ်းမိုးစေရမည်။

**ဘဏ်လုပ်ငန်း**

၇၂။ (က) ဤဥပဒေ၏ ရည်ရွယ်ချက်များအလို့ငှာ လိုင်စင်ရရှိထားသည့် ငွေရေးကြေးရေး အဖွဲ့အစည်းတစ်ခု၏ ဘဏ်လုပ်ငန်းဆိုင်ရာ ဆောင်ရွက်ချက်များကို ယင်းလိုင်စင်ရ ငွေရေးကြေးရေး အဖွဲ့အစည်း၏ အခြားမည်သည့်ဆောင်ရွက်ချက်မှမဆို သီးခြားဖြစ်သည့် လုပ်ငန်းလုပ်ကိုင်ခြင်းအဖြစ် မှတ်ယူရမည်။ ထို့ပြင် လိုင်စင်ရ ငွေရေးကြေးရေး အဖွဲ့အစည်း၏ ဘဏ်လုပ်ငန်းမှပေါ်ပေါက်သည့် အခွန်နှစ်တစ်နှစ်အတွက် ဝင်ငွေ သို့မဟုတ် အရှုံးကို သီးခြားတွက်ချက်ရမည်။

(ခ) ဘဏ်လုပ်ငန်း လုပ်ကိုင်နေသည့် လိုင်စင်ရငွေရေးကြေးရေးအဖွဲ့အစည်းသည် ညွှန်ကြားရေးမှူးချုပ်က ကြွေးဆုံးဖြစ်ကြောင်း ကျေနပ်လက်ခံသည့် ကြွေးမြီတောင်းခံမှု (debt claim) တစ်ရပ်အတွက် သီးခြားလျာထားခြင်း (specific provision) တစ်ရပ်ကို ပြုလုပ်လျှင် –

(၁) ဘဏ်လုပ်ငန်းမှ ဝင်ငွေကို တွက်ချက်ရာ၌ ယခင်က ထည့်သွင်းခဲ့ပြီးဖြစ်သည့် ကြွေးမြီတောင်းခံမှု (debt claim) ဆိုပါက ယင်းလျာထားခြင်းကို နုတ်ပယ်နိုင်သည်၊

(၂) စုစုပေါင်းငွေပင်ငွေရင်းမှ ကြိုတင်ထုတ်ပေးငွေပါဝင်သည့် ကြွေးမြီတောင်းခံမှု (debt claim) ဆိုပါက ယင်းလျာထားခြင်းကို နုတ်ပယ်နိုင်ပြီး ကြွေးမြီတောင်းခံခြင်းအတွက် ကုန်ကျစရိတ်မှ တူညီသည့်ပမာဏကို နုတ်ယူရမည်၊

(ဂ) ပုဂ္ဂိုလ်တစ်ဦးသည် ပုဒ်မခွဲ (ခ) တွင် ဖော်ပြထားသည့် လျာထားခြင်း (provision) ကို ပြုလုပ်ခဲ့ပြီး ယင်းပုဂ္ဂိုလ်သည် နောက်ပိုင်းတွင် ထိုလျာထားခြင်းကို ပြန်လည်ဖယ်ထုတ် (reverse)ခဲ့လျှင် –

(၁) ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ် (၁) တွင် ဖော်ပြထားသည့် ကိစ္စရပ်ဖြစ်ပါက ပြန်လည်ဖယ်ထုတ်ခဲ့သည့် လျာထားခြင်းနှင့် စပ်လျဉ်းသည့် ငွေကြေးပမာဏကို ပြန်လည်ဖယ်ထုတ်သည့် အခွန်နှစ်တွင် ဝင်ငွေတွက်ချက်ရာ၌ ထည့်သွင်းရမည်၊ ထို့ပြင်

(၂) ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ် (၂) တွင် ဖော်ပြထားသည့် ကိစ္စရပ်ဖြစ်ပါက ပြန်လည် ဖယ်ထုတ်သည့် လျာထားခြင်းနှင့် စပ်လျဉ်းသည့် ငွေကြေးပမာဏကို ဝင်ငွေတွက်ချက်ရာ၌ ထည့်သွင်းရမည်ဖြစ်ပြီး ကြွေးမြီတောင်းခံခြင်းအတွက် ကုန်ကျစရိတ်ကို ပြန်လည်ဖယ်ထုတ်သည့် အခွန်နှစ်တွင် ပေါင်းထည့်ရမည်၊

(ဃ) ပုဒ်မ ၁၅ ပုဒ်မခွဲ (ဂ) သည် ပုဒ်မခွဲ (ခ) က အကျိုးသက်ရောက်သည့် ကြွေးမြီတောင်းခံမှုအပေါ် အကျိုးသက်ရောက်မှု မရှိစေရ။

**အသက်အာမခံလုပ်ငန်း**

၇၃။ (က) ဤဥပဒေ၏ ရည်ရွယ်ချက်များအလို့ငှာ အာမခံဆိုင်ရာ တရားဝင်ရပ်တည်မှုရှိသည့် ပုဂ္ဂိုလ်တစ်ခု၏ အသက်အာမခံလုပ်ငန်းဆိုင်ရာ ဆောင်ရွက်ချက်များကို ယင်းပုဂ္ဂိုလ်၏ အခြားမည်သည့် ဆောင်ရွက်ချက်မှမဆို သီးခြားဖြစ်သည့် လုပ်ငန်းလုပ်ကိုင်ခြင်းအဖြစ် မှတ်ယူရမည်။ ထို့ပြင် ယင်းအာမခံဆိုင်ရာ တရားဝင်ရပ်တည်မှုရှိသည့် ပုဂ္ဂိုလ်၏ အခွန်နှစ်တစ်နှစ်အတွက် အသက်အာမခံလုပ်ငန်းမှ ဝင်ငွေ သို့မဟုတ် အရှုံးကို သီးခြားတွက်ချက်ရမည်။

(ခ) အာမခံဆိုင်ရာ တရားဝင်ရပ်တည်မှုရှိသည့် ပုဂ္ဂိုလ်တစ်ခု၏ အသက်အာမခံလုပ်ငန်းမှ စည်းကြပ်ထိုက်သော ဝင်ငွေကို တွက်ချက်ရာ၌ –

(၁) အောက်ပါတို့ကို အသက်အာမခံလုပ်ငန်းမှ ဝင်ငွေတွင် ထည့်သွင်းရမည် –

(ကက) အာမခံဆိုင်ရာ တရားဝင်ရပ်တည်မှုရှိသည့် ပုဂ္ဂိုလ်က ယင်းနှစ်အတွင်း ရရှိလာသည့် အသက်အာမခံ ပရီမီယံများမှ ပယ်ဖျက်ခဲ့သော အသက် အာမခံ ပေါ်လစီများအတွက် ပြန်လည်ပေးအပ်ခဲ့သည့် မည်သည့်ပရီမီယံကိုမဆို နုတ်ပယ်ထားသည့် ပမာဏ၊

(ခခ) စစ်မှန်သောဝင်ငွေ ပေါ်ပေါက်မှု အခြေခံ (realization basis) ဖြင့် အသိအမှတ်ပြုထားသည့် ရင်းနှီးမြှုပ်နှံမှုမှဝင်ငွေ၊

(ဂဂ) ယင်းနှစ်အတွင်း ပယ်ဖျက်ခဲ့သည့် အသက်အာမခံ ပေါ်လစီများနှင့် စပ်လျဉ်း၍ ယခင်နုတ်ပယ်ခဲ့သည့် မည်သည့်အရန်ငွေကြေးမဆို၊

(ဃဃ) အာမခံဆိုင်ရာ တရားဝင်ရပ်တည်မှုရှိသည့် ပုဂ္ဂိုလ်က ပုဒ်မခွဲငယ်(၂) ပုဒ်မခွဲငယ်စိတ် (ကက) တွင် ဖော်ပြထားသည့် ရငွေများနှင့် စပ်လျဉ်း၍ တစ်ဆင့်အာမခံထားရှိခြင်းဆိုင်ရာ ပဋိညာဉ်အရ ရရှိသည့်ရငွေများ၊ ထို့ပြင်

(၂) အောက်ပါတို့ကို အသက်အာမခံလုပ်ငန်း၏ ဝင်ငွေမှ နုတ်ပယ်ရမည် –

(ကက) အာမခံဆိုင်ရာ တရားဝင်ရပ်တည်မှုရှိသည့် ပုဂ္ဂိုလ်က အသက်အာမခံလုပ်ငန်းကို လုပ်ကိုင်ရာတွင် စုစုပေါင်းအရန်ငွေကြေးပမာဏထက် ကျော်လွန်သည့် ယင်းကျခံရသော ရငွေများနှင့် ယင်းနှစ်အတွင်း ပေးချေလိုက်ရသည့် အသက်အာမခံ ပေါ်လစီများနှင့် စပ်လျဉ်း၍ အရန်ငွေကြေး ပမာဏများမှ ရရှိသည့် ဝင်ငွေ၊

(ခခ) အာမခံဆိုင်ရာ တရားဝင်ရပ်တည်မှုရှိသည့် ပုဂ္ဂိုလ်က ယင်းနှစ်အတွင်း အသက်အာမခံလုပ်ငန်းကို လုပ်ကိုင်ရာ၌ ကျခံရသည့် ကော်မရှင်များ၊ တစ်ဆင့်အာမခံပရီမီယံများနှင့် ဆုံးရှုံးနိုင်ခြေ ပိုင်းခြားသုံးသပ်ခြင်းဆိုင်ရာ ကုန်ကျစရိတ်များ အပါအဝင် အာမခံအလုပ် လက်ခံခြင်းဆိုင်ရာ ကုန်ကျစရိတ်များ၊

(ဂဂ) အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့် နည်းဥပဒေ၏ ပုဒ်မ ၃၃ ပုဒ်မခွဲ (က)နှင့်အညီ ရင်းနှီးမြှုပ်နှံရန် လည်းကောင်း၊ အခြားရည်ရွယ်ချက်များအတွက် လည်းကောင်း ခွင့်မပြုထားသည့် ယင်းနှစ်အတွင်း ထုတ်ပေးခဲ့သည့် ပေါ်လစီအသစ်များအတွက် ကနဦးအရန်ငွေကြေးများအပါအဝင် ပေါ်လစီ အရန်ငွေကြေးများတွင် ထပ်မံပေါင်းထည့်သည့် ငွေကြေးပမာဏများနှင့်

(ဃဃ) ပေါ်လစီရှင်များထံ ပေးချေသည့် အမြတ်ဝေစုများ။

**အထွေထွေ အာမခံလုပ်ငန်း**

၇၄။ (က) ဤဥပဒေ၏ ရည်ရွယ်ချက်များအလို့ငှာ အာမခံဆိုင်ရာ တရားဝင်ရပ်တည်မှုရှိသည့် ပုဂ္ဂိုလ်၏ အထွေထွေအာမခံလုပ်ငန်းဆိုင်ရာ ဆောင်ရွက်ချက်များကို ယင်းပုဂ္ဂိုလ်၏ အခြားမည်သည့် ဆောင်ရွက်ချက်မှမဆို သီးခြားဖြစ်သည့် လုပ်ငန်းလုပ်ကိုင်ခြင်း အဖြစ် မှတ်ယူရမည်။ ထို့ပြင် ယင်းအာမခံဆိုင်ရာ တရားဝင်ရပ်တည်မှုရှိသည့် ပုဂ္ဂိုလ်၏ အခွန်နှစ်တစ်နှစ်အတွက် အထွေထွေ အာမခံလုပ်ငန်းမှ ဝင်ငွေ သို့မဟုတ် အရှုံးကို သီးခြားတွက်ချက်ရမည်။

(ခ) အာမခံဆိုင်ရာ တရားဝင်ရပ်တည်မှုရှိသည့် ပုဂ္ဂိုလ်၏ အထွေထွေ အာမခံလုပ်ငန်းမှ စည်းကြပ်ထိုက်သောဝင်ငွေကို တွက်ချက်ရာ၌–

(၁) အထွေထွေအာမခံလုပ်ငန်းမှ ဝင်ငွေတွင် အောက်ပါတို့ကို ထည့်သွင်းရမည် –

(ကက) ယင်းအာမခံဆိုင်ရာ တရားဝင်ရပ်တည်မှုရှိသည့် ပုဂ္ဂိုလ်က ယင်းနှစ်အတွင်းရရှိသည့် အထွေထွေ အာမခံပရီမီယံများ၊

(ခခ) ယင်းအာမခံဆိုင်ရာ တရားဝင်ရပ်တည်မှုရှိသည့် ပုဂ္ဂိုလ်က ပုဒ်မခွဲငယ် (၂) ပုဒ်မခွဲငယ်စိတ်(ကက) တွင် ဖော်ပြထားသည့် ယင်းနှစ်အတွင်း ရငွေများနှင့် စပ်လျဉ်း၍ ယင်းပုဂ္ဂိုလ်က တစ်ဆင့် အာမခံပဋိညာဉ်တစ်ရပ်အရ ရရှိသည့် ရငွေများနှင့်

(ဂဂ) ပြီးခဲ့သည့် အခွန်နှစ်အတွက် ယင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ သက်တမ်းမကုန်ဆုံးသေးသည့် ဆုံးရှုံးနိုင်ခြေအတွက် ယင်းအခွန်နှစ်အစတွင် တည်ရှိနေသည့် မည်သည့်အရန်ငွေကြေး ပမာဏမဆို၊

(၂) အောက်ပါတို့ကို အထွေထွေအာမခံလုပ်ငန်း၏ ဝင်ငွေမှ နုတ်ပယ်ရမည်–

(ကက) ယင်းအာမခံဆိုင်ရာတရားဝင်ရပ်တည်မှုရှိသည့် ပုဂ္ဂိုလ်က ယင်းနှစ်အတွင်း အထွေထွေအာမခံလုပ်ငန်းလုပ်ကိုင်ရာ၌ ကျခံရသည့်ရငွေများ၊

(ခခ) အာမခံဆိုင်ရာ တရားဝင်ရပ်တည်မှုရှိသည့် ပုဂ္ဂိုလ်က ယင်းနှစ်အတွင်း အသက်အာမခံ လုပ်ငန်းကို လုပ်ကိုင်ရာ၌ ကျခံရသည့် ကော်မရှင်များ၊ တစ်ဆင့်အာမခံ ပရီမီယံများနှင့် ဆုံးရှုံးနိုင်ခြေ ပိုင်းခြားသုံးသပ်ခြင်းဆိုင်ရာ ကုန်ကျစရိတ်များ အပါအဝင် အာမခံအလုပ် လက်ခံခြင်းဆိုင်ရာ ကုန်ကျစရိတ်များနှင့်

(ဂဂ) ယင်းအခွန်နှစ်ကုန်ဆုံးချိန်တွင် တည်ရှိနေသည့် ယင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ သက်တမ်းမကုန်ဆုံးသေးသည့် ဆုံးရှုံးနိုင်ခြေအတွက် မည်သည့်အရန်ငွေကြေးပမာဏမဆို။

(ဂ) အာမခံဆိုင်ရာ တရားဝင်ရပ်တည်မှုရှိသည့် ပုဂ္ဂိုလ်က အထွေထွေအာမခံလုပ်ငန်း လုပ်ကိုင်သူတစ်ဦးအဖြစ် ကျခံရသည့် ရငွေများသည် အောက်ပါအခြေအနေများနှင့် ညီညွတ်ပါက ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ်(၂) ပုဒ်မခွဲငယ်စိတ်(ကက) အရ ပေးရန် တာဝန်ရှိပြီး နုတ်ပယ်နိုင်သည် –

(၁) ပေးရန်တာဝန်ရှိမှုကို ဆုံးဖြတ်သည့် ဖြစ်ရပ်များ ပေါ်ပေါက်ခြင်းနှင့်

(၂) ယေဘုယျအားဖြင့် လက်ခံထားသည့် စာရင်းကိုင်ဆိုင်ရာ အခြေခံမူများနှင့်အညီ ရငွေများကို နုတ်ပယ်နိုင်ခြင်း။

(ဃ) အထွေထွေအာမခံလုပ်ငန်းတစ်ခုနှင့် စပ်လျဉ်း၍ သက်တမ်းမကုန်ဆုံးသေးသည့် ဆုံးရှုံးနိုင်ခြေအတွက် ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ်(၁) ပုဒ်မခွဲငယ်စိတ်(ဂဂ) အရ ထည့်သွင်းရမည့် သို့မဟုတ် ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ်(၂) ပုဒ်မခွဲငယ်စိတ်(ဂဂ) အရ နုတ်ပယ်ရမည့် အရန်ငွေကြေးပမာဏသည် အာမခံလုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၆/၉၆)နှင့် မြန်မာ့အာမခံဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁၀/၉၃) အညီ ခွဲဝေသတ်မှတ်ပေးထားသည့် အရန်ငွေကြေးပမာဏကို ကျော်လွန်ခြင်း မရှိစေရ။

**အာမခံရငွေများ**

၇၅။ (က) ပုဒ်မခွဲ (ခ)၊ ပုဒ်မ ၇၃ နှင့် ပုဒ်မ ၇၄ တို့နှင့် မဆန့်ကျင်စေဘဲ အာမခံဆိုင်ရာ တရားဝင် ရပ်တည်မှုရှိသည့် ပုဂ္ဂိုလ်တစ်ခု၏ စည်းကြပ်ထိုက်သော ဝင်ငွေကို တွက်ချက်ရန်အလို့ငှာ ပုဂ္ဂိုလ်တစ်ဦးက အာမခံမှရရှိသည့် ရငွေများကို ပုဒ်မ ၃၇ နှင့်အညီ သတ်မှတ်ဆုံးဖြတ်သည်။

(ခ) ပုဒ်မ ၇၃ နှင့် မဆန့်ကျင်စေဘဲ အာမခံထားသည့်ပုဂ္ဂိုလ်တစ်ဦး အသက်အာမခံမှရရှိသည့် အမြတ်အစွန်းသည် –

(၁) ယင်းငွေကြေးကို အာမခံထားသည့် ပုဂ္ဂိုလ်ထံ ပြည်တွင်းနေ အာမခံလုပ်ငန်း လုပ်ကိုင်သူက ပေးချေခြင်းဖြစ်လျှင် အခွန်ကင်းလွတ်ခွင့်ပြုသည်၊ ထို့ပြင်

(၂) ယင်းငွေကြေးကို ပြည်ပနေအာမခံလုပ်ငန်းလုပ်ကိုင်သူက ပေးချေခြင်းဖြစ်လျှင် အာမခံထားသည့် ပုဂ္ဂိုလ်၏ ဝင်ငွေတွက်ချက်ရာ၌ ထည့်သွင်းရမည်။

(ဂ) ဤပုဒ်မ၏ ရည်ရွယ်ချက်များအလို့ငှာ **အာမခံထားသည့် ပုဂ္ဂိုလ် အသက်အာမခံမှ မြတ်စွန်းငွေ**ဆိုသည်မှာ အာမခံလုပ်ငန်းလုပ်ကိုင်သူက ပေးချေသည့် အသက်အာမခံမှ ရငွေသည် ယင်းအာမခံလုပ်ငန်းလုပ်ကိုင်သူထံ အာမခံနှင့် စပ်လျဉ်း၍ ပေးချေသည့် ပရီမီယံထက် ကျော်လွန်သည့် ပမာဏကိုဆိုသည်။

**အခန်း ( ၆ )**

**ရရန်ပိုင်ခွင့်များ**

**ပူးတွဲပိုင်ဆိုင်သည့် ရရန်ပိုင်ခွင့်များ**

၇၆။ (က) ဤဥပဒေ၏ ရည်ရွယ်ချက်များအလို့ငှာ ရရန်ပိုင်ခွင့်တစ်ခုကို အစုစပ်လုပ်ငန်းသဘောမှအပ နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုမိုသည့် ပုဂ္ဂိုလ်များက ပူးတွဲ ပိုင်ဆိုင်ကြလျှင် ယင်းရရန်ပိုင်ခွင့်နှင့် စပ်လျဉ်းသည့် မည်သည့်ဝင်ငွေ၊ မြတ်စွန်းငွေ၊ အသုံးစရိတ်များနှင့် အရှုံးများကိုမဆို ပိုင်ရှင်များအကြားတွင် ယင်းရရန်ပိုင်ခွင့်တွင် ပါဝင်သည့် ၎င်းတို့၏ အကျိုးစီးပွားများနှင့်အညီ ခွဲဝေရမည်။

*(ဆက်လက်ဖော်ပြပါမည်)*

ပြည်တွင်းအခွန်များဦးစီးဌာန

# အောင်ဘာလေသိန်းဆုဌာနခွဲ

(၁၈) ကြိမ်မြောက် ကျပ်၁၀၀၀တန်ထီပေါက်စဉ် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ် လ (၁) ရက်နေ့

*အခမဲ့ထုတ်ဝေသည်*

## အထူးဆုကြီး ကျပ်သိန်း (၁၅၀၀၀) ဆု

ကဃ - ၆၄၃၄၂၅

## အထူးဆုကြီး ကျပ်သိန်း (၁၀၀၀၀) ဆု

ခ - ၃၉၉၁၂၄

## ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၅၀၀၀)ဆုများ

ပ - ၅၀၂၉၃၈

ဒ - ၉၉၉၆၀၃

### ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၂၀၀၀)ဆုများ

| | |
|---|---|
| ရ | - ၂၁၇၈၃၅ |
| ဟ | - ၃၁၂၄၁၀ |
| ရ | - ၅၁၂၆၁၉ |
| သ | - ၆၅၀၁၇၁ |
| ဍ | - ၆၉၅၉၃၀ |
| ဟ | - ၉၅၉၈၅၇ |

### ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၁၀၀၀)ဆုများ

| | |
|---|---|
| ကက | - ၁၅၅၀၇၉ |
| ဏ | - ၄၀၁၉၇၇ |
| ဓ | - ၅၄၉၂၃၃ |
| မ | - ၆၇၄၇၇၀ |
| လ | - ၇၃၃၁၂၁ |
| ကက | - ၇၆၀၈၈၆ |
| ဆ | - ၈၇၅၇၄၉ |

### ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၅၀၀)ဆုများ

| | | | |
|---|---|---|---|
| ရ | - ၂၀၃၁၃၇ | မ | - ၆၇၈၁၁၁ |
| ခ | - ၂၁၇၅၉၄ | တ | - ၇၃၄၈၀၃ |
| တ | - ၂၈၂၁၈၅ | ဍ | - ၇၃၆၆၉၀ |
| ဂ | - ၂၉၉၀၁၇ | ကဆ | - ၇၇၉၄၆၄ |
| ဌ | - ၂၉၉၇၈၉ | ည | - ၇၉၅၃၆၇ |
| ကဂ | - ၄၀၃၃၈၆ | ဃ | - ၈၅၀၆၅၉ |
| ဂ | - ၄၈၂၈၁၀ | ဆ | - ၉၁၄၈၀၃ |
| ဘ | - ၅၀၇၁၁၉ | သ | - ၉၃၅၈၃၄ |
| ဌ | - ၅၉၃၁၅၉ | ဍ | - ၉၃၈၈၃၃ |
| ဟ | - ၆၆၂၅၃၇ | ဘ | - ၉၅၀၃၀၇ |

### ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀၀)ဆုများ

| | | | | | |
|---|---|---|---|---|---|
| ဋ | - ၁၁၅၂၇၄ | ဃ | - ၄၆၆၉၅၇ | ဆ | - ၈၆၂၇၅၀ |
| ည | - ၁၅၉၃၀၈ | ဝ | - ၅၄၀၁၃၀ | ဌ | - ၈၆၇၇၇၇ |
| ထ | - ၂၁၇၄၂၆ | ဍ | - ၅၄၈၆၁၄ | ဆ | - ၈၇၉၂၄၇ |
| စ | - ၃၁၁၆၈၂ | ဘ | - ၅၉၃၃၇၂ | မ | - ၈၈၀၆၁၈ |
| န | - ၃၁၄၄၈၇ | ဗ | - ၆၄၅၆၁၈ | ရ | - ၉၅၂၂၅၁ |
| ထ | - ၃၃၄၂၄၇ | စ | - ၇၉၅၅၇၅ | ဂ | - ၉၅၇၄၀၇ |
| က | - ၄၅၄၉၈၂ | အ | - ၈၁၆၀၅၁ | ဖ | - ၉၉၉၀၇၈ |
| အ | - ၄၆၁၁၈၈ | ဋ | - ၈၄၃၀၁၀ | | |

### ဆုတစ်ဆုချင်း ကျပ်သိန်း(၁၀၀)ဆုများ

| | | | | | |
|---|---|---|---|---|---|
| ဆ | - ၁၀၈၉၅၂ | ဓ | - ၃၉၉၂၀၅ | ကဂ | - ၆၂၃၉၅၁ |
| ကခ | - ၁၄၂၃၇၇ | ဝ | - ၄၂၆၀၁၉ | ဈ | - ၆၅၆၈၆၂ |
| ဗ | - ၁၅၆၀၆၂ | လ | - ၄၅၃၉၆၃ | တ | - ၆၅၇၂၆၄ |
| ဗ | - ၁၇၈၃၅၇ | န | - ၄၆၃၂၉၅ | ဘ | - ၆၇၆၁၇၂ |
| မ | - ၁၉၉၆၀၂ | ခ | - ၄၉၃၃၄၂ | ဒ | - ၆၈၁၅၇၈ |
| ကင | - ၂၁၁၈၈၈ | ဟ | - ၄၉၉၀၈၃ | င | - ၇၀၁၂၆၆ |
| ဒ | - ၂၂၄၆၁၀ | ည | - ၅၃၅၆၁၅ | ကင | - ၇၀၇၇၈၀ |
| သ | - ၂၂၄၆၇၇ | ကစ | - ၅၃၈၇၃၄ | င | - ၈၄၃၅၀၂ |
| ဌ | - ၃၃၈၁၈၉ | ထ | - ၅၇၂၉၀၈ | အ | - ၈၅၄၅၃၃ |

### ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀)ဆုများ

| | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| ကက | - ၁၃၇၄၅၅ | ထ | - ၂၁၃၅၅၀ | ပ | - ၃၆၉၉၇၀ | ဋ | - ၅၃၉၀၀၂ | ဂ | - ၆၂၄၁၉၄ | ကခ | - ၈၃၃၈၂၀ |
| ဂ | - ၁၆၆၈၆၁ | ဈ | - ၂၁၆၉၄၄ | လ | - ၃၈၉၃၆၈ | ဋ | - ၅၃၉၅၆၂ | ဝ | - ၆၄၅၃၄၂ | န | - ၈၄၄၃၇၄ |
| ခ | - ၁၈၈၀၄၈ | ဈ | - ၃၁၄၂၁၁ | သ | - ၄၅၃၁၂၉ | င | - ၅၄၄၀၀၆ | ခ | - ၇၁၁၄၅၆ | သ | - ၈၈၇၀၀၀ |
| ဗ | - ၁၉၉၇၄၄ | ကဆ | - ၃၃၅၂၇၃ | ဂ | - ၅၀၄၀၁၄ | ဌ | - ၅၈၈၃၁၇ | ထ | - ၇၈၆၂၂၂ | ရ | - ၉၇၄၅၁၃ |
| ဘ | - ၂၀၁၅၀၄ | ရ | - ၃၆၃၄၀၆ | စ | - ၅၁၈၁၈၁ | ဍ | - ၆၀၀၄၈၆ | ဒ | - ၈၂၄၆၉၅ | ဗ | - ၉၉၈၆၁၁ |

### ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀)ဆုများ

| | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| မ | - ၁၃၁၃၅၆ | ဓ | - ၂၁၅၉၇၅ | ဍ | - ၃၆၇၂၀၃ | ကခ | - ၅၄၈၈၁၈ | ပ | - ၇၂၃၂၆၇ | ပ | - ၈၆၆၁၂၉ |
| တ | - ၁၅၃၉၈၃ | ထ | - ၂၂၁၁၀၁ | ဘ | - ၃၆၇၈၆၉ | ဆ | - ၅၄၈၉၆၈ | ဝ | - ၇၃၀၄၅၁ | အ | - ၉၂၇၂၄၆ |
| င | - ၁၅၆၂၅၈ | ကစ | - ၂၄၀၀၉၈ | ဆ | - ၃၉၃၇၁၇ | ပ | - ၆၁၅၂၀၁ | ဠ | - ၇၃၃၅၀၅ | ဟ | - ၉၄၁၆၁၁ |
| ခ | - ၁၈၂၄၁၈ | ဝ | - ၂၉၇၆၆၀ | ပ | - ၄၄၇၀၈၀ | ဆ | - ၆၁၅၆၁၅ | ပ | - ၇၉၅၃၂၂ | င | - ၉၆၁၂၆၉ |
| ဏ | - ၁၈၆၃၄၈ | င | - ၃၂၇၀၀၀ | ကစ | - ၅၁၆၇၀၂ | န | - ၆၅၂၅၅၀ | ရ | - ၇၉၇၇၂၅ | လ | - ၉၇၆၄၉၂ |
| ဈ | - ၁၈၈၄၅၈ | ဂ | - ၃၄၃၇၇၂ | ထ | - ၅၃၇၅၈၃ | တ | - ၇၀၈၅၀၃ | | | | |

### ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ

| | | | | | |
|---|---|---|---|---|---|
| န - ၁၆၃၂၂၈ | ဟ - ၂၈၃၃၇၆ | မ - ၄၁၇၀၅၀ | စ - ၄၉၉၅၀၄ | ကခ - ၆၂၈၄၆၇ | အ - ၈၀၉၀၇၁ |
| ဝ - ၁၉၉၀၁၄ | ကင - ၂၉၅၇၄၃ | ပ - ၄၂၃၂၁၇ | ဗ - ၅၅၉၉၉၉ | ဟ - ၆၅၅၄၄၃ | ဂ - ၈၃၅၃၈၇ |
| ဃ - ၂၁၆၄၆၇ | ဟ - ၃၂၁၄၁၃ | ပ - ၄၂၆၃၂၁ | ဍ - ၅၆၈၄၆၉ | ဆ - ၆၅၅၈၉၇ | ကဃ - ၈၅၄၅၃၆ |
| ကဆ - ၂၂၂၄၈၉ | ဒ - ၃၆၃၇၄၆ | ခ - ၄၃၈၀၈၀ | ဃ - ၅၇၃၆၀၄ | ဏ - ၇၂၉၃၆၆ | ကင - ၈၉၆၈၂၇ |
| ဃ - ၂၂၈၈၉၄ | ဎ - ၃၆၉၅၅၆ | န - ၄၅၂၉၀၉ | င - ၅၈၆၁၇၃ | ဗ - ၇၅၈၉၉၉ | ခ - ၈၉၉၄၄၈ |
| အ - ၂၄၈၇၈၂ | မ - ၄၀၄၆၅၀ | ဟ - ၄၈၃၁၂၁ | ဏ - ၅၉၂၃၉၆ | ဏ - ၇၆၁၄၀၆ | ဃ - ၉၄၁၀၁၆ |
| ပ - ၂၅၀၁၃၂ | ဌ - ၄၁၂၃၂၇ | ဖ - ၄၈၉၄၁၄ | ဒ - ၆၁၀၁၀၀ | လ - ၇၈၂၁၀၂ | ဝ - ၉၈၅၉၁၇ |
| န - ၂၅၅၂၀၇ | | | | | |

## ဝေဝေဆာဆာပဒေသာ ဆုမဲစနစ်

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ

| | | |
|---|---|---|
| က - ၁၆၇၄၀ | ဏ - ၃၉၆၉၁ | ကဆ - ၈၂၃၇၅ |
| က - ၂၀၄၆၆ | ကဃ - ၇၄၄၇၇ | ကခ - ၈၃၁၃၉ |
| ဗ - ၂၈၉၇၁ | င - ၇၆၃၆၆ | ဎ - ၈၅၇၄၈ |
| ဈ - ၃၁၃၁၃ | ကဆ - ၈၀၁၄၇ | ရ - ၈၈၀၆၀ |
| ဌ - ၃၆၈၈၈ | သ - ၈၁၄၉၃ | စ - ၈၉၃၀၁ |

အက္ခရာနှင့် ရှေ့ဂဏန်း(၅)လုံး အစဉ်လိုက်တူ – ကျပ်(၃)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ

| | | |
|---|---|---|
| ဍ - ၁၂၈၁ | ဗ - ၃၉၄၇ | ကဆ - ၇၄၂၈ |
| ဓ - ၁၅၃၃ | ရ - ၃၉၉၉ | ည - ၈၉၁၀ |
| ဃ - ၁၉၂၁ | ဝ - ၅၀၈၀ | ဏ - ၉၁၃၇ |
| ကဃ - ၂၀၂၅ | ဈ - ၆၅၅၄ | ဒ - ၉၃၅၇ |
| ကဂ - ၃၀၈၂ | ဓ - ၆၈၀၆ | ဖ - ၉၄၈၉ |

အက္ခရာနှင့် ရှေ့ဂဏန်း(၄)လုံး အစဉ်လိုက်တူ – ကျပ်(၂)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ

| | | |
|---|---|---|
| ဌ - ၁၁၁ | ဃ - ၆၅၅ | ဌ - ၇၇၂ |
| က - ၁၅၅ | ဓ - ၆၇၄ | ဓ - ၇၈၀ |
| စ - ၁၅၅ | ဎ - ၆၉၅ | ည - ၇၉၀ |
| ကဂ - ၁၈၅ | သ - ၇၃၉ | ကဃ - ၈၉၃ |
| အ - ၃၃၈ | ဎ - ၇၄၈ | ဏ - ၉၄၈ |
| ပ - ၄၇၄ | ဏ - ၇၅၄ | ကဂ - ၉၉၇ |
| ကဃ - ၅၀၁ | | |

အက္ခရာနှင့် ရှေ့ဂဏန်း(၃)လုံး အစဉ်လိုက်တူ – ကျပ်(၁)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ

| | | |
|---|---|---|
| ည - ၁၁ | ဝ - ၄၈ | ဏ - ၉၃ |
| ခ - ၂၀ | န - ၆၃ | ဆ - ၉၄ |
| ကဆ - ၂၁ | ဆ - ၆၅ | ည - ၉၅ |
| ဝ - ၃၃ | ဍ - ၆၆ | ပ - ၉၆ |
| ဃ - ၃၅ | ဎ - ၈၄ | ဍ - ၉၇ |
| ဌ - ၄၀ | ဝ - ၈၅ | ကဆ - ၉၉ |
| ဗ - ၄၆ | ည - ၉၁ | |

အက္ခရာနှင့် ရှေ့ဂဏန်း(၂)လုံး အစဉ်လိုက်တူ – ကျပ်(၅)သောင်း

## ဘဏ္ဍာသိမ်း ရငွေကျပ်သိန်း(၂၅၀၀)မှ ချီးမြှင့်သော ဆုမဲများ

### ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ

ပ - ၂၅၀၆၉၂ ကခ - ၃၆၇၄၉၆ ဝ - ၄၂၃၀၄၁ ဃ - ၆၈၆၉၅၆

## ဝေဝေဆာဆာပဒေသာ ဆုမဲစနစ်

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ

အ - ၈၀၆၆၉ ကဂ - ၉၃၀၆၄

အက္ခရာနှင့် ရှေ့ဂဏန်း(၅)လုံး အစဉ်လိုက်တူ – ကျပ်(၃)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ

ဓ - ၄၈၈၀
ကဆ - ၇၆၈၁

အက္ခရာနှင့် ရှေ့ဂဏန်း(၄)လုံး အစဉ်လိုက်တူ – ကျပ်(၂)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ

ကက - ၅၄၈
ဘ - ၈၀၆

အက္ခရာနှင့် ရှေ့ဂဏန်း(၃)လုံး အစဉ်လိုက်တူ – ကျပ်(၁)သိန်း

၁။ ၂၀၂၀ ပြည့်နှစ် ၊ ဩဂုတ်လ(၁) ရက်နေ့တွင်ကျင်းပသည့် အောင်ဘာလေသိန်းဆုဖွင့်ပွဲတွင် (၁၈) ကြိမ်မြောက်ကျပ်(၁၀၀၀)တန်အတွက် ဆုမဲ (၂၂၃၀၆၈) ဆု ဖွင့်လှစ်ပေးခဲ့ပါသည်။

၂။ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ (၁)ရက်နေ့တွင် ကျင်းပမည့် (၁၉) ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေထီ လက်မှတ်များကို (က)အက္ခရာမှ (ကဃ) အက္ခရာထိ ၊အက္ခရာ (၃၇)လုံး ခွဲဝေရောင်းချပေးသွားမည်ဖြစ်ပါသည်။

၃။ (၁၈)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် ဆုမဲများအနက် ကျပ် (၁၀)သိန်းနှင့်အထက် ဆုမဲများအား ထီဆုငွေ ထုတ်ပေးခြင်းကို ( ၄ . ၈. ၂၀၂၀) ရက်နေ့မှစတင်၍ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို (၁၂ . ၈ . ၂၀၂၀) ရက်နေ့မှစ၍ လက်ခံ ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်းနှင့် ဆုငွေများကိုကိုယ်တိုင်ဖြစ်စေ၊ တရားဝင် ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်း/မိတ္တူ၊ အိမ်ထောင်စု စာရင်း မူရင်း/မိတ္တူ ၊ (၆)လအတွင်း ရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ (၃)ပုံ တင်ပြရန်လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

အောင်ဘာလေသိန်းထီပေါက်စဉ်အား www.ird.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။

## ပုဂံဒေသပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာလှပရေးလုပ်ငန်းကော်မတီ တင်ဒါခေါ်ယူခြင်းလုပ်ငန်း

၁။ ပုဂံဒေသပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အောက်ဖော်ပြပါလုပ်ငန်းများအတွက် ပစ္စည်းဝယ်ယူခြင်းနှင့်လုပ်ငန်းတင်ဒါများအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်ရန် မြန်မာနိုင်ငံသားကုမ္ပဏီလုပ်ငန်းရှင်များက ဖိတ်ခေါ်အပ်ပါသည်-

(က) ပုဂံဒေသအတွင်း လမ်းများအဆင့်မြှင့်တင်ခြင်းလုပ်ငန်း
(ခ) စက်ယန္တရားများ ဝယ်ယူခြင်းလုပ်ငန်း
(ဂ) လမ်းမီးထွန်းခြင်းနှင့် Transformer များ တပ်ဆင်ခြင်းလုပ်ငန်း
(ဃ) သစ်ပင်ပန်းမန်များ စိုက်ပျိုးခြင်းလုပ်ငန်း
(င) ၅၀ တန်ဆံ့ အမှိုက်မီးရှို့စက်များ တည်ဆောက်ခြင်းနှင့် လိုအပ်သောလျှပ်စစ်မီးလိုင်းများနှင့် Transformer များတပ်ဆင်ခြင်းလုပ်ငန်း၊ ရေကန်တည်ဆောက်ခြင်းနှင့် ရေပိုက်သွယ်ခြင်းလုပ်ငန်း

၂။ **တင်ဒါပုံစံရောင်းချခြင်း/တင်သွင်းခြင်းနှင့် စိစစ်ရွေးချယ်မည့်နေရာ** - ခရိုင်စီမံခန့်ခွဲမှုကော်မတီ(ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့)
**တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၁၀-၈-၂၀၂၀ရက်မှစ၍ ရုံးချိန်အတွင်း
**တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** - ၃၀-၈-၂၀၂၀ရက် ၁၆:၃၀နာရီ
**တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** - ၇-၉-၂၀၂၀ရက်
(တင်ဒါဖွင့်လှစ်မည့်ရက် အပြောင်းအလဲရှိပါက အချိန်မီအကြောင်းကြားပါမည်။)

၃။တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ခရိုင်စီမံခန့်ခွဲမှုကော်မတီ(ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့) ဖုန်း-၀၆၁-၂၄၆၀၂၆၁၊ ၀၆၁-၂၄၆၀၂၆၂ တို့သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

## ကျိုက္ကလော့ မေတ္တာဒီပါ မိသားစု၏ (၁၆)ကြိမ်မြောက် အမေ့မေတ္တာ စာမူပြိုင်ပွဲ

ကျိုက္ကလော့၊ မေတ္တာဒီပါ မိသားစု၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော "အမေ့မေတ္တာ"စာမူပြိုင်ပွဲ (၁၆)ကြိမ်မြောက်သို့ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာရှည် (ဂန္ထဝင်၊ ခေတ်ပေါ်) များကို ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၁၆ ရက် (တော်သလင်းလကွယ်၊ သောကြာနေ့)နောက်ဆုံးထား၍ အောက်ပါလိပ်စာသို့ ပေးပို့နိုင်ပါသည်။

ပြီးခဲ့သည့်နှစ် ပြိုင်ပွဲများတွင် ဝတ္ထု၊ ဆောင်းပါး၊ ကဗျာ ပထမဆု ရရှိပြီးသူများ "အမေ့မေတ္တာ ဂုဏ်ထူးဆောင်စာပေဆု"အတွက် သီးသန့်ယှဉ်ပြိုင်နိုင်ပါသည်။ မိမိတို့ ပထမဆု ရရှိခဲ့သော ပြိုင်ပွဲဝင် ခုနှစ်ကို ဖော်ပြရမည်။

"ဂုဏ်ထူးဆောင်ဆု" ရရှိပြီးသူများသည် ဆုရပြီးသော ဘာသာရပ်မှအပ အခြားဘာသာရပ်များသို့ စာမူယှဉ်ပြိုင်ခွင့်ရှိသည်။

ယခုနှစ် ဆုပေးပွဲ မကျင်းပနိုင်ပါ။ ဆုရရှိသူများအား အနီးကပ်ဆုံး ဘဏ်များမှတစ်ဆင့် ဆုများ ပေးပို့ ချီးမြှင့်ပါမည်။

***စာမူများပေးပို့ရန်လိပ်စာ***

ဒေါ်ယုဇနဝတီ၊ကျိုက္ကလော့သီလရှင်သင်ပညာရေးကျောင်း၊ကျိုက္ကလော့စေတီတော်အနီး၊ မင်္ဂလာဒုံမြို့နယ်။ ဖုန်း-၀၉-၅၁၀-၅၆၆၅

**"Facebook Page အမေ့မေတ္တာစာမူပြိုင်ပွဲ"**

## ဖခင်အမည်မှန်

ရောဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ်၊ သဲအိမ်ကျောင်းစုကျေးရွာအုပ်စု၊ မြစ်တန်းကျေးရွာနေ မောင်ဇေယျာဘုန်းမြင့်၏ ဖခင်အမည်မှန်မှာ ဦးစိုးဝင်းနိုင် ၁၄/ဖပန(နိုင်) ၁၀၇၂၄၂ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

နမ့်ခမ်းမြို့နယ်၊ တာကွန့်ကျေးရွာအုပ်စု၊ ဝါလုကျေးရွာနေ ဦးရန်ရှောဟိုးနှင့် ဒေါ်ကျောက်မိန်းတို့၏သမီး မပွင့်ဆည်းဆာလှိုင်၏ မွေးသက္ကရာဇ်အမှန်မှာ ၂၁-၉-၂၀၀၁ ဖြစ်ပါကြောင်း။

## မိဘအမည်မှန်

နမ့်ခမ်းမြို့၊ အလက(ကောင်းဆာ)၊ G-8 မှ မဆောင်းဟေမန်ဦး၏ မိဘအမည်မှန်မှာ မောင်ငို့ NKM-၁၃၄၂၉၂ နှင့် လွေးအီမွန်း ၁၃/နခန(နိုင်)၀၉၁၉၀၆ ဖြစ်ပါကြောင်း။

## အမည်မှန်

ကျောင်းကုန်းမြို့နယ်၊ သဲကုန်အုပ်စု၊ ကံကုန်းကျေးရွာနေ ဦးမြင့်ဦး၏သမီး အမည်မှန်မှာ မရွှေရည်ဖြိုး ဖြစ်ပါကြောင်း။

## မြို့နယ်ဖွံ့ဖြိုးမှုအထောက်အပံ့ရန်ပုံငွေအစီအစဉ်အောက်ရှိ တည်ဆောက်မှုလုပ်ငန်းကန်ထရိုက်အတွက် တင်ဒါဖိတ်ခေါ်စာ

ရခိုင်ပြည်နယ်အစိုးရသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် UNDP၏ မြို့နယ်ဖွံ့ဖြိုးမှုအထောက်အပံ့ရန်ပုံငွေအစီအစဉ်အောက်မှ ရန်ပုံငွေများကိုလက်ခံရရှိပြီး ထိုရန်ပုံငွေတစ်စိတ်တစ်ဒေသကို အောက်ဖော်ပြပါမြို့နယ်ရှိ အောက်ပါစီမံကိန်းအတွက် ခွဲဝေချထားပေးပါသည်။

**ဂွမြို့နယ်**

စိတ်ပါဝင်စားသည့် ကုမ္ပဏီများသည် အောက်တွင်ဖော်ပြထားသည့် အချိန်နှင့်နေရာတွင် တင်ဒါစာရွက်စာတမ်းကို အခမဲ့ကြည့်ရှုစစ်ဆေးနိုင်ပြီး တင်ဒါစာရွက်စာတမ်းများကို ဝယ်ယူမည်ဆိုပါက အောက်ဖော်ပြပါဈေးနှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။ တင်ဒါတင်သွင်းသူများအားလုံးသည် တင်ဒါစာရွက်စာတမ်းတွင် အသေးစိတ်ဖော်ပြပါရှိသည့်လိုအပ်သော အရည်အချင်းသတ်မှတ်ချက်များ မိမိတို့ ပြည့်မီကိုက်ညီသည်ကို မှန်ကန်ကြောင်း အတည်ပြုရန်တာဝန်ရှိပါသည်။

| | |
|---|---|
| ဝယ်ယူသည့်ဌာန | (၁) မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဂွမြို့နယ်<br>(၂) မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ဂွမြို့နယ် |
| တာဝန်ခံအရာရှိ | (၁) ဦးဦးစောဝင်း၊ လက်ထောက်ညွှန်ကြားရေးမှူး(နည်းပညာ)၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဂွမြို့နယ် ဖုန်း-၀၉-၂၅၃၄၆၄၀၂၈<br>(၂) ဦးအောင်မင်းထွန်း၊အငယ်တန်းအင်ဂျင်နီယာ-၂ ၊မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ဂွမြို့နယ် ဖုန်း-၀၉-၂၆၁၁၂၃၄၇၉ |
| တည်ဆောက်မှုလုပ်ငန်းဖော်ပြချက် | Lot (1) ရေကျော်-ပလ္လင်မော်လမ်း(8km)အား(6.1m) အကျယ်ရရှိရန်နှင့် အတက်အဆင်းမတ်စောက်သောနေရာများအား မြေသားလမ်းပြုပြင်ပေးခြင်း၊ (4.27m) အကျယ် (150mm)ထု ချောင်းကျောက်စရစ်ဖြင့် အမာခံလမ်းခင်းပေးခြင်း၊ လမ်းဘေးရေမြောင်းတူးဖော်ပေးခြင်း<br>Lot(2) စေတီကွင်းရွာပတ်လမ်းမြေသား အမာခံလမ်းပြုပြင်၍ အမာခံဖြုန်းကျောက်ခင်းခြင်းနှင့် Box Culvert(၁)ခု တည်ဆောက်ခြင်း၊ကြွေချိုင်ကျေးရွာရေရရှိရေး၊ ရေကန်နှစ်ကန်ပြုပြင်ခြင်းနှင့် ရေစုကန်တည်ဆောက်ခြင်း၊ စက်ရေတွင်းနှစ်တွင်းတူးဖော်ခြင်း (သပြုချောင်း၊ ဒယ်ပုတ်ကျေးရွာ) |
| တည်ဆောက်မည့်နေရာ | Lot(1) ရေကျော်၊ကျင်းကြီးကျေးရွာအုပ်စုမှ ရေကျော်၊ ကျင်းကြီး၊ ဂျိုင်းကြီး၊ ပလ္လင်မော်ကျေးရွာများ<br>Lot(2) စေတီကွင်းနှင့် ကြွေချိုင်ကျေးရွာအုပ်စုမှ စေတီကွင်း၊ကြွေချိုင်၊သပြုချောင်း၊ ဒယ်ပုတ်ကျေးရွာများ |
| အရည်အသွေးစံချိန်စံညွှန်းများ | မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ သတ်မှတ်ထားသောစံချိန်စံညွှန်းများ |
| ဝယ်ယူမှုနည်းလမ်း | အကြီးစားနှင့်အလတ်စားလုပ်ငန်း |
| အရည်အချင်းသတ်မှတ်ချက်များ | * ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင်မှတ်ပုံတင်ထားသောကုမ္ပဏီဖြစ်ရမည်။<br>* လုပ်ငန်းအတွေ့အကြုံအနည်းဆုံး ၃ နှစ်ရှိရမည်။<br>* အရည်အချင်းမီအင်ဂျင်နီယာဝန်ထမ်းများရှိရမည်။<br>* အလားတူကန်ထရိုက်အနည်းဆုံး ၂ ခုကိုဆောင်ရွက်ဖူးရမည်။<br>* ဘဏ္ဍာရေးတည်ငြိမ်မှုရှိရမည်။<br>* (ယခင်နှစ်များ)၏ ဝင်ငွေခွန်နှင့်ကုန်သွယ်လုပ်ငန်းခွန်များပေးဆောင်ထားရမည်။<br>* သတ်မှတ်ကာလအတွင်းလုပ်ငန်းပြီးစီးအောင်ဆောင်ရွက်နိုင်ရမည်။<br>* တင်ဒါစာရွက်စာတမ်းထဲရှိ အခြားလို အပ်ချက်များ ပြည့်စုံရမည်။ |
| တင်ဒါစာရွက်စာတမ်းကိုကြည့်ရှုစစ်ဆေး၊ ဝယ်ယူနိုင်မည့်နေရာ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဂွမြို့နယ်။ |
| တင်ဒါစာရွက်စာတမ်းကို ကြည့်ရှုစစ်ဆေး၊ ဝယ်ယူနိုင်မည့်အချိန် | ၂-၈-၂၀၂၀ ရက် မှ ၁-၉-၂၀၂၀ရက် အထိ ရုံးဖွင့်ရက်များ နံနက် ၁၀:၀၀ နာရီမှ ညနေ ၄:၃၀ နာရီထိ |
| တင်ဒါစာရွက်စာတမ်းကျသင့်ငွေ | အကြီးစားဝယ်ယူမှုအတွက်(၁၀၀၀၀) ကျပ်၊<br>အလတ်စားဝယ်ယူမှုအတွက် (၅၀၀၀)ကျပ် |
| တင်ဒါတင်သွင်းရမည့်နေရာ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဂွမြို့နယ်။ |
| တင်ဒါတင်သွင်းရမည့်သတ်မှတ်ထားသောနောက်ဆုံးအချိန် | ၂-၉-၂၀၂၀ ရက် နံနက် ၁၀:၃၀ နာရီ |

**ဦးဦးစောဝင်း၊လက်ထောက်ညွှန်ကြားရေးမှူး(နည်းပညာ)**
**မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**
**ဂွမြို့နယ်**

**ဦးအောင်မင်းထွန်း၊ အငယ်တန်းအင်ဂျင်နီယာ-၂**
**မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊**
**ဂွမြို့နယ်**

## အသိပေးကြေညာချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၈) ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်းဘေးရှိ မြေနေရာ၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် Myanmar V-Pile Co.,Ltd မှ ဆောင်ရွက်သော ဗိုလ်မှူးဗထူးတန်ဖိုးမျှတအိမ်ရာစီမံကိန်း (ဒုတိယအဆင့်)တွင် ၄ခန်းတွဲ ၈ထပ်တိုက် (၂၇)လုံး (၈၆၄ ခန်း) ဆောင်ရွက်လျက်ရှိရာ U-600 အဆောက်အဦ(၈)လုံးမှာ တည်ဆောက်မှုလုပ်ငန်းများ ဆောင်ရွက်ပြီးစီး၍ တိုက်ခန်းတန်ဖိုး အကျေပေးသွင်းပြီးသည့် အခန်းပိုင်ရှင်များအား ၉-၁-၂၀၂၀ ရက်မှစ၍ အခန်းသော့စတင်ထုတ်ပေးပြီးဖြစ်ပါသည်။ U-900 အဆောက်အဦ(၁၉)လုံးအနက် BB1 to BB4 (၄)လုံးမှာ 5th Floor ထိလည်းကောင်း၊ CC1 to CC8 (၈)လုံးမှာ 8th Floor ထိလည်းကောင်း DD1 to DD7 (၇)လုံးမှာ 6th Floor ထိလည်းကောင်း အသီးသီးဆောင်ရွက်ပြီးဖြစ်ပါသည်။

၂။ ယခုအခါ ၂၉-၇-၂၀၂၀ ရက်ထိ U-600 အဆောက်အဦများနှင့် U-900 အဆောက်အဦများမှ တိုက်ခန်းဖိုးပေးသွင်းရန် အောက်ပါအတိုင်း ကျန်ရှိပါသည်-

| | | | | | | |
|---|---|---|---|---|---|---|
| AA1 to AA8 | U-600 | ဒုတိယအရစ် | ၅ ခန်း၊ | U-600 | တတိယအရစ် | ၆ ခန်း |
| | U-600 | စတုတ္ထအရစ် | ၆ ခန်း၊ | U-600 | ပဉ္စမအရစ် | ၉ ခန်း |
| | U-600 | နောက်ဆုံးအရစ် | ၅၇ ခန်း | | | |
| BB 1 to BB4 | U-900 | ဒုတိယအရစ် | ၁၂ ခန်း၊ | U-900 | တတိယအရစ် | ၂၇ ခန်း |
| CC1 to CC8 | U-900 | ဒုတိယအရစ် | ၃၁ ခန်း၊ | U-900 | တတိယအရစ် | ၇၁ ခန်း |
| | U-900 | စတုတ္ထအရစ် | ၁၂၂ ခန်း၊ | U-900 | ပဉ္စမအရစ် | ၂၅၁ ခန်း |
| DD1 to DD7 | U-900 | ဒုတိယအရစ် | ၄၀ ခန်း၊ | U-900 | တတိယအရစ် | ၇၇ ခန်း |
| | U-900 | စတုတ္ထအရစ် | ၂၁၅ ခန်း | | | |

၃။ သို့ဖြစ်ပါ၍ အပိုဒ် (၂)ပါ တိုက်ခန်းဖိုးပေးသွင်းရန် ကျန်ရှိသူများမှ တိုက်ခန်းဖိုးကျသင့်ငွေများ အမြန်လာရောက်ပေးသွင်းပါရန် ထပ်မံနှိုးဆော်အကြောင်းကြားအပ်ပါသည်။

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဇန်းမော်မြို့၊ အရှေ့သာစည်ရပ်ကွက်၊ အကွက်အမှတ်(၃၂)၊ ဦးပိုင်အမှတ်(၁၆၉)၊ ဧရိယာ ၀ဒသမ၀၉၉ ဧကကို ဒေါ်ထုလွမ် ၁/ဗမန(နိုင်)၀၀၅၉၈၂ အမည်ပေါက် မြေငှားဂရန်အသစ်လျှောက်ထားခြင်းအပေါ် ကန့်ကွက်လိုသူများရှိပါက ၁၄ ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်း။

**ဒေါ်ထုလွမ်၊အရှေ့သာစည်ရပ်ကွက်၊**
**ဇန်းမော်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1J/4911 ISUZU ELFNHR 69 L/T(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန္ဒာနှင်း ၁၂/ဥကမ(နိုင်)၀၀၂၅၈၁ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ဂန္ဓမာအထက်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ မြေကွက်အမှတ်(၆၀၂/က) ဧရိယာ၀ဒသမ၀၂၇ဧကရှိ မြေအမျိုးအစား နှစ်(၆၀)ဂရန်မြေဟုခေါ်တွင်သည့် မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား ဦးမြင့်ဆွေ၁၂/သကတ(နိုင်)၀၅၂၀၅၆ အမည်ပေါက်ပြီး ၎င်းထံမှ ဒေါ်ခင်စန်းလှိုင်၁၂/သကတ(နိုင်)၁၂၉၁၆၉ က အရပ်ကတိစာချုပ်ဖြင့်ဝယ်ယူပိုင်ဆိုင်ထားကာ အပေါင်အနှံအရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံလျက် ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံပြောဆိုသောကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်းခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်၍ စာချုပ်ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမိုးမင်းဆွေ(LL.B,D.B,L)**
**(စဉ်-၁၄၄၄၀)**

**ဒေါ်ခင်မာနွယ်(LL.B,D.B.L)**
**(စဉ်-၁၄၂၆၂)**

**ဒေါ်ရွှေရွှေဝင်း LL.B,D.I.L, WIPO (Switzerland)**
**(စဉ်-၁၃၃၁၆)**

**တရားလွှတ်တော်ရှေ့နေများ**

**ဦးအောင်မျိုးသူ(LL.B)(စဉ်-၄၆၅၄၅) ဒေါ်နန်းစုမြတ်နိုးထွဋ်(LL.B)(စဉ်-၄၈၀၀၅)**

**အထက်တန်းရှေ့နေများ**

**အမှတ်-၁၄၇၊တတိယထပ်၊မြို့သစ်(၁)လမ်း၊ကျောက်မြောင်း၊တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၁၆၇၂၉၆၊၀၉-၄၂၁၀၂၂၁၁၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ ရန်ကြီးအောင်ရပ်ကွက်၊ ကွင်းအမှတ်(၄)၊ ဦးပိုင်အမှတ်(၆၅/ခ)၊ မြေဧရိယာ ၀ ဒသမ ၁၀၁ ဧကရှိ မြေကွက်အား ဦးရှောကို အမည်ဖြင့် (၃၀-၆-၁၉၉၈)ရက်ထိ (၁၀)နှစ်ဂရန်သက်တမ်းရရှိခဲ့ပြီး ၂၈-၄-၂၀၀၄ ရက်တွင် ဦးရှောကိုထံမှ ဦးမြင့်လှိုင်ဦးနှင့် ဒေါ်တင်လှိုင်တို့နှစ်ဦးက နှစ်ဦးသဘောတူနေအိမ်ခြံမြေ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဦးမြင့်လှိုင်ဦး ၁/မကန(နိုင်)၀၉၃၄၁၂ နှင့် ဒေါ်တင်လှိုင် ၁/မကန(နိုင်)၀၁၈၈၀၆ တို့နှစ်ဦး အမည်ဖြင့် မြေငှားဂရန်အမည်ပြောင်း၊ အသစ်ရရှိရေးအတွက် ၂၅-၃-၂၀၂၀ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ်(၄၄၁/၂၀၂၀)ကို ၃-၄-၂၀၂၀ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ်(၁၅၃/၂၀၂၀) အဖြစ် မှတ်ပုံတင်ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အမည်ပြောင်း၊ အသစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ ရွှေညောင်ပင်ရပ်ကွက်၊ ကွင်းအမှတ် (၄၁)၊ ဦးပိုင်အမှတ်(၅/က)၊ မြေဧရိယာ၀ဒသမ၁၂၂ဧကရှိ မြေကွက်ကို ဦးသိမ်းမောင် အမည်ဖြင့် (၁၃-၁၂-၂၀၁၄)ရက်ထိ (၁၅)နှစ်ဂရန်သက်တမ်းရရှိခဲ့ပြီး၊ (၂၁-၁၁-၂၀၁၀)ရက်တွင် ဦးသိမ်းမောင်ထံမှ ဦးသိန်းချစ်ကနှစ်ဦးသဘောတူအရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဦးပိုင်(၅/က-၂) မြေဧရိယာ၀ဒသမ၀၆၁ဧကရှိ မြေကွက်အပိုင်းကို (၂၈-၆-၂၀၁၃)ရက်တွင် ဦးသိန်းချစ်၏တရားဝင်ဇနီးဖြစ်သူ ဒေါ်ဟို့ရင်အား မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းကတိစာချုပ်ချုပ်ဆိုပေးကမ်းခဲ့ပြီး ဒေါ်ဟို့ရင် ၁/ဝမန(နိုင်)၀၆၆၂၅၂ အမည်ဖြင့် မြေငှားဂရန်ဦးပိုင်ခွဲ အမည်ပြောင်းရရှိရေးအတွက် (၂၀-၁၁-၂၀၁၅)ရက်စွဲပါ ကျမ်းကျိန်လွှာ အမှတ် (၄၇၅/၂၀၂၀)ကို (၂၅-၁၁-၂၀၁၅)ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ် (၂၀၇/၂၀၁၅)အဖြစ် မှတ်ပုံတင်ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာ ဖြင့်ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအားဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့် အညီ မြေငှားဂရန်ဦးပိုင်ခွဲ၊ အမည်ပြောင်းထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဥပုသ်တော်ရပ်ကွက်၊ အကွက်အမှတ်(၂၄)၊ ဦးပိုင်အမှတ်(၉)၊ ၈လမ်းxလမ်းသစ်လမ်း၊ ၇၃x၇၆လမ်းကြားရှိ ကိုရင်လေးအမည်ပေါက် ဂရန်မြေကွက်အား ကိုရင်လေးနှင့်ဇနီးဒေါ်နန်းယူတို့သည် သား၊သမီးထွန်းကားခြင်းမရှိဘဲ ကွယ်လွန်၍ အစ်မဖြစ်သူ ဒေါ်နန်းမူ(ခ)ဒေါ်မူမှ အမွေဆက်ခံခဲ့ပြီး (ဖခင်)ဦးဝင့် (ခ)ဦးဝင်း (မိခင်)ဒေါ်နန်းမူ(ခ)ဒေါ်မူ၊ (သမီး)ဒေါ်အုံးကြည်၊ (သား)ဦးလှကျော်တို့ အသီးသီးကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၂၄၀၁/၂၀၁၅)ဖြင့် ဦးဘို၊ ဒေါ်တုတ်တုတ်(ခ)ဒေါ်တုပ်၊ ဦးသိန်းထွန်းတို့မှ အမွေဆက်ခံခဲ့ပါသည်။ ဦးဘို၊ ဒေါ်တုတ်တုတ်(ခ)ဒေါ်တုပ်၊ ဒေါ်သန်းသန်းဝေ၊ ဦးသိန်းထွန်း၊ ဒေါ်လှဝင်း၊ ဦးသန်းထိုက်(လူပျိုဘဝ)တို့ အသီးသီးကွယ်လွန်၍ ကျန်ရစ်သူသား၊သမီးများဖြစ်သော ဒေါ်မြင့်မြင့် ၉/မနမ(နိုင်)၀၂၃၀၂၅၊ ဦးထွန်းမြင့် ၉/မနမ(နိုင်)၀၁၃၁၅၉၊ ဒေါ်ကြည်ကြည်(ခ)မကြည် ၉/မနမ(နိုင်)၀၁၃၃၇၈၊ ဒေါ်ခင်စိန်ဝင်း ၉/မနမ(နိုင်)၀၁၉၇၃၅၊ ဒေါ်တင်စိန်ဝင်း ၉/မနမ(နိုင်)၀၁၉၆၆၄၊ ဒေါ်ဝေဝေ(ခ)ရင်ရင်ဝေ ၉/မနမ(နိုင်) ၀၅၃၆၃၀၊ ဒေါ်ခင်ခင်ဝေ ၉/မနမ(နိုင်)၀၁၉၇၅၀၊ ဦးထွေးလှိုင် ၈/မကန(နိုင်)၁၀၄၅၈၂၊ ဒေါ်စမ်းစမ်းဝေ(ခ)စမ်းစမ်းဝင်း ၉/မနမ(နိုင်)၀၁၉၆၇၇၊ ဒေါ်အေးအေးစမ်း ၉/မနမ(နိုင်) ၁၀၀၅၇၃၊ ဒေါ်တင်တင်ထွေး ၉/မနမ(နိုင်)၁၀၈၁၂၇၊ ဦးဝင်းမင်းသန်း ၉/မနမ(နိုင်)၁၀၁၅၂၀၊ ဦးအောင်မြင့် ၉/အမဇ(နိုင်)၀၇၂၀၆၁၊ ဒေါ်ခင်မာချို ၉/မမန(နိုင်)၀၃၁၈၈၄၊ ဒေါ်ဝင်းမြိုင် ၉/မနမ(နိုင်)၀၁၉၇၉၇၊ ဦးမြင့်သူ ၉/မနမ(နိုင်)၁၀၀၈၈၀၊ ဒေါ်သူဇာရွှေ ၉/မနမ(နိုင်)၁၀၀၉၀၈၊ ဦးအောင်းစိုးမိုး ၉/မနမ(နိုင်)၁၀၀၈၈၁ တို့က ဂရန်စာချုပ်မူရင်းပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်၊ သေစာရင်းတို့တင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်နှင့် ခဲစင်းပြစ္စန့်လွှတ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၉ယ/၉၉၈၉ Yin Xiang 125 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းနန္ဒာအောင် ၁၃/လရန(နိုင်)၁၇၁၇၃၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ဇန်းမော်)၊ ဇန်းမော်မြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်ဝင်း
### အသက် (၉၃)နှစ်

ပဲခူးတိုင်းဒေသကြီး၊ စည်ပင်သာယာရေးအဖွဲ့၊ ညွှန်ကြားရေးမှူး ဦးအောင်မြင့်-ဒေါ်သန္တာဝင်းတို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်ခင်ဝင်းသည် ၃၁-၇-၂၀၂၀ရက် (သောကြာနေ့) ည ၈နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့နှင့်**
**မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ**

---

## ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ညွှန့်ညွှန့်(ကျောင်းကုန်း)
### အသက် (၈၅)နှစ်

သန်လျင်မြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်ချိုချိုလွင်၏ ကျေးဇူးရှင်မိခင် ဒေါ်ညွှန့်ညွှန့်သည် ၃၀-၇-၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲ ရပါသည်။

**အထူးကုဆရာဝန်ကြီးများ၊ ဒု-ဆေးရုံအုပ်၊ ဆရာဝန်များ၊**
**သူနာပြုများနှင့် ဝန်ထမ်းမိသားစုများ**
**သန်လျင်အထွေထွေရောဂါကုဆေးရုံကြီး**

---

## ဦးမျိုးခိုင်(အထွေထွေမန်နေဂျာ-မြဝတီခရီးသွား-ငြိမ်း)
### (စစစ-ငြိမ်း)
### အသက် (၆၉)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းအရှေ့ (၁)လမ်း၊ တောင်ဘက် အမှတ် (၃၃၃)နေ (ဦးစံရင်-ဒေါ်ချစ်စိန်)တို့၏သား၊ ကျိုက်ထိုမြို့၊ ဗိုလ်ချုပ်လမ်း၊ စည်ပင်သာယာရုံးရှေ့နေ (ဦးစိန်ဟုတ်-ဒေါ်ကျင်တီ(ခ)ဒေါ်ကလယ်)တို့၏သားသမက်၊ ဒေါ်ခင်အေးလွင် [အထက (၆)မန်း၊ အထက (၂) ကျိုက်ထို (လယ်-ငြိမ်း)]၏ခင်ပွန်း၊ ဦးကျော်အေး(အရှင်ကဝိန္ဒ)-ဒေါ်ညွှန့်ညွှန့်ဝေတို့၏ညီမောင်၊ မောင်ကျော်ဇင်ညွှန့်-မဂျူလိုင်ကောင်းတို့၏ဦးလေး၊ ဦးသောင်းလွင်-ဒေါ်နုနုရီ၊ ဒေါ်မြမြခိုင်တို့၏အစ်ကို၊ မောင်ရန်နောင်၊ မဟန်မြတ်ဇင်၊ မနှင်းနုလွင်တို့၏ဘိုးဘိုးကြီးသည် ၁-၈-၂၀၂၀ရက် (စနေနေ့) နံနက် ၈ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ယင်းနေ့နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု (ရန်ကုန်)**

---

## ဦးမျိုးခိုင်
### (အထွေထွေမန်နေဂျာ-မြဝတီခရီးသွား)(ငြိမ်း)
### (စစစ-ငြိမ်း)
### အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းအရှေ့(၁)လမ်း၊တောင်ဘက် အမှတ် ၃၃၃နေ (ဦးစံရင်-ဒေါ် ချစ်စိန်)တို့၏သား၊ ကျိုက်ထိုမြို့၊ ဗိုလ်ချုပ်လမ်း၊ စည်ပင်သာယာရုံးရှေ့နေ [ဦးစိန်ဟုတ်-ဒေါ်ကျင်တီ(ခ)ဒေါ်ကလယ်] တို့၏ သားသမက်၊ ဦးကြည်လွင်-ဒေါ်မြင့်မြင့်စိုး၊ ဦး သက်ဦးရှိန်(ဒု-ညွှန်၊ စည်ပင်-ငြိမ်း)-ဒေါ်မာမာလွင်၊ ဒေါ်ငွေးငွေးလွင်၊ ဒေါ်ပိုပိုလွင် တို့၏အစ်ကို၊ မနွေးနွေးခိုင်၊ မောင်ဝင်းသန့်ခိုင်တို့၏ ဘကြီး၊ ဒေါ်ခင်အေးလွင်(အထက-၆၊ မန်း၊ အထက-၂၊ ကျိုက်ထို၊ လယ်-ငြိမ်း)၏ခင်ပွန်းသည် ၁-၈-၂၀၂၀ရက် (စနေနေ့)နံနက် ၈နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြား အပ်ပါသည်။

**ကျန်ရစ်သူမိသားစု(ကျိုက်ထို)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးကိုကိုအောင်(Cafe's Dibar)
### အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဓမ္မစေတီလမ်းနေ (ဦးမောင်စိန်)-ဒေါ်ရင်ရင်မြ တို့၏သား ဦးကိုကိုအောင်သည် ၂၈-၇-၂၀၂၀ ရက်(အင်္ဂါနေ့) ညစနာရီတွင် နေပြည်တော်၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Top Home- Made Foodstuff Trading Co.,Ltd**

---

## သင့်သွေးဖြင့် အသက်ကယ်ပါ

---

## ဝမ်းနည်းကြေကွဲခြင်း

မြန်မာသံရုံး၊ လန်ဒန်မြို့မှ ဒုတိယအတွင်းဝန် ဦးကျော်မြင့်-ဒေါ်ခင်ကြိုင်တို့၏ကျေးဇူးရှင်မိခင်ကြီး ဒေါ်တင်သန်း အသက် (၇၆)နှစ် သည် ၃၁-၇-၂၀၂၀ရက် (သောကြာနေ့) ည ၇:၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန် သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ ဒေါ်တင်သန်းကောင်းရာသုဂတိ ရောက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**မြန်မာသံရုံးမိသားစု**
**လန်ဒန်မြို့**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ညွှန့်ညွှန့်(ကျောင်းကုန်း)
### အသက်(၈၅)နှစ်

သန်လျင်မြို့၊ ပဲခူးစုရပ်ကွက်၊ အထွေထွေရောဂါကုဆေးရုံကြီးဝင်းနေ ဦးကျော်ကျော်အောင်(ဒုတိယ ညွှန်ကြားရေးမှူး၊ ပဲခူးတိုင်းဒေသကြီး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဌာန)-ဒေါက်တာချိုချိုလွင် (ဆေးရုံအုပ်ကြီး၊ သန်လျင် အထွေထွေ ရောဂါ ကုဆေးရုံကြီး)တို့၏ ကျေးဇူးရှင်မွေးသမိခင်သည် ၃၀-၇-၂၀၂၀ရက် (ကြာသပတေးနေ့) ညနေ ၅:၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**သီရိသုခမ္မမဏိဇောတဓရ ဦးဇော်ဝင်းနှင့် မိသားစု**
**ဇော်ထက်ပိုင်အင်ဂျင်နီယာနှင့်ဆောက်လုပ်ရေးအုပ်စုကုမ္ပဏီလီမိတက်**
**ချမ်းမြေ့မေတ္တာအထွေထွေ ရောဂါကုဆေးရုံ(သန်လျင်)**

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးကြည်ဝင်း
### ညွှန်ကြားရေးမှူး(ငြိမ်း)၊အကျဉ်းဦးစီးဌာန
### Managing Director (Royal Granite Mining Co.,Ltd)
### ဗဟိုအလုပ်အမှုဆောင် (မြန်မာနိုင်ငံကျောက်ထုတ် လုပ်ငန်းရှင်များအသင်း)
### အတွင်းရေးမှူး(အထက်မြန်မာပြည်ကျောက်ထုတ် လုပ်ငန်းရှင်များအသင်း)
### အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ ထန်းပင်ကုန်း၊ နှင်းဆီလမ်း၊ အမှတ် (၂၁၆/E)နေ (ဦးဘိုးစိုး-ဒေါ်ငွေရှင်) တို့၏သား၊ (ဒေါ်သန်းမြင့်)၏ခင်ပွန်း၊ မဇင်ယမုံမျိုး(MAI)၊ မောင်သန့်နေလင်း(IT Engineer at SSMC )Singapore၊ မောင်ရာပြည့် [ Bachelor in Mechanical Engineering (Hons) Conventry University]၊ မပန်းမဥ္ဇူမျိုး၊ မောင်အောင်ကမ္ဘာမိုး(Third Geor ) မော်လမြိုင်တက္ကသိုလ်၊ မောင်ဟိန်းထိုက်စံ၊ မောင်ဟိန်းတေဇ(Grade 11 CC )(အထက-၂) မင်္ဂလာဒုံ၊ မောင်မင်းဟိန်းခန့်၊ မရတီလင်းလက်တို့၏ အဘိုးသည် ၃၁-၇-၂၀၂၀ရက် (သောကြာနေ့) ည ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၈-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက်၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။ နေအိမ်မှကားများ နံနက် ၉:၃၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးကြည်ဝင်း
### ညွှန်ကြားရေးမှူး(ငြိမ်း)၊အကျဉ်းဦးစီးဌာန
### Managing Director (Royal Granite Mining Co.,Ltd
### ဗဟိုအလုပ်အမှုဆောင် (မြန်မာနိုင်ငံကျောက်ထုတ် လုပ်ငန်းရှင်များအသင်း)
### အတွင်းရေးမှူး (အထက်မြန်မာပြည်ကျောက်ထုတ် လုပ်ငန်းရှင်များအသင်း)
### အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ ထန်းပင်ကုန်း၊ နှင်းဆီလမ်း၊ အမှတ် (၂၁၆/E)နေ (ဦးဘိုးစိုး-ဒေါ်ငွေရှင်) တို့၏သား၊ (ဒေါ်သန်းမြင့်)၏ခင်ပွန်း၊ ဦးမျိုးမင်းသန်း-ဒေါ်ရွှေဇင်ဝင်း၊ ဦးနေလင်းစိုး-ဒေါ်ခင်ချိုဝင်း၊ ဦးဝင်းမင်းသန်း-ဒေါ်သီတာဦး၊ ဒေါ်ဆုမွန်ဝင်း(Cost Accounting Manager, Myanmar National Airlines)၊ ဦးဝင်းမင်းထွေး-ဒေါ်ရွှေဇင်ဝင်းတို့၏ ဖခင်၊ မြေးကိုး ယောက် တို့၏ အဘိုးသည် ၃၁-၇-၂၀၂၀ရက် (သောကြာနေ့) ည ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၈-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက်၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၉:၃၀နာရီတွင်ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဦးမောင်စံထွန်း(ခ)ဦးဘူလ
### ရပ်ကွက် (၃)၊ ပေါက်တောမြို့
### အသက် (၆၆)နှစ်

ရခိုင်ပြည်နယ် သမဝါယမအသင်းစုချုပ်(လီမိတက်)၏ မြတ်သဇင် အသေးစားချေးငွေလုပ်ငန်း (M.F) (ပေါက်တော) လုပ်ငန်းခွဲတာဝန်ခံ ဒေါ်စောယုထွန်း(အငယ်တန်းစာရေး)၏ဖခင် ဦးမောင်စံထွန်း(ခ) ဦးဘူလသည် ၃၁-၇-၂၀၂၀ရက် နံနက် ၂:၁၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရခိုင်ပြည်နယ်သမဝါယမအသင်းစုချုပ်(လီမိတက်)**
**ဒါရိုက်တာနှင့် ဝန်ထမ်းများ**

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သန်းသန်း
### အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွကုန်းငွေးကြွယ်(က)ရပ်ကွက်၊ သမိန်ဗရမ်းလမ်း၊ အမှတ် ၄၈(သုံးလွှာ)နေ (ဦးအုံး-ဒေါ်ကျင်ဥ)၊(ဦးနီ-ဒေါ်သိန်းရွှေ)တို့၏ သမီး၊ (ဦးလှငွေး)၏ဇနီး၊ ကိုရဲဒိုး-မသီရိဆွေ၊ ကိုကျော်ဖြိုးဆွေ- မဖြူဖြူအောင်၊ ကိုမျိုးဇော်အောင်-မအိမွန်ဆွေတို့၏ မိခင်၊ မသွန်းသဒ္ဒါဆွေ၏ အဘွားသည် ၁-၈-၂၀၂၀ရက် နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၈-၂၀၂၀ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။

(နေအိမ်မှကားများ နံနက် ၁၁နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၇-၈-၂၀၂၀ရက်(သောကြာနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဆရာတော် ဘဒ္ဒန္တနန္ဒဝံသ
### (အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ)
### သက်တော်(၈၉)နှစ်၊ သိက္ခာတော်(၆၈)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ မင်္ဂလာသုခ ပါဠိတက္ကသိုလ်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက လဇ္ဇီပေသလ၊ သိက္ခာကာမ၊ ဝိနယဂရုက ဖြစ်တော်မူသော ဆရာတော် ဘဒ္ဒန္တနန္ဒဝံသ သည် ၁၃၈၂ခု၊ ဒုတိယဝါဆိုလဆန်း(၁၃)ရက်၊ ၁-၈-၂၀၂၀ရက် (စနေနေ့) နေ့လယ် ၁:၄၅ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၃၈၂ခု၊ ဒုတိယဝါဆိုလဆုတ်(၄)ရက်၊ ၇-၈-၂၀၂၀ရက် (သောကြာနေ့) မွန်းလွဲ ၃ နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိစျာပနသာဓုကီဠနပူဇာသဘင် ကျင်းပမည်ဖြစ်ပါသောကြောင့် ရပ်ဝေးရပ်နီးမှ တပည့် သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

(မင်္ဂလာသုခ ပါဠိတက္ကသိုလ်ကျောင်းတိုက်မှကားများ နေ့လယ် ၁ နာရီတွင် ထွက်ခွာပါမည်။)

**မင်္ဂလာသုခ ပါဠိတက္ကသိုလ်ကျောင်းတိုက်**
**တပည့် သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများ**

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
## ဦးလှသိန်း အသက် (၈၆)နှစ်

(ဦးသာဟန်-ဒေါ်နှင်းငွေ)တို့၏သား၊ (ဦးစံမြ-ဒေါ်အုန်းစိန်)တို့၏သားသမက်၊ ဒေါ်ကြည်ကြည်မြင့်၊ ဦးမြင့်ကျော်-ဒေါ်ခင် ငွေးမြင့်၊ (ဒေါ်ခင်ငွေးရီ)၊ ဦးကိုကိုတိုးလွင်သော်(ကထိက၊ သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်)-ဒေါက်တာ ဒေါ်သေနု့(ကထိက၊ သမိုင်းဌာန၊ ဒဂုံတက္ကသိုလ်)၊ ဗိုလ်မှူးချုပ်ဇော်မိုးလွင်-ဒေါ်ဆွေဇင်သန့်တို့၏ကျွေးသဖခင်၊ (မောင်ကျော်ဘိုဘိုထွဋ်)၊ မောင်တိုးကိုကိုဝင်း - မခင်သူဇာကျော်၊ မောင်မင်းစစ်သွေးတို့၏အဘိုး၊ မောင်ဇင်ကိုလတ်၏ဘိုးဘိုးကြီး၊ (ဒေါ်ခင်ကြည်) ၏ခင်ပွန်း ဦးလှသိန်း အသက်(၈၆)နှစ် သည် ၃၁-၇-၂၀၂၀ ရက် (သောကြာနေ့) နံနက် ၇:၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၈-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၆-၈-၂၀၂၀ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အင်းစိန်မြို့နယ်၊ ဖော့ကန် ရပ်ကွက်၊ ရဲဘော် (၁)လမ်း၊ အမှတ် (၁၁၇၉) (ဦးလှသိန်း)၏နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဒေါ်နန်းမယ်ပု
### အသက် (၇၅)နှစ်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ (၂၄)ရပ်ကွက်၊ ရေနံ့သာလမ်း၊ နီလာလမ်းသွယ်၊ တိုက် ၁၁၆/အခန်း(၂) နေ (ဦးတင့်ဝေ)၏ဇနီး၊ ဦးတင်အောင်လင်း-ဒေါ်မေနွယ်ခိုင်၊ ဦးစောမင်းသိန်းထူး-ဒေါ်နော်နုယဉ်တို့၏မိခင်၊ မောင်စောခနအောင်၊ မမေသရ ဖီဖွေး၊ မနော်သဲဆုမင်းတို့၏အဘွားသည် ၃၁-၇-၂၀၂၀ရက် (သောကြာနေ့) ည ၉:၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၈-၂၀၂၀ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၁၁:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၆-၈-၂၀၂၀ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ရက် လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ကန်၊ လမ်းဒါယိကာမကြီး
## ဒေါ်နန်းထွမ်းရင်
### ဒု-ညွှန်မှူး(ငွေ)(ငြိမ်း)
### အမှတ် (၁) သတ္တုတွင်းဝန်ကြီးဌာန
### အသက် (၇၅)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၄၆လမ်း၊ အမှတ် (၅၀)၊ ပထမထပ်(ယာ)နေ (ဦးထွန်းလှ-ဒေါ်ငင်းရွက်)တို့၏သမီး၊ (ဦးစံထွန်း-ဒေါ်အုံး)တို့၏သမီးချွေးမ၊ ဦးကျင်လွင်၏ဇနီး၊ ကိုစိုးမိုးလွင်၊ ဒေါက်တာမျိုးမင်း-ဒေါက်တာ ခင်စန္ဒာထွန်း၊ ဒေါက်တာ ဇော်သန့်လွင်တို့၏ချစ်လှစွာသော မိခင်သည် ၁-၈-၂၀၂၀ရက် (စနေနေ့) နံနက် ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၈-၂၀၂၀ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၇-၈-၂၀၂၀ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ညွှန်ကြားရေးမှူး(ငြိမ်း) (အကျဉ်းဦးစီးဌာန)
## ဦးကြည်ဝင်း
### အသက် (၇၁)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ထန်းပင်ကုန်းရပ်ကွက်၊ နှင်းဆီလမ်း၊ အမှတ် (၂၁၆/စီ)နေ (ဒေါ်သန်းမြင့်)၏ခင်ပွန်း၊ သား/သမီး ငါးယောက်တို့၏ဖခင်၊ မြေး ရှစ်ယောက်တို့၏ အဘိုး ဦးကြည်ဝင်း ညွှန်ကြားရေးမှူး(ငြိမ်း) (အကျဉ်းဦးစီးဌာန)သည် ၃၁-၇-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

(ကောင်းရာသုဂတိလားပါစေ)

**ပြည်နယ်ဦးစီးမှူးနှင့် အရာထမ်း/အမှုထမ်း/**
**ဝန်ထမ်းမိသားစုများ**
**အကျဉ်းဦးစီးဌာန၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့**

---

## ဦးညီညီစိုး
### အသက်(၄၅)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၉) ရပ်ကွက်၊ ရတနာပုံ ၂လမ်း၊ အမှတ် ၁၂၁၁ နေ ဦးစန်းလွင်-ဒေါ်ခင်ငွေးတို့၏သား၊ (ဦးမြသန်း)-ဒေါ်ခင်ကြည် တို့၏သားသမက်၊ ဦးကျော်စိုး-(ဒေါ်သီတာထွန်း)တို့၏ညီ၊ ဦးတင်လင်းထိုက်-ဒေါ်ပွင့်ဝါစိုး၊ (ဦးနေမင်းစိုး)၊ (ဦးကောင်းထက်)တို့၏ အစ်ကို၊ မအေးချမ်းညီညီ(MNA)၏ ဖခင်၊ ဒေါက်တာငွေးငွေးမြင့်(လုပ်သားဆေးရုံအုပ်-ကျွန်းချောင်း) ၏ချစ်လှစွာသော ခင်ပွန်းသည် ၃၁-၇-၂၀၂၀ရက် (သောကြာနေ့) ည ၁၁:၅၅နာရီတွင် အထက်ပါ နေအိမ်၌ ကွယ်လွန်သွားပါ သဖြင့် ၂-၈-၂၀၂၀ရက်(တနင်္ဂနွေနေ့) ညနေ ၃:၃၀ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၆-၈-၂၀၂၀ ရက် (ကြာသပတေးနေ့)နံနက် ၆ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်းမပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်း မရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်း**
**ထိန်းသိမ်းရေး**
**ကြီးကြပ်မှုကော်မတီ**

---

## သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ

# ဂျပန်နိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့




နေပြည်တော် ဩဂုတ် ၁

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာန အနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်း၍ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဂျပန်နိုင်ငံတွင် အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေပြီး မြန်မာနိုင်ငံသို့ ပြန်ရန် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၇၂ ဦးအား Narita အပြည်ပြည်ဆိုင်ရာလေဆိပ်မှ All Nippon Airways (ANA)

စာမျက်နှာ ၁၈ ကော်လံ ၅ ✪

## သတင်းအညွှန်း

ကိုဗစ်-၁၉ အကျိုးသက်ရောက်မှုများကို ဆယ်စုနှစ်အတော်ကြာ ခံစားရမည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ပြော
စာမျက်နှာ - ၁၂

အီရတ်နိုင်ငံတွင် ရွေးကောက်ပွဲ စောစီးစွာ ကျင်းပမည့်နေ့ သတ်မှတ်သည်ကို ကုလကြိုဆို
စာမျက်နှာ - ၁၃

# တစ်နှစ်ခန့်ရပ်နားထားသည့် Yangon Water Bus လမ်းသစ်-ဆာပါချောင် လိုင်းသစ်ပြေးဆွဲ

ရန်ကုန် ဩဂုတ် ၁

Yangon Water Bus များကို ၂၀၁၉ ခုနှစ် စက်တင်ဘာလတွင် ခေတ္တရပ်နားခဲ့ပြီးနောက် စင်ကာပူမှ SAM Engineering ကုမ္ပဏီနှင့် ပူးပေါင်း၍ ပိုမိုကောင်းမွန်သည့် နည်းပညာများဖြင့် သင်္ဘောသစ်များကို တည်ဆောက်ကာ လမ်းသစ်-ဆာပါချောင်ခရီးစဉ်မှစ၍ ယခုနှစ် နှစ်ကုန်အထိ ခရီးစဉ်လေးကြောင်းကို မူလလက်မှတ်ခနှုန်းထားအတိုင်း ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း Yangon Water Bus ၏ ပိုင်ရှင် Tint Tint Myanmar Group of Companies ၏ ဥက္ကဋ္ဌက ယနေ့ ခရီးစဉ်ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည်။

"ပထမဆုံးဖွင့်တဲ့အနေနဲ့ လမ်းသစ်-ဆာပါချောင်ကို သင်္ဘောနှစ်စင်းနဲ့ပဲစတယ်။ ဒီဆိပ်ကမ်းပြီးရင် ဗိုလ်တထောင်တို့၊ အုံကြီးတို့၊ သမ္ဘတကမ်းခြေတို့ကို ပြေးဆွဲမယ်။ အခု လိုင်းသစ်ဖြစ်တဲ့အတွက် တစ်စင်းနဲ့စမယ်။ နောက်ဆိပ်ကမ်းတစ်ခုဖွင့်ရင် သင်္ဘောသစ်တစ်စင်းနဲ့ ပြန်စမယ်။ အစ်မတို့သင်္ဘောတွေက အဆင်သင့်ရှိပါတယ်။ အခု

စာမျက်နှာ ၇ ကော်လံ ၁ ◆




လမ်းသစ်-ဆာပါချောင် ပြေးဆွဲသည့် Yangon Water Bus ခရီးစဉ်မှ စီးနင်းလိုက်ပါလာသည့် ခရီးသည်များကို တွေ့ရစဉ်။



ဆန္ဒမဲပေးနိုင်ရေးအတွက် အမည်စာရင်းလာရောက်ကြည့်ရှုနေသူများကို တွေ့ရစဉ်။

# ရွှေပြည်သာမြို့နယ်တွင် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းများ ကြေညာထားရှိပြီး မဲဆန္ဒရှင်များ လာရောက်ကြည့်ရှု

ရန်ကုန် ဩဂုတ် ၁

၂၀၂၀ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် မဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင် အမည်စာရင်းများကို ရွှေပြည်သာမြို့နယ်ရှိ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲရုံး (၂၇) ရုံး၌ ဇူလိုင် ၂၅ရက်က စတင်၍ ထုတ်ပြန်ကြေညာထားရာ အမှတ်(၈) ရပ်ကွက်တွင် ဩဂုတ် ၁ ရက်အထိ စိတ်အားထက်သန်စွာ လာရောက်ကြည့်ရှုသူအိမ်ထောင်စုပေါင်း ၇၀၀ ကျော်ရှိပြီဖြစ်ကြောင်း ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးနေလင်းထံက သိရသည်။

"အမှတ်(၈ )ရပ်ကွက်မှာ မဲရုံငါးရုံ၊ ပထမအကြိမ် မဲဆန္ဒရှင်အမည်စာရင်းအရ ၁၄၅၉၁ ဦးရှိပါတယ်။ မဲစာရင်းမှာ အမည်ပါ မပါ လာကြည့်တဲ့ပြည်သူတွေကို အဆင်ပြေအောင် ကျွန်တော်တို့ကော်မရှင်အဖွဲ့က ကူညီရှာဖွေပေးခြင်း၊

စာမျက်နှာ ၁၅ ကော်လံ ၁ ❈

# ဟင်္သာတ၊ ဇလွန်နှင့် ဆိပ်သာမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ အထူးသတိပြုနေထိုင်ကြရန် အသိပေး

နေပြည်တော် ဩဂုတ် ၁

ယနေ့ နံနက် ၁၁ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့နယ်တွင် တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်သည်။

ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် တစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည်

စာမျက်နှာ ၁၀ ကော်လံ ၅ ❒

# ပြင်သစ်လိဂ်ဖလားကို ကိုးကြိမ်မြောက် ပီအက်စ်ဂျီ ဆွတ်ခူး

ပြင်သစ်ထိပ်တန်းကလပ် ပီအက်စ်ဂျီအသင်းသည် ဩဂုတ် ၁ ရက် နံနက်ပိုင်းက ပြင်သစ်လိဂ်ဖလား ဗိုလ်လုပွဲအဖြစ် လိုင်ယွန်အသင်းနှင့် ပဲရစ်ရှိ Stade de France အားကစားကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ ပယ်နယ်တီအဆုံးအဖြတ်တွင် ခြောက်ဂိုး-ငါးဂိုးဖြင့် လိုင်ယွန်အသင်းကို အနိုင်ရရှိပြီး ကိုးကြိမ်မြောက် ပြင်သစ်လိဂ်ဖလားကို ဆွတ်ခူးနိုင်ခဲ့သည်။ အဆိုပါပွဲစဉ်သည် သာမန်ပွဲချိန်အတွင်း ဂိုးမရှိ သရေကျနေ၍ အချိန်ပိုဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရသည်။ အချိန်ပိုတွင်လည်း တစ်ဖက်နှင့်တစ်ဖက် ဂိုးသွင်းယူနိုင်ခြင်းမရှိ၍ ပယ်နယ်တီအဆုံးအဖြတ်ခံယူခဲ့ရာ ပီအက်စ်ဂျီအသင်းက အနိုင်ရရှိခဲ့သည်။

ပီအက်စ်ဂျီအသင်းသည် ဇူလိုင် ၂၅ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် ပြင်သစ်ဖလားဗိုလ်လုပွဲတွင်လည်း စိန့်အက်တီယန်အသင်းကို ပထမပိုင်းပွဲကစားချိန်အတွင်း ရရှိခဲ့သော နေမာ၏ သွင်းဂိုးတစ်ဂိုးတည်းဖြင့် အနိုင်ရရှိခဲ့ပြီး (၁၃)ကြိမ်မြောက် ဆွတ်ခူးထားနိုင်ခဲ့သည်။ ထို့ကြောင့် လက်ရှိအချိန်တွင် ပီအက်စ်ဂျီအသင်းသည် လီဂူးဝမ်းအမှတ်ပေးဖလား၊ ပြင်သစ်ဖလားနှင့် ပြင်သစ်လိဂ်ဖလားတို့ကို ဆွတ်ခူးထားနိုင်သည်။ ယခုပွဲတွင် ပီအက်စ်ဂျီအသင်းသည် ဒဏ်ရာရရှိနေသည့် အမ်ဘတ်ပီမှလွဲ၍ အသင်း၏ အဓိက ကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာခဲ့သည်။ ဂိုးသမားနေရာတွင် နာဗက်စ်၊ ဆေးဗားလ်၊ ကာဇာဝါ၊ မာကွင်ဟို၊ ဒီမာရီယာ၊ ဗာရက်တီ၊ နေမာ၊ အီကာဒီ စသည့်ကစားသမားများကို အသုံးပြုကာ လိုင်ယွန်အသင်းကို ယှဉ်ပြိုင်ကစားစေခဲ့သည်။ လိုင်ယွန်အသင်းကလည်း အသင်း၏ အတောင့်တင်းဆုံးပုံစံဖြစ်သည့် လုစ်၊ မာဆယ်လို၊ ဒူဘော့စ်၊ ဒီနေယာ၊ ဒီပေး၊ ကော်နက်၊ ဒမ်ဘီလီတို့ကို အသုံးပြုကာ ပီအက်စ်ဂျီအသင်းကို ရင်ဆိုင်ယှဉ်ပြိုင်ကစားခဲ့သည်။

ပွဲကစားချိန် ၁၁၉ မိနစ်တွင် လိုင်ယွန်အသင်းမှ ရာဖေး၊ ပီအက်စ်ဂျီအသင်းမှ ဒီမာရီယာကို

စာမျက်နှာ ၁၁ ကော်လံ ၁ ❍